မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၂)
အမှတ် (၁၅၄)

၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်

၂၀၁၃ ခုနှစ်၊ မတ် ၃ ရက်၊ တနင်္ဂနွေနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘူလ်ဂေးရီးယားသမ္မတထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပို့

နေပြည်တော် မတ် ၃

၂၀၁၃ခုနှစ် မတ် ၃ ရက်တွင် ကျရောက်သော ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ရိုဇန်၊ ပလန်နီလိပ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

စီးပွားရေးဖွံ့ဖြိုးရန် နိုင်ငံတကာမှ အရင်းအနှီးနှင့်နည်းပညာအကူအညီများ ရရှိရန်လို မြန်မာနိုင်ငံအပေါ် တင်ရှိနေသည့် ကြွေးမြီများ၏ ၅၀ ရာခိုင်နှုန်းကို ပယ်ဖျက်ပေးခဲ့

နေပြည်တော် မတ် ၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့သည် မတ် ၁ ရက် နံနက်ပိုင်းတွင် နော်ဝေနိုင်ငံ အော်စလိုမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၅၅ မိနစ်တွင် ဖင်လန်သမ္မတနိုင်ငံ ဟယ်လ်စင်ကီမြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား ဖင်လန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးနွယ်၊ မြန်မာနိုင်ငံဆိုင်ရာ ဖင်လန်နိုင်ငံသံအမတ်ကြီး Ms.Sirpa Maenpaa၊ ဖင်လန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ဌာနအကြီးအကဲ Ms.Tiina Myllyntausta နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

နိုင်ငံတော်သမ္မတသည် မွန်းလွဲ ၁ နာရီတွင် ဟယ်လ်စင်ကီမြို့ရှိ သမ္မတအိမ်တော်သို့ ရောက်ရှိရာ ဖင်လန်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Sauli Niinisto က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ❒

မြန်မာနှင့်ဖင်လန် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များ ဖင်လန်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Sauli Niinisto နှင့်အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

မြန်မာ့သစ်များ အီးယူသို့ပို့မည်

မြင့်မောင်စိုး–ရေးသည်

နေပြည်တော် မတ် ၂

အီးယူမှ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် မြန်မာ့သစ်အီးယူတင်ပို့နိုင်ရေး သဘောတူစာချုပ်တစ်ရပ် မချုပ်ဆိုမီ မြန်မာ့သစ်လုပ်ငန်းနှင့် ညှိနှိုင်းဆောင်ရွက်ရန် ယခုလအတွင်း လာရောက်လိမ့်မည် ဖြစ်ကြောင်း၊ ယခုနှစ် ဇွန်လတွင် မြန်မာ့သစ်များ အီးယူသို့တင်ပို့ရန် မျှော်လင့်ရကြောင်း သစ်တင်ပို့ရောင်းချသူများက ပြောကြားသည်။

သစ်ကုန်သည်များ အနေဖြင့် အီးယူက ကျေနပ်မှုရစေရန် လိုအပ်ချက်များ ဖြည့်ဆည်းပေးဖို့လိုအပ်လိမ့်မည် ဖြစ်ကြောင်း မြန်မာ့သစ်ကုန်သည်များ အသင်း အထွေထွေအတွင်းရေးမှူးက ပြောကြားသည်။

"မြန်မာ့သစ်နှင့် သစ်တောထွက်ပစ္စည်းများကို တင်ပို့ရောင်းချခြင်း မပြုမီ တရားဝင်ထုတ်ကုန်ပစ္စည်းများ ဖြစ်ကြောင်း အာမခံချက်ပေးနိုင်ရပါမယ်" ဟု မြန်မာ့သစ်ကုန်သည်များ အသင်းမှ ဦးဇော်ဝင်းကပြောသည်။

သို့သော်လည်း မြန်မာနိုင်ငံမှ သစ်များပြည်ပသို့ တင်ပို့ရောင်းချရာတွင် ၂၀၁၄ ခုနှစ်မှစပြီး သစ်များကို အလုံးလိုက်တင်ပို့ရောင်းချခြင်း မပြုတော့ကြောင်းမကြာမီက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးဌာနက ကြေညာထားသည်။

လောလောဆယ် မြန်မာနိုင်ငံမှ သစ်များကို အိန္ဒိယ၊ တရုတ်၊ ထိုင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးဌာန၏ ယာယီခွင့်ပြုချက်လက်မှတ်ဖြင့် တင်ပို့လျက်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံမှသစ်များကို ပြည်ပတင်ပို့ရာတွင် သစ်များအလုံးလိုက်သော်လည်းကောင်း၊ ကုန်ချောထုတ်ကုန်များကိုလည်းကောင်း တင်ပို့လျက်ရှိသည်။ (မြန်မာ့အလင်း)

သ တင်း မာ တိ ကာ

အဆင့်မီနိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများနှင့် အလားအလာရှိသော လူငယ်မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ချက်နှင့် ကျင်းပပြုလုပ်ခြင်းဖြစ် *ခေါင်းကြီး* စာ – ၂

မြန်မာဝတ်စုံနှင့် မြန်မာ့ရိုးရာအစားအစာကို ချစ်မြတ်နိုးသည့် ကိုရီးယားမင်းသမီး စာ –၁၁

အကောင်းဆုံး နည်းပြနှင့် ဘောလုံးသမားဆု ဘိုအာ့စ်နှင့် ဂါရက်ဘေးလ်ဆွတ်ခူး စာ –၁၄

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မျိုးဆက်သစ်အားကစားသမားများပျိုးထောင်

မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးကို နိုင်ငံတော်က ဘက်ပေါင်းစုံမှ တွန်းအားပေးဆောင်ရွက်လျက်ရှိပြီး အရှေ့တောင်အာရှအားကစားပွဲအပါအဝင် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေးအတွက် လေ့ကျင့်ပြုစု ပျိုးထောင်ပေးလျက်ရှိသည်။ နိုင်ငံတစ်နိုင်ငံ၏ အားကစားတိုးတက်အောင်မြင်ရေးသည် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ပေသည်။

အားကစားသမားများကို မွေးမြူဖော်ထုတ်ရာတွင် မျိုးဆက်သစ်လူငယ်လေးများကို ငယ်ရွယ်စဉ်အချိန်မှအစပြုပြီး ပြုစုပျိုးထောင်ပေးခြင်းဖြင့် အရည်အချင်းပြည့်ဝသည့် အားကစားသမားများ စဉ်ဆက်မပြတ် ပေါ်ထွက်လာမည်ဖြစ်သည်။

ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ဖေဖော်ဝါရီ ၂၈ ရက်က ကျင်းပခဲ့သည်။ ယင်းအားကစားပြိုင်ပွဲကြီးသည် ၂၀၁၃ခုနှစ်တွင် နေပြည်တော်၌ ကျင်းပပြုလုပ်မည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးကို အထောက်အကူဖြစ်စေရန်၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိစေရေးနှင့် နိုင်ငံတော်အားကစားအဆင့်အတန်းတိုးတက်မြင့်မားမှုကို ပြသနိုင်ရေးတို့အတွက် အထောက်အကူဖြစ်စေရန်နှင့် အဆင့်မီနိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများနှင့် အလားအလာရှိသော လူငယ်မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ချက်နှင့် ကျင်းပပြုလုပ်ခြင်းဖြစ်သည်။

အားကစားသည် နိုင်ငံသားများ၏ ကိုယ်ကျင့်တရား၊ စည်းကမ်းကောင်းမွန်မှုနှင့် အခက်အခဲများကို ရင်ဆိုင်ယှဉ်ပြိုင်အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်တို့ဖြင့် ထုထောင်ပေးနိုင်သော အခြေခံ အုတ်မြစ်ဖြစ်သည်။

အဆင့်မီနိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများနှင့် လူငယ်မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာရေးအတွက် အရည်အချင်းပြည့်ဝသည့် အားကစားသမားများကို မွေးထုတ်ရာ၌ ရှက်ပုန်းသီး အားကစားသမားများကိုလည်း ဖော်ထုတ်၍ ပြုစုပျိုးထောင်ပေးရမည်ဖြစ်သည်။ အားကစားတိုးတက်အောင်မြင်ရေးသည် ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်ပြီး ယခုရေတွင်းတူး ယခုရေကြည်သောက်၍မရသည့်အတွက် လူငယ်လူရွယ်လေးများစုဝေးရာ ကျောင်းများမှအစပြုပြီး ကျောင်းအားကစားပြိုင်ပွဲများမှသည် ရှက်ပုန်းသီး အားကစားသမားလေးများကိုဖော်ထုတ်၍ အားကစားနှင့် ပညာရေး ပေါင်းစပ်ဆောင်ရွက်သွားခြင်းဖြင့် ထူးချွန်သည့် မျိုးဆက်သစ်အားကစားသမားများရရှိနိုင်မည်ဖြစ်သည်။ မြန်မာ့အားကစားတိုးတက်မြင့်မားရန်အတွက် ရေတိုရေရှည်လုပ်ငန်းဆောင်ရွက်ချက်များချမှတ်၍ အကောင်အထည်ဖော်သွားခြင်းဖြင့် မြန်မာ့အားကစားအဆင့်မြင့်မား တိုးတက်လာမည်ဖြစ်ပါသည်။

မြန်မာ့အားကစား ပြန်လည်ဦးမော့တိုးတက်လာနိုင်ရေးအတွက် ယခုကျင်းပလျက်ရှိသည့် ပြည်ထောင်စုအားကစားပြိုင်ပွဲကြီးသည် (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတွင် နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားမှုကို ပြသနိုင်ရန်အတွက် တွန်းအားပေး အထောက်အကူပြုနိုင်မည်ဟု ယုံကြည်မိပါကြောင်း။ ။

ပြည်တွင်းသတင်း

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေများ ထုတ်ချေးပေး

နေပြည်တော် မတ် ၂

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးစိန်မောင်း၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်၊ သမဝါယမနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၂၅ ရက်တွင် ပုလဲရတနာခန်းမ၌ ပုလဲမြို့နယ် ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အခြေခံသမဝါယမအသင်း တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့သည်။

တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် သမဝါယမဝန်ကြီးဌာနက ချေးငွေများဆောင်ရွက်ပေးနေမှုအခြေအနေ၊ ဒေသဖွံ့ဖြိုးရေးအတွက် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်ရေး၊ စာသင်ကြားမှုအတွက် လိုအပ်သော ဗလာစာအုပ်၊ ခဲတံ၊ ကျောင်းသုံးစာအုပ်များ ရရှိနိုင်ရေးနှင့် ဆရာ ဆရာမများ ပြည့်စုံရေး၊ ကျန်းမာရေးအတွက် အရန်သားဖွားဆရာမများ လေ့ကျင့်ပေးရေး၊ မြွေဆိပ်ဖြေဆေးများထားရှိနိုင်ရေး၊ နွေရာသီတွင် သောက်သုံးရေရရှိရေးကိစ္စများ၊ လမ်းပန်းဆက်သွယ်ရေးအတွက် ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ရေး၊ အသိပညာဗဟုသုတ တိုးပွားရေးအတွက် စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေး၊ ရွာသူရွာသားများ စာဖတ်ရှိန်မြှင့်တင်နိုင်ရေးကိစ္စများနှင့်ပတ်သက်၍ ကူညီဆောင်ရွက်ပေးမည့် အခြေအနေများ၊ ကျေးလက်ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် ကိစ္စများကို အသေးစိတ်ဆွေးနွေးမှာကြားသည်။

ထို့နောက် စစ်ရင်ကျေးရွာ၊ သပြေရည်ကျေးရွာနှင့် သပြေကုန်းကျေးရွာများတွင် စာကြည့်တိုက်များ ဆောက်လုပ်နိုင်ရေးအတွက် မတည်ငွေကျပ် ၁၀ သိန်းစီ စုစုပေါင်းငွေကျပ် သိန်း ၃၀ ကို ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ခေါသန္တီကျေးရွာနှင့် ညောင်ပင်သာကျေးရွာသို့ ရောက်ရှိရာ ခေါသန္တီကျေးရွာ ကျောင်းအုပ်ကြီး ဦးမြင့်ဝင်းက ခေါသန္တီကျေးရွာ မူလတန်းလွန်ကျောင်းဆောင် ဆောက်လုပ်နေမှု၊ စာသင်ကြားမှုတွင် ဆရာ၊ ကျောင်းသားအချိုး၊ မူလတန်းလွန်မှ အလယ်တန်းကျောင်းခွဲ အဆင့်တိုးမြှင့်ပေးနိုင်ရေးတို့ကိုလည်းကောင်း၊ ရပ်မိရပ်ဖ ဦးထွန်းဝင်းနှင့် ဦးချစ်မြင့်တို့က ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် ခေါသန္တီ-မင်းတိုင်ပင်ကျေးရွာ ရာသီမရွေး သွားလာနိုင်မည့် လမ်းဖောက်လုပ်ရေး အခြေအနေတို့ကိုလည်းကောင်း တင်ပြကြသည်။

တင်ပြချက်အပေါ် ပြည်ထောင်စုဝန်ကြီးက မူလတန်းလွန်ကျောင်းဆောက်လုပ်ရေးအတွက် ငွေကျပ် ၁၀ သိန်း၊ လမ်းဖောက်လုပ်ရေးအတွက် ငွေကျပ်ငါးသိန်း၊ စာကြည့်တိုက်များအတွက် စာအုပ် စာစောင်များနှင့် ပြည်သူများအတွက် လူသုံး အိမ်သုံးပစ္စည်းများလှူဒါန်းပြီး စက်၊ ကျွမ်းကျင်မှုနှင့် ထပ်မံလိုအပ်သော စက်သုံးဆီအကူအညီရရှိရေးအတွက် ဒေသအာဏာပိုင်များ၊ ဆည်မြောင်းဦးစီးဌာနတို့နှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သွားလာရေးလွယ်ကူစေရန် တံတားပြုပြင်ပေးရန်လိုအပ်

စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ စစ်ကိုင်းတိုင်းအားကစားကွင်းအရှေ့ဘက်ထောင့် (၄)လမ်းဆုံမှ သီတဂူသို့ သွားသောလမ်းနှင့် ဇေယျာရပ်ကွက်သို့သွားသောလမ်းဆုံတွင် ယခင်က ရေထွက်ပြွန်တပ်ထားသည့် တံတားတစ်ခုရှိသည်။ ထိုတံတားပေါ်မှ စစ်ကိုင်းမြို့ မြို့မဈေးကြီးနှင့် ရွှေမင်းဝံရပ်ကွက်အထိ ခရီးသည်များ ပို့ဆောင်ပြေးဆွဲပေးနေသည့် မြို့ပြည်သာမော်တော်ယာဉ်လိုင်း၏ ကားများနှင့် ယာဉ်ကြီး၊ ယာဉ်ငယ်များ၊ ရဟန်းရှင်လူများ နေ့စဉ် ဖြတ်သန်းသွားလာလျက်ရှိသည်။

၂၀၀၄ ခုနှစ် ဧရာဝတီတံတား (ရတနာပုံ) တည်ဆောက်စဉ်က တံတားကြီး ချဉ်းကပ်လမ်းခင်းရန်အတွက် ၁၀ ဘီးပါ မြေသယ်ယာဉ်ကြီးများ တံတားပေါ်မှ ဖြတ်သန်းသွားလာသဖြင့် တံတားခံနိုင်ဝန်မရှိ၍ တံတားအောက်မှ ရေထွက်ပေါက်ပြွန် ကျိုးပေါက်သွားသဖြင့် သက်ဆိုင်ရာမှ ရေထွက်ပေါက်ပြွန်ကို ပြန်မတပ်ဘဲ ပြွန်ပေါက်ကိုပိတ်၍ မြေဖို့လိုက်သည့်အတွက် ရပ်ကွက်နေပြည်သူများ သုံးစွဲသောရေများ ထွက်ပေါက်မရှိဘဲ လမ်းဘေးတွင် အိုင်ထွန်းနေ၍ ညစ်ညမ်းကာ မကောင်းသောအနံ့အသက်များ ထွက်နေသည်။ မကြာမီ မိုးရာသီရောက်လာပါက ရေများ လမ်းပေါ်သို့ ကျော်လာကာ လမ်းများပျက်စီးပြီး ယာဉ်နှင့်လူများ သွားလာရန် ခက်ခဲလျက်ရှိနေပါ၍ ရပ်ကွက်နေပြည်သူများ သွားလာရေးလွယ်ကူစေရန်နှင့် ညစ်ညမ်းရေကြောင့် ကျန်းမာရေးမထိခိုက်စေရေးအတွက် ရေစီးရေလာကောင်းစေရန် ပျက်စီးနေသော တံတားကို ပြန်လည်ပြုပြင်ပေးရန် ရပ်ကွက်နေပြည်သူများက လိုလားလျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။

ထင်သာမြင်သာ ပြုပြင်စရာ

(၁၃၇)

မျိုးစေ့ထုတ်လုပ်မှုနှင့် မျိုးစေ့သန့်စင်မှု နည်းပညာသင်တန်းပေး

နေပြည်တော် မတ် ၂

အာဆီယံနိုင်ငံများအတွင်း စိုက်ပျိုးရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ (Asean MAFF) ဂျပန်နိုင်ငံလယ်ယာ၊ သစ်တောနှင့် သားငါးဝန်ကြီးဌာနမှ ထောက်ပံ့မှုဖြင့် မျိုးစေ့ထုတ်လုပ်မှုနှင့် မျိုးစေ့သန့်စင်မှု နည်းပညာသင်တန်း ပညာပေးဝန်ထမ်း ၁၀ ဦးနှင့် တောင်သူလယ်သမား ၁၀ ဦး စုစုပေါင်း ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၂၅ ရက်မှစတင်၍ မြန်မာနိုင်ငံရေဆင်းသုတေသန၌ လေးရက် ကျင်းပမည်ဖြစ်ပြီး ဗီယက်နမ်နိုင်ငံ၌ ၁၀ ရက် စုစုပေါင်း ၁၄ ရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

ရှင်းလင်းပြသ

အဆိုပါ စိုက်ပျိုးရေးပညာပေးရေးညွှန်ကြားရေးမှူး ဦးနိုင်ကြည်ဝင်း ခေါင်းဆောင်သော သင်တန်းသား ၂၀ တို့သည် တပ်ကုန်းစိုက်ပျိုးရေးသုတေသနခြံတွင် အစေ့ထုတ်ပြောင်း၊ နေကြာ၊ မြေပဲ၊ ပဲတီစိမ်းသီးနှံများ၏ မျိုးစေ့ထုတ်လုပ်မှုနှင့် သန့်စင်မှုနည်းပညာကို ခြံမန်နေဂျာက လက်တွေ့ ရှင်းလင်းပြသခဲ့ကြောင်း သိရှိရသည်။**(ယာပုံ)**

ကျော်သူဝင်း(မြန်မာ့အလင်း)

❒ **ရှေ့ဖုံးမှ**

ထို့နောက် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို ကျင်းပရာ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဖင်လန်နိုင်ငံသမ္မတနှင့်အတူ နိုင်ငံခြားရေးဝန်ကြီး Mr. Erkki Tuomioja နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဖင်လန်နိုင်ငံသမ္မတက နှုတ်ခွန်းဆက်စကားပြောကြားရာ၌ မြန်မာနိုင်ငံမှ သမ္မတတစ်ဦးအနေဖြင့် ဖင်လန်နိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်လည်ပတ်သည့်အတွက် ကြိုဆိုပါကြောင်း၊ အဆွေတော်သမ္မတကြီးဦးဆောင်၍ မြန်မာနိုင်ငံတွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းများဆောင်ရွက်နေမှုကိုလည်း ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့် လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်ရေးလုပ်ငန်းများတွင် မိမိတို့က ပါဝင်ကူညီလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ပြန်လည်ပြောကြားရာတွင် မိမိတို့နှစ်နိုင်ငံသည် ပထဝီအနေအထားအရ များစွာဝေးကွာသော်လည်း နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို ၁၉၅၄ ခုနှစ်ကပင် စတင်ထူထောင်ခဲ့ရာ လာမည့်နှစ်တွင် နှစ်ပေါင်း(၆၀) ပြည့်တော့မည်ဖြစ်ပါကြောင်း၊ လွန်ခဲ့သည့်နှစ် (၂၀)ကာလအတွင်း မိမိတို့နှစ်နိုင်ငံ၌ ကျင့်သုံးခဲ့သည့် နိုင်ငံရေးစနစ်များ မတူညီမှုကြောင့် နှစ်နိုင်ငံဆက်ဆံရေးမှာ အလှမ်းဝေးခဲ့ရပါကြောင်း၊ ယခုအခါ မိမိတို့နိုင်ငံတွင်လည်း ဒီမိုကရေစီစနစ်ကျင့်သုံးနေပြီဖြစ်၍ နှစ်နိုင်ငံ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်တော့မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို ဖော်ဆောင်ရာ၌ နိုင်ငံရေးအဖွဲ့အစည်းအားလုံး နိုင်ငံရေးဖြစ်စဉ်တွင် ပါဝင်နိုင်စေရန်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရန်ဟူသော လုပ်ငန်းစဉ်နှစ်ရပ် ချမှတ်ဆောင်ရွက်နေပါကြောင်း၊ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်သည် စိန်ခေါ်မှုအများဆုံးလုပ်ငန်းစဉ်ဖြစ်ပြီး မိမိတို့အနေဖြင့် အပစ်အခတ်ရပ်စဲရေးအဆင့်မှ နိုင်ငံရေးအရဆွေးနွေးအဖြေရှာပြီး ထာဝစဉ်တည်တံ့မည့် ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံရေး ဆွေးနွေးမှုများကို မိမိတို့တိုင်းရင်းသားအချင်းချင်း ညှိနှိုင်းဆောင်ရွက်၍ ရသော်လည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စေတနာရှင်နိုင်ငံတစ်နိုင်ငံချင်းထံမှ အကူအညီများ ရယူရန် လိုအပ်ပါကြောင်း၊ အလားတူပင် စီးပွားရေးဖွံ့ဖြိုးရန်အတွက် နိုင်ငံတကာမှ အရင်းအနှီး၊ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အကူအညီများရရှိရန် လိုအပ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဖင်လန်နိုင်ငံသမ္မတက ပြန်လည်ဆွေးနွေးရာတွင် မိမိတို့အနေဖြင့် ပဲရစ်ကလပ် အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အားလျော်စွာ မြန်မာနိုင်ငံအပေါ်တင်ရှိနေသည့် ကြွေးမြီများ၏ ၅၀ ရာခိုင်နှုန်းကို ပယ်ဖျက်ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံဖွံ့ဖြိုးရေးအတွက် ယူရိုငွေ ၆ ဒသမ ၅သန်းကို အကူအညီ ပေးအပ်မည်ဖြစ်ပါကြောင်း၊ ထို့အပြင် ကောင်းမွန်သောအုပ်ချုပ်မှုစနစ် တည်ထောင်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းမှုတည်ဆောက်ရေးလုပ်ငန်းစဉ်များတွင်လည်း မိမိတို့ ပါဝင်ကူညီနိုင်ပါကြောင်းဖြင့် ပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နှင့် ဖင်လန်သမ္မတနိုင်ငံသမ္မတ H.E. Mr. Sauli Niinisto တို့ သတင်းစာရှင်းလင်းပွဲ ကျင်းပ၍ မီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားစဉ်။ (သတင်းစဉ်)

ပြည်တွင်းသတင်း

တွေ့ဆုံဆွေးနွေးပွဲ အပြီးတွင် နှစ်နိုင်ငံ ခေါင်းဆောင်များသည် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကျင်းပ၍ တွေ့ဆုံဆွေးနွေးခဲ့မှုများအား ရှင်းလင်းပြောကြားခဲ့ပြီး မီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား ဖင်လန်နိုင်ငံသမ္မတက ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

နိုင်ငံတော်သမ္မတသည် ညနေ ၄ နာရီတွင် ဖင်လန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့သွားရောက်၍ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင် ဖင်လန်နိုင်ငံသမ္မတဟောင်း Mr.Martti Ahtis-aari အား တွေ့ဆုံနှုတ်ဆက်သည်။

တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ထာဝစဉ်တည်တံ့မည့် ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဖင်လန်နိုင်ငံသမ္မတဟောင်းက ၎င်းခေါင်းဆောင်သည့် Crisis Management Initiative အဖွဲ့အနေဖြင့် ၂၀၀၆ ခုနှစ်ကပင် မြန်မာနိုင်ငံနှင့် ထိတွေ့ဆက်ဆံရန် ဥရောပသမဂ္ဂသို့ တိုက်တွန်းခဲ့သည့် အခြေအနေများ၊ နိုင်ငံတကာ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များတွင် ၎င်းပါဝင်ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် ပါဝင်ကူညီပေးနိုင်မည့် အခြေအနေများကို ပြန်လည်ဆွေးနွေးပြောကြားခဲ့သည်။

ညပိုင်းတွင် နိုင်ငံသမ္မတနှင့် အဖွဲ့ဝင်များအား ဖင်လန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး Ms. Heidi Hautala က သမ္မတအိမ်တော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဘူလ်ဂေးရီးယားနိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၃

၂၀၁၃ ခုနှစ် မတ် ၃ ရက်တွင် ကျရောက်သော ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ နစ်ကိုလိုင်း အီး မလပ်ဒီနော့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်အား UNICEF နှင့် UNFPA တို့မှ ကိုယ်စားလှယ်များတွေ့ဆုံ

နေပြည်တော် မတ် ၂

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်အား UNICEF မှ Mr. Rajen Kumar Sharma နှင့် UNICEF မှ Mr. Yanming Lin တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၉ နာရီခွဲတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် UNICEF အဖွဲ့က နောက်အပတ်တွင် လာရောက်မည့် UNICEF/ UNFPA အဖွဲ့တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သံတမန်များပါဝင်မည့် အဖွဲ့ခရီးစဉ်အတွက် ကြိုတင်လာရောက်ခြင်းဖြစ်ကြောင်း၊ UN အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုသိရှိပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်နိုင်ရန်၊ ပြည်သူ့အခြေပြု ကျန်းမာရေး စောင့်ရှောက်မှု၊ ပညာရေး၊ လူမှုရေး ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း လိုအပ်သည်များ ပံ့ပိုးကူညီလိုပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ခြင်းအတွက် ကြိုဆိုပါကြောင်း၊ အခြေခံအချက်အလက်များ သိရှိရပြီး မျက်မြင်အခြေအနေများအရ လုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုထိရောက်အောင်မြင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ UNFPA အဖွဲ့က ၂၀၁၄ ခုနှစ်တွင် ကောက်ယူမည့် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း၌လိုအပ်သည်များ ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် လာရောက်ခြင်းဖြစ်ကြောင်း၊ ပြည်နယ်အတွင်းရှိ သွားလာရန်ခက်ခဲသော နယ်စပ်ဒေသများ၏ စာရင်းဇယားများ တိကျမှန်ကန်စွာရရှိရေးအတွက် ဆောင်ရွက်ပေးစေလိုကြောင်း၊ ပြည်သူများနှင့် ထိတွေ့မှုများပြားသည့် ပညာရေးဝန်ထမ်းများနှင့် သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်စေခြင်းသည် လုပ်ငန်းပိုမိုထိရောက် အောင်မြင်နိုင်သဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ ဘာသာစကား နားလည်မှုရှိစေရန်အတွက်လည်း စီစဉ်ဆောင်ရွက်ပေးစေလိုကြောင်း၊ UN အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေခြင်းကိုလည်း ကြိုဆိုပါကြောင်း၊ လူငယ်များအတွက် ဖွံ့ဖြိုးရေးဌာနများ ဖွင့်လှစ်နိုင်ရေးကို ပံ့ပိုးဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့လုပ်ငန်းများကို ကူညီဆောင်ရွက်ပေးခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်အတွင်း UN အဖွဲ့အစည်းများဖြစ်သည့် UNDP, WFP, UNODC, UNHCR, UNICEF အပါအဝင် INGO (၁၇)ဖွဲ့ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ရှမ်းပြည်နယ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသ(၅)ခုရှိပြီး နယ်မြေဧရိယာကျယ်ဝန်း၍ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်သဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုလည်း ဘက်စုံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်လိုပါက သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်အတွင်း စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူမှုအတွက် ညောင်ရွှေမြို့နယ်၊ တာချီလိတ်မြို့နယ်နှင့် မူဆယ်မြို့နယ်များတွင် ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့အောင် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။ **(သတင်းစဉ်)**

ပြင်ဆင်ဖတ်ရှုပါရန်

မတ် ၂ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၃ တွင် ဖော်ပြပါရှိသည့် "လွတ်လပ်သော ပုဂ္ဂလိကသတင်းစာများ စိစစ်ခွင့်ပြုပေး" သတင်း၏ ပထမကော်လံ၊ တတိယပိုဒ်တွင်ပါရှိသော "၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေပုဒ်မ ၈ (၁)အရ ၁၄-၄-၂၀၁၃ ရက်နေ့မှစ၍ ယာယီထုတ်ဝေခွင့်ပြုလိုက်ကြောင်း" စာသားကို "၁၉၆၂ခုနှစ် ပုံနှိပ်သူများနှင့်ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေပုဒ်မ ၈(၁)အရ **၁-၄-၂၀၁၃** ရက်နေ့မှစ၍ ယာယီထုတ်ဝေခွင့်ပြုလိုက်ကြောင်း"စာသားဖြင့် ပြင်ဆင်ဖတ်ရှုပေးပါရန်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်း

အယ်လ်ခိုင်ဒါခေါင်းဆောင်တစ်ဦးကို မာလီမြောက်ပိုင်း၌ ချေမှုန်းသုတ်သင်

မာလီ မတ် ၂

အယ်လ်ခိုင်ဒါထိပ်တန်းခေါင်းဆောင်တစ်ဦးကို မာလီမြောက်ပိုင်း၌ ချေမှုန်းလိုက်နိုင်ကြောင်း ချက်သမ္မတအိုင်းဒရစ်ဒေဘီက ပြောကြားသည်။

ချက်တပ်ဖွဲ့ဝင်များသည် မာလီမြောက်ပိုင်း ထိန်းချုပ်နယ်မြေတစ်ခု၌ တိုက်ပွဲဖြစ်ပွားစဉ် အဆိုပါစစ်သွေးကြွခေါင်းဆောင် အဗ္ဗဒဲဟာမစ်အဘိုးဇိတ်အား ချေမှုန်းနိုင်ခဲ့သည်ဟု ၎င်းကပြောသည်။ မာလီရှိနိုင်ငံခြားတပ်များ ချေမှုန်းနေသည့် အစ္စလာမ္မစ်မာဂရက်အဖွဲ့တွင် ၎င်းသည် ဒုတိယအကြီးဆုံး အယ်လ်ခိုင်ဒါခေါင်းဆောင်ဖြစ်မည်ဟုလည်း ဆိုသည်။ **(ဘီဘီစီ)**

အီးယူနိုင်ငံအချို့ ဆီးရီးယားသို့ လက်နက်များတင်ပို့ အတိုက်အခံတပ်များအား လက်နက်များထောက်ပံ့

ဥရောပသမဂ္ဂ မတ် ၂

အီးယူနိုင်ငံအချို့သည် ဆီးရီးယားနိုင်ငံကို အရေးယူပိတ်ဆို့လိုက်ပြီးနောက် ဆီးရီးယားရှိ စစ်သွေးကြွများထံသို့ လက်နက်များ စတင်ပေးပို့နေကြောင်း ဗြိတိန်နိုင်ငံရောက် ဆီးရီးယားအတိုက်အခံညွန့်ပေါင်းကိုယ်စားလှယ်အဖွဲ့က ပြောကြားသည်။

စတင်ပေးပို့

အီးယူက ဖေဖော်ဝါရီ ၂၈ ရက်က စစ်သွေးကြွများအား သံချပ်ကာယာဉ်များထောက်ပံ့ရန် ဆီးရီးယားဆိုင်ရာ လက်နက်မူဝါဒကို ပြောင်းလဲလိုက်ပြီဖြစ်သည်။ ယခုနှစ်နွေရာသီတွင် တူရကီနိုင်ငံ၌ ကျင်းပမည့် ဆီးရီးယားမိတ်ဆွေဟုခေါ်သော အစည်းအဝေးတွင် စစ်သွေးကြွများအား အီးယူနိုင်ငံများက လက်နက်များထောက်ပံ့ရေးတင်းကျပ်ထားမှုများကို ဖြေလျှော့ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ဆီးရီးယားအတိုက်အခံခါလစ်စတတ်ဖိုးက မတ် ၁ ရက်တွင် ဂါးဒီးယန်းသို့ ပြောသည်။ တူရကီနယ်စပ်မှတစ်ဆင့် ဆီးရီးယားနိုင်ငံအတွင်း လက်နက်များ စတင်ပေးပို့လျက်ရှိကြောင်းလည်း ၎င်းက ပြောကြားသည်။ **(ပရက်စ်တီဗွီ)**

အနောက်ဘက်ကမ်းရှိ ပါလက်စတိုင်းဆန္ဒပြမှု အစ္စရေးတပ်များ မျက်ရည်ယိုဗုံးသုံး ဖြိုခွင်း

နက်ဘလက် မတ် ၂

အစ္စရေးတို့၏ လူဖြူလူမည်း ခွဲခြားရေးဝါဒ ဆန့်ကျင်ဆန္ဒပြမှု ရှစ်နှစ်မြောက် အထိမ်းအမှတ်အဖြစ် ဆန့်ကျင်ဆန္ဒပြစဉ် ပါလက်စတိုင်း ဆန္ဒပြသူများနှင့် အစ္စရေးတပ်များ သိမ်းပိုက်နယ်မြေ တစ်လျှောက် ရှုန်းရင်းဆန်ခတ်မှုများ ဖြစ်ပွားခဲ့သည်။

အစ္စရေးတပ်များက အနောက်ဘက်ကမ်းဒေသရှိ အယ်လ်ခါလီနှင့် နက်ဘလက်မြို့များ၊ ဘီလင်ကျေးရွာ တို့၌ ပါလက်စတိုင်း ဆန္ဒပြသူများ အားမျက်ရည်ယိုဗုံးများ၊ ရော်ဘာကျည်ဆန်များအသုံးပြု ဖြိုခွင်းခဲ့သည်။ အယ်လ်ခါလီမြို့၌ အစ္စရေးတပ်များ ပစ်ခတ်မှုကြောင့် အနည်းဆုံး ဆန္ဒပြသူတစ်ဦး ဒဏ်ရာရရှိခဲ့သည်။ **(ဓာတ်ပုံ)** ဆန္ဒပြလူငယ်တစ်ဦးသည် ဦးခေါင်းကို ရော်ဘာကျည်ဆန်ဖြင့် အပစ်ခံရသည်ဟု ဆိုသည်။ ဘီလင်မြို့၌ ပါလက်စတိုင်းအာဏာပိုင်အဖွဲ့ ဝန်ကြီးချုပ် ဆလမ်းဖေးယက်ကိုယ်တိုင် ပါဝင်ဆန္ဒပြခဲ့သည်။ တရားဝင်အပစ်အခတ်ရပ်စဲထားသော်လည်း ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင် အစ္စရေးတို့က ဂါဇာကမ်းမြောင်ဒေသကို ရှစ်ရက်ကြာ ထိုးစစ်ဆင်တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းလေးဦးသေဆုံးပြီး ၁၀၀ ကျော်ဒဏ်ရာရခဲ့သည်။ **(ပရက်စ်တီဗွီ)**

တင်မောင်လွင် – စုစည်းသည်

ဖူကူရှီးမားသဘာဝဘေးကြောင့် ကလေးများကင်ဆာရောဂါဖြစ်ပွားမှု ပိုမိုမြင့်မားနိုင်

တိုကျို မတ် ၂

ဂျပန်နိုင်ငံ ဖူကူရှီးမားနျူကလီးယားဓာတ်အားစက်ရုံမှ သဘာဝဘေးအန္တရာယ်သည် ပြည်သူများအတွက် အထူးသဖြင့်အကြီးအကျယ်ပျက်စီးခဲ့သည့်စက်ရုံအနီး နေထိုင်သော အသက်လေးနှစ်မှ သုံးနှစ်အရွယ် နို့စို့ကလေးများအတွက် ကင်ဆာရောဂါအန္တရာယ် ပိုမိုမြင့်မားနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို) က သတိပေးပြောကြားလိုက်သည်။

ပြီးခဲ့သည့် နှစ်နှစ်ကျော်က အဆိုပါစက်ရုံ၌ နျူကလီးယားသဘာဝဘေးအန္တရာယ် ဖြစ်ပွားပြီးနောက် ပတ်ဝန်းကျင်သို့ ရေဒီယိုသတ္တိကြွမှုများ ထုတ်လွှတ်ခဲ့မှုသည် ပြည်သူများအကြား ကင်ဆာရောဂါအန္တရာယ်ကို ပိုမိုမြင့်မားစေနိုင်ကြောင်း ကုလသမဂ္ဂ ကျန်းမာရေးအေဂျင်စီက စာမျက်နှာ ၁၆၆ တွင် ဖော်ပြထားသည်။ အားအနည်းဆုံး အုပ်စုမှာ အဆိုပါ မတော်တဆမှုဖြစ်ပွားချိန်၌ ဂျပန်နိုင်ငံ အရှေ့ဘက်ကမ်းခြေတွင် နေထိုင်သည့် ကလေးငယ်များဖြစ်ဖွယ်ရှိသည်ဟု ခန့်မှန်းထားခဲ့ကြသည်။

စက်ရုံအနီးနေထိုင်သူ မိန်းကလေးငယ်များနှင့် စက်ရုံမှ အချင်းဝက် ကီလိုမီတာ ၂၀ အတွင်း ရေဒီယိုသတ္တိကြွမှုကို ထိတွေ့မိသူများသည် အကျိတ်ကင်ဆာဖြစ်ပွားရန် ၇၀ ရာခိုင်နှုန်းပိုမိုဖြစ်လာနိုင်ကြောင်း စာရေးဆရာများကဆိုသည်။

ဂျပန်အမျိုးသမီးများအကြား အခြေခံအားဖြင့် အကျိတ်ကင်ဆာဘေးအန္တရာယ် ဖြစ်ပွားမှုသည် ၀ ဒသမ ၇၅ ရာခိုင်နှုန်းရှိသော်လည်း ကလေးငယ်များကဲ့သို့သော ရေဒီယိုသတ္တိကြွမှုကို ထိတွေ့သည့် အမျိုးသမီးများအတွက် ၁ ဒသမ ၂၅ ရာခိုင်နှုန်းအထိ မြင့်မားရန် မျှော်လင့်ထားခဲ့သည်ဟု ဆိုသည်။

၂၀၁၁ ခုနှစ် မတ် ၁၁ ရက်က ရစ်ချ်တာစကေး ၉ အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်ပြီး ဆူနာမီတစ်ခုဖြစ်ပေါ်မှုကြောင့် ဖူကူရှီးမားဓာတ်အားပေးစက်ရုံ၏ ဓာတ်ပေါင်းဖိုခြောက်လုံး အကြီးအကျယ် ထိခိုက်ပျက်စီးခဲ့ရသည်။ **(ပရက်စ်တီဗွီ)**

ရေဒီယိုသတ္တိကြွမှုအား စစ်ဆေးနေမှုကို တွေ့ရစဉ်။

ကမ္ဘာကျော် အဆင့်မြင့်ကိုရီးယား ဂျင်ဆင်းကို ရရန် (၆) နှစ်စောင့်ရပါသည်။
မြန်မာရုတနာ ဆေးဖက်ဝင် သနပ်ခါးတို ရရန် အနည်းဆုံး (၇) နှစ်ကြာပါသည်။

ကျွန်မက မချိုချိုသော်ဇင်ပါ။ အလှပြင်ဆိုင်နဲ့ အလှပြင်သင်တန်းဖွင့်ထားတဲ့ ကျွန်မဟာနေ့စဉ်နေ့တိုင်း မိတ်ကပ်နဲ့မျက်နှာ ကင်းကွာလို့မရခဲ့တာကြောင့် ကျွန်မမျက်နှာအသားအရေတွေမှာကွက်ပြီး ဖြူလိုက်၊ ညိုလိုက် ဖြစ်လာပါတော့တယ်။ နိုင်ငံခြားဖြစ်မိတ်ကပ်တွေ တစ်မျိုးပြီးတစ်မျိုးပြောင်းပြီး လိမ်းကြည့်ခဲ့ပေမယ့်လည်း သက်သာလာခြင်းမရှိခဲ့ပါဘူး။ ညီအသည်တွေနဲ့သင်တန်းသူတွေရဲ့ရှေ့မှာ ကျွန်မမျက်နှာအတွက် စိတ်အားငယ်လာမိပါတယ်။ သတင်းစာမှာ ရွှေပြည်နန်းရဲ့အကျိုးကျေးဇူးတွေ ရေးသားထားတာကိုဖတ်မိခဲ့ပြီး စမ်းသပ်ချင်လာတာနဲ့ ချက်ချင်းပဲ **ရွှေပြည်နန်းနံ့သာဖြူသနပ်ခါး** တစ်ဘူးဝယ်ပြီး လိမ်းကြည့်ခဲ့ပါတယ်။ ဆိုင်ထဲဝင်လာတော့ အားလုံးက "ဆရာမနံ့သာဖြူသွေးလိမ်းထားတာလား" တဲ့လေ။ ရွှေပြည်နန်းနံ့သာဖြူလိမ်းထားတာလို့ပြောတော့ အနံ့လေးကြိုက်လို့ သူတို့လည်းလိမ်းချင်တယ်ပြောပါတယ်။ အရင်ကညီအသည်တွေနဲ့ထိတွေ့နေရတဲ့ အချိန်တွေမှာ မိတ်ကပ်ပါးပါးလိမ်းထားရမယ်လို့ စည်းကမ်းထုတ်ထားခဲ့တာ။ ခုတော့ကိုယ်တိုင်ကြိုက်မိသွားလို့ ရွှေပြည်နန်းကိုညအိပ်ချိန်မှာလိမ်းအိပ်ဖို့ အကြံဉာဏ်ပေးမိပါတယ်။ **ရွှေပြည်နန်းနံ့သာဖြူကို နေ့ဘက်မှာလိမ်း ရှင်မတောင်သနပ်ခါးကိုညအိပ်ယာဝင်တိုင်း မှန်မှန်လိမ်းလာလိုက်တာ တစ်ဘူးမကုန်ခင်မှာပဲ ကျွန်မမျက်နှာအသားအရေ ညီညာချောမွေ့ပြီး ဝင်းလက်လာပါတယ်။** ခုတော့ ဘယ်သူတွေနဲ့ညီအသည်တွေ အသားအရေတစ်ခုခုဖြစ်ပြီဆိုရင် ရွှေပြည်နန်းသနပ်ခါးကိုစမ်းပြီးလိမ်းကြည့်ဖို့အတွက် အကြံဉာဏ်ပေးခဲ့ပါတယ်။ မိတ်ကပ်လိမ်းတဲ့ဖျိုဖျိုမေတို့ နေ့ဘက်မှာမိတ်ကပ်လိမ်းနေရရင် ညဘက်မှာတော့ ရွှေပြည်နန်းသနပ်ခါးလေးလိမ်းပြီး မိမိတို့အသားအရေကိုထိန်းသိမ်းကြပါလို့တိုက်တွန်းပါရစေနော်....။

မချိုချိုသော်ဇင် (ဆော်ဝင်ဆူ-အလှပြင်ဆိုင်နှင့်သင်တန်း) ဥတ္တရသီရိမြို့၊ နေပြည်တော်။

ထပ်ဆင့်ထောက်ခံအပ်ပါသည်။

မချိုချိုသော်ဇင်၏ ဒေးစာတွင်ဖော်ပြထားသော အကြောင်းအရာအချက်အလက်များမှာ မှန်ကန်သောဖြစ်ရပ်များ ဖြစ်ပါကြောင်းနှင့် ကျွန်မကိုယ်တိုင်သိရှိခဲ့သော မျက်မြင်ကိုယ်တွေ့ အကြောင်းအရာများဖြစ်ပါကြောင်း ထပ်ဆင့်ထောက်ခံအပ်ပါသည်။

မစုစုလှိုင် (သင်တန်းသူ) ဥတ္တရသီရိမြို့၊ နေပြည်တော်။

ဖိတ်ခေါ်အပ်ပါသည်။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ အကန့်အသတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသားပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

ရွှေပြည်နန်းမှရရှိထားသော နိုင်ငံတကာအသိအမှတ်ပြုဆုတံဆိပ်နှင့် အရည်အသွေးဆိုင်ရာလက်မှတ်များ

Halal Certificate

BFAD Philippines

FDA (Thailand)

မြန်မာနိုင်ငံရဲ့ အကောင်းဆုံးထဲကတစ်ခု

ဆောင်းပါး

မမေ့မလပ် သတိချပ်သင့်သော မြင့်မြတ်သည့် မြန်မာတို့၏အစဉ်အလာ

ဝေယံမောင်

ယနေ့ခေတ်သည် ကမ္ဘာပြုဖြစ်စဉ်နှင့်အတူ အရှေ့နှင့် အနောက် စည်းမခြား၊ တောင်နှင့်မြောက် ခွဲမထားသည့်နှယ် အရာရာသည် ကူးလူးယှက်နွယ် ဆက်သွယ်ပေါင်းကူးလျက်ရှိပေသည်။ အတတ်ပညာ၊ နည်းပညာ အပါအဝင် လူသားတို့၏ လိုအပ်ချက်အားလုံးသည် အကောင်းဆုံးတည်းဟူသော ဆန္ဒအပေါ် အခြေတည်၍ သူ့ထက်ငါလျှင် အပြိုင်အဆိုင် တီထွင်ကြိုးပမ်းလျက်ရှိကြပေသည်။ ထို့ကြောင့်လည်း ကမ္ဘာဦးလူသားတို့၏ လူမှုအဆင့်အတန်းနှင့် ယနေ့ခေတ်လူနေမှုစနစ်သည် မိုးနှင့်မြေလို ကွာခြားခဲ့ပြီ ဖြစ်ပေသည်။

ဤနေရာတွင် နိုင်ငံအလိုက်၊ ဒေသအလိုက်၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းလိုသောစိတ်၊ ကမ္ဘာ့အလယ်ဝင့်ထည်စေလိုသော ဆန္ဒတို့ဖြင့် ကြိုးပမ်းမှုအရပ်ရပ် ရှိကြရာဝယ် မိမိနိုင်ငံနှင့် မိမိလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံကိုမူ အရိုးကို အရွက်မဖုံးရလေအောင် တာဝန်ရှိသည့်အစိုးရများက နည်းလမ်းမျိုးစုံဖြင့် ထိန်းသိမ်းဆောင်ရွက်နေကြသကဲ့သို့ ယင်းနိုင်ငံရှိ ပြည်သူလူထုကလည်း မိမိတို့ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်ကို မတိမ်ကော၊ မပပျောက်ရလေအောင် သားစဉ်မြေးဆက် အမွေအနှစ်သဖွယ် လက်ခံလိုက်နာ ကျင့်ကြံလျက် ရှိကြပေသည်။

ထို့ကြောင့်လည်း အတတ်ပညာ၊ နည်းပညာ၊ စက်မှုပညာစသည့်ကဏ္ဍအသီးသီး၌ တိုးတက်ဖြစ်ထွန်းမှု အံ့ချီးဖွယ်ရာဖြစ်သည့် ဂျပန်နိုင်ငံသည် လည်းကောင်း၊ ကိုးရီးယားနိုင်ငံသည် လည်းကောင်း မည်မျှပင် ခေတ်မီနည်းပညာများ တိုးတက်ထွန်းကားနေစေကာမူ ယင်းတို့၏ ရိုးရာယဉ်ကျေးမှုကို ယနေ့တိုင် ထိန်းသိမ်းထားနိုင်ဆဲဖြစ်ပြီး ထိုသို့ ထိန်းသိမ်းထားနိုင်မှုကိုလည်း ဂုဏ်ယူဝင့်ကြွားဖွယ်ရာတစ်ရပ်အဖြစ် နိုင်ငံတကာမျက်နှာစာတွင် မီဒီယာပေါင်းစုံမှ ဖော်ထုတ်ပြသလျက်ရှိပေသည်။ ဤကား မိမိတို့နှင့် ယဉ်ကျေးမှုစရိုက် မကွာခြားလှသည့် အာရှသားတို့၏ ရိုးရာအစဉ်အလာ ထိန်းသိမ်းမှုကို သိသာရုံမျှ ဖော်ပြရခြင်းဖြစ်ပါသည်။

မိမိတို့နိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဓလေ့ထုံးစံတို့ဖြင့် ရှင်သန်ရပ်တည်လာခဲ့ကြသည့် နိုင်ငံဖြစ်သည့် အားလျော်စွာ မိမိတို့လူမျိုး၏ ဓလေ့စရိုက် လက္ခဏာများကို မပျောက်ပျက်ရလေအောင် ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ကြရမည်မှာ အခါမလပ် သတိချပ်သင့်သော အမျိုးသားရေးတာဝန်တစ်ရပ်ဟု ရိုးရိုးရှင်းရှင်း ရှုမြင်မိပါသည်။

ယုံကြည်ရာအလိုက် လွတ်လပ်စွာ ကိုးကွယ်ပိုင်ခွင့်ရှိသည့် မိမိတို့နိုင်ငံဝယ် ဘာသာတရားအလိုက် ဆိုဆုံးမမှုများ၏ အနှစ်သာရမှာ လူတို့အား ယဉ်ကျေးသိမ်မွေ့စေရန်နှင့် မိမိဘာသာအလိုက် လိုက်နာခံယူကျင့်သုံးရမည်ကို လေးစားလိုက်နာရင်း ဘာသာဝင်ကောင်းတစ်ယောက်၊ နိုင်ငံသားကောင်းတစ်ဦးဖြစ်စေရန် ရည်ရွယ်ရင်းဖြစ်သည်ဟု မိမိအနေဖြင့် ယူဆမိပါသည်။ ထိုနည်းတူ ဗုဒ္ဓဘာသာ၏ ဆိုဆုံးမမှုဖြင့် ကြီးပြင်းလာခဲ့ကြသည့် မိမိတို့နိုင်ငံသားအများစုမှာလည်း ဘာသာတရား၏ အဆုံးအမအောက်ဝယ် ခေတ်အဆက်ဆက် နေထိုင်လာခဲ့ကြသူများ ဖြစ်ပါသည်။

မြတ်စွာဘုရားရှင်၏ ဟောကြားခဲ့သော တရားတော်များအနက် "ဟီရိဩတ္တပ္ပ သမ္ပန္နာ၊ သုက္ကဓမ္မ၊ သမာဟိတာ၊ သန္တော သပ္ပုရိသာ လောကေ၊ ဒေဝ ဓမ္မာတိ ဝုစ္စရေ" ၏ အဓိပ္ပာယ်မှာ ဟီရိတရား၊ ဩတ္တပ္ပတရားတို့နှင့် ပြည့်စုံကုန်သည်ဖြစ်၍၊ အရှက်အကြောက်တရားနှစ်ပါးနှင့် ပြည့်စုံကုန်သည်ဖြစ်၍၊ ဖြူစင်သော ကုသိုလ်တရား ဆောက်တည်ကုန်သော၊ ကိုယ်နှုတ် နှလုံးအေးချမ်းသက်ကုန်သော သူတော်တို့ကို လောက၌ နတ်တို့၌ ဖြစ်အံ့သော အကြောင်းတရားရှိကုန်၏ဟု ဆိုအပ်ကုန်၏" ဟူ၍ ဖြစ်ပါသည်။ ဟီရိဩတ္တပ္ပတရားနှစ်ပါး၏ နက်နဲမှုကို ဘုရားရှင်ကိုယ်တိုင်က ဤသို့ အလေးအနက် ဟောကြားခဲ့ပြီး ဤတရားနှစ်ပါးကို ဒေဝဓမ္မ ကမ္ဘာစောင့်တရားဟုလည်းခေါ်ကြသည်။ ဤတရားနှစ်ပါးသည် လောကကြီးအား စောင့်ရှောက်လျက်ရှိသဖြင့် လောကပါလတရားဟုလည်း ခေါ်ကြပါသည်။

မိမိတို့ မြန်မာလူမျိုးများသည် အရှက်အကြောက်ကြီးသော၊ ဟီရိဩတ္တပ္ပတရားနှင့် ပြည့်စုံသော လူမျိုးများအဖြစ် ကမ္ဘာတွင် ထင်ရှားခဲ့ပါသည်။ ဘုရားဟောမှ အစပြု၍ ခေတ်အဆက်ဆက် သံဃာတော်များ၊ ပညာရှင်များ၊ သက်ကြီးဝါကြီးများ၊ စာဆိုတော်များ၏ ဆုံးမဩဝါဒကထာများတွင် ဟီရိဩတ္တပ္ပဟူသည် မပါလျှင် မပြည့်စုံသည့် ဆုံးမမှုတစ်ရပ်၊ ထိန်းသိမ်းလိုက်နာရမည့် အစဉ်အလာတစ်ခုအဖြစ် ကမ္ပည်းတင်ခဲ့သည်ကို အထင်အရှားတွေ့မြင်ရမည် ဖြစ်ပေသည်။

ယဉ်ကျေးမှုဝန်ကြီးဌာနမှ ပြုစုထားသော ယဉ်ကျေးလိမ္မာ မျိုးမြန်မာ ယဉ်ကျေးမှုစာတမ်းတွင် ဟီရိဩတ္တပ္ပ အရှက်အကြောက်တရား စောင့်ထိန်းမှု၊ တန်ဖိုးထားမှုတို့ကို ဖော်ပြရာ၌ " မြန်မာတို့သည် ရုပ်ပိုင်းဆိုင်ရာတွင်ရော၊ စိတ်ပိုင်းဆိုင်ရာတွင်ပါ အရှက်အကြောက်တရားရှိမှုကို တန်ဖိုးထား၏။ အဝတ်အစား လုံလုံခြုံခြုံ ဝတ်ဆင်သူကိုသာ ယဉ်ကျေးသူအဖြစ် သတ်မှတ်ခဲ့ကြသည်။ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်၊ နံရံဆေးရေးပန်းချီ အထောက်အထားများအရလည်း သမိုင်းစဉ်ခေတ်တစ်လျှောက် မြန်မာတို့၏ ဝတ်စားဆင်ယင်မှုလုံခြုံပုံကို သိနိုင်၏။ ဆန့်ကျင်ဘက်လိင်နှင့် ကူးဖက်ကခုန်ခြင်းကို ရှက်ရွံ့ဖွယ် အပြုအမူအဖြစ် သတ်မှတ်ခဲ့ပြီး မင်းသားမင်းသမီးစုံတွဲ ကခုန်ရာတွင်ပင် ပဝါတစ်ကမ်းအကွာမှ ကခုန်ခဲ့ကြသည့် အစဉ်အလာရှိခဲ့သည်။ အသက်နှင့် လူလုပ်တာမဟုတ်၊ အရှက်နှင့် လူလုပ်တာဟူသော ဆိုရိုးစကားသည် အရှက်၊ အကြောက်တရားကို အလေးထားမှုကို ပေါ်လွင်သည့် မြန်မာ့ဓလေ့စရိုက်ဖြစ်ပါသည်"ဟု ဖော်ပြထားမှုက မြန်မာ့ဓလေ့စရိုက်ကို ကွက်ကွက်ကွင်းကွင်းပေါ်လွင်လျက် ရှိပေသည်။

ဆရာသန်းထွန်း(စကု)ရေးသားသည့် အရှက်နှင့် ကိုယ်ကျင့်သိက္ခာစာအုပ်တွင်လည်း ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများအတွက် အရှက်၊ အကြောက်တရားသည် "သက်စောင့်ဓာတ်" ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် ကိုယ်ကျင့်သီလ၊ ကိုယ်ကျင့်သိက္ခာလည်းဖြစ်ကြောင်း၊ အရှက်၊ အကြောက်မရှိဘဲ အသက်ရှင်နေခြင်းကို တန်ဖိုးမရှိဟု ယုံကြည်ကြောင်း၊ ကိုယ်ကျင့်သီလမရှိဘဲ နှစ် ၁၀၀ အသက်ရှင်ခြင်းထက် ကိုယ်ကျင့်သီလနှင့် တစ်ရက်သာအသက်ရှင်ခြင်းက ပို၍မြတ်သည်ဟူသော ဗုဒ္ဓ၏ အဆုံးအမကို ယုံကြည်လက်ခံထားသော လူမျိုးဖြစ်ကြောင်း၊ အရှက်၊ အကြောက်တရားသည် အမျိုးအနွယ်ကို စောင့်ရှောက်ပေးသည့် ဝံသာနုရက္ခိတတရားဖြစ်ကြောင်း၊ အရှက်၊ အကြောက်တရား၊ ကိုယ်ကျင့်သိက္ခာ စောင့်ထိန်းမှုသည် လူနှင့် တိရစ္ဆာန်ကို စည်းခြားပေးသော နယ်သတ်မျဉ်း ဖြစ်ကြောင်း ရေးသားဖော်ပြခဲ့လေရာ မြန်မာလူမျိုးတို့၏ ကိုယ်ကျင့်သိက္ခာတွင် ဟီရိဩတ္တပ္ပတရား လွှမ်းခြုံထားသည်ကို တွေ့မြင်နိုင်မည်ဖြစ်သည်။

ထင်ရှားသော သာဓကတစ်ခု ဆောင်ရပါလေသော် ပြည်သူချစ်သော အနုပညာရှင် လေဘာတီ မမြရင်ကိုပင် ဖော်ညွှန်းရမည်ဖြစ်ပါ၏။ မမြရင်ကသည့် ပွဲတစ်ခုတွင် ထိုစဉ်က ရန်ကုန်မြို့တော်ဝန်ဖြစ်သူ ဦးကျော်ဖံ(ဝတ်လုံတော်ရ)က မမြရင် ကခုန်ဖျော်ဖြေမှုကို နှစ်ခြိုက်၍ ရွှေဒင်္ဂါးဆုချသည်။ ထို့အပြင် မြို့တော်ဝန်က မမြရင် လက်ရှိအတိုင်း ကသည်ကို ကြည့်ရသည်မှာ အားမရသဖြင့် သလုံးသားပေါ်အောင် ခြေအိတ်ချွတ်၍ ကပြပါက ရွှေဒင်္ဂါး နှစ်ပြား ထပ်မံဆုချမည်ဟု ပြောသော်လည်း မမြရင်က ခွန်းတုံ့မပြန်ဘဲ ပြုံး၍သာ ခြေအိတ်မချွတ်ဘဲ ဆက်ကပြခဲ့သည်။ သူ့သိက္ခာ၊ သူ့ဣန္ဒြေကို ရွှေဖြင့်မလဲ။ "မိန်းမတို့ ဣန္ဒြေ ရွှေပေးလို့မရ"ဟူသည့် မြန်မာ့စကားပုံ စစ်စစ်ကို လိုက်နာစောင့်ထိန်းခဲ့သည့် အနုပညာရှင်တစ်ဦး ဖြစ်ပေသည်။

ယနေ့ကာလသည် မြန်မာနိုင်ငံ အနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံသစ်ကို ပြောင်းလဲမှုမျိုးစုံဖြင့် ထုနှင့်ထည်နှင့် အင်နှင့်အားနှင့် တက်ညီလက်ညီ ထုဆစ်အကောင်အထည်ဖော်နေသည့် အခါသမယဖြစ်ပါသည်။ သို့သော်လည်း အပြောင်းအလဲများနှင့်အတူ ဖြစ်ထွန်းပေါ်ပေါက်လာသည့် ယဉ်ကျေးမှုများတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုကိုမူ တိမ်ဖုံးပါလို့ လမသာ မဖြစ်စေချင်သည်မှာတော့ စာရေးသူ၏ ဆန္ဒဖြစ်သလို မြန်မာနိုင်ငံသူ၊ နိုင်ငံသားစစ်စစ်တို့၏ သဘောထားလည်း ဖြစ်မည်ဟု ယုံကြည်မိပါသည်။

ဒီမိုကရေစီ၏ အနှစ်သာရကို နိုင်ငံကြီးသားပီပီ ကျင့်သုံးကြရာတွင် ရိုးရာအမွေအနှစ်၊ ချစ်ခင်နှစ်သက်ဖွယ် ဓလေ့ထုံးစံ၊ ခေတ်အဆက်ဆက်တွင် ကျင့်ကြံခဲ့သည့် အစဉ်အလာများကိုမူ မပျောက်ပျက်စေချင်ပါ။ မဖောက်ဖျက်စေချင်ပါ။ တစ်နည်းအားဖြင့်ဆိုရသော် မြန်မာလူမျိုးတို့၏ ဓလေ့စရိုက်များကို နိုင်ငံတကာ၏ ယဉ်ကျေးမှုများကြားဝယ် မှေးမှိန်ကွယ်ပျောက် မသွားစေချင်ပါ။ သို့သော်လည်း ဤဆန္ဒသည် လေပေါ်တွင် အိမ်ဆောက်သည့်နှယ် ဖြစ်နေပြီလားဟူသော အတွေးက မိမိတို့နိုင်ငံသားများကို မေးခွန်းထုတ်နေပြီဖြစ်သည်။

ယခုတစ်ပတ်အတွင်း ပြည်တွင်းထုတ်ဂျာနယ်၊ စာစောင်များနှင့် အင်တာနက် စာမျက်နှာများတွင် ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား နေရာယူထားသည်က မြန်မာ့အမျိုးသမီးမော်ဒယ်ဆိုသူများက အမျိုးသမီးအတွင်းခံပစ္စည်းများကို ဝတ်ဆင်ကာ လူပုံအလယ် မော်ဒယ်ရှိုးလျှောက်ခဲ့သည့်ဓာတ်ပုံများ၊ သတင်းများဖြစ်ပါသည်။ အတွင်းပစ္စည်းကို အပြင်တွင်ပေါ်ပေါ်ထင်ထင် ထုတ်ပြခြင်းမို့ ဖတ်မိသူအများစုက နှာခေါင်းရှုံ့ကြ၏။ မြန်မာနိုင်ငံ ဒီလို ဖြစ်နေပြီလားဟု မေးခွန်းထုတ်သူတို့က ထုတ်ကြ၏။ သက်ဆိုင်ရာတာဝန်ရှိသူတို့ ဒီမိုကရေစီဆိုပြီး ဒီအတိုင်းလွှတ်ထားကြတော့မှာလားဟု ပူပန်သူတို့က ပူပန်၏။ စာမျက်နှာထက်ဝယ် ဒီမိုကရေစီမို့ လွတ်လပ်ပိုင်ခွင့်ရှိသည်ဆိုသော်လည်း မြန်မာနိုင်ငံဖြစ်နေသည့်အတွက် မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းစေချင်သည့်အကြောင်း ဝေဖန်ရေးသားသူတို့ကလည်း ရေးသားကြ၏။ တလောက ထုတ်ဝေခွင့်ရပ်ဆိုင်းခဲ့သည့် မောင်နှင့်နှမ၊ သားနှင့်အမိ ကြည့်ရန်မသင့်သည့် မဂ္ဂဇင်းအပေါ် ဝေဖန်မှုများ မဆုံးသေးခင် ထပ်မံပေါ်ထွက်လာသည့် မြန်မာ့ယဉ်ကျေးမှုအတွက် အမည်းစက်တစ်ခုအဖြစ် မြင်သူကမြင်ကြ၏။ ကာယကံရှင်များက မည်သည့်ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်သည်ကို တိတိပပ မသိရစေကာမူ မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဖြစ်နေသည်ကတော့ မြေကြီးလက်ခတ် မလွဲဟုပင် ဆိုရမည်ဖြစ်ပါသည်။

ဤနေရာတွင် ဆရာကြီး တက်တိုးရေးသားခဲ့သည့် စရဏ ဖျက်အင်အားစုများ ဆောင်းပါးမှ ဆရာကြီး စိုးရိမ်တကြီး ဖော်ပြခဲ့သည့် အကြောင်းအရာအချို့ကို ထုတ်နုတ် တင်ပြလိုပါသည်။

"‥ မြန်မာတို့တွင် ခေတ်ပညာတတ်အချို့နှင့် ယခုခေတ်တွင် လူငယ်အများသည် တိုင်းခြားဒေသမှ ဝင်လာသော စရဏဖျက် အင်အားစုများ၏ ပယောဂကြောင့် ရှက်အပ်၊ ကြောက်အပ်သည်တို့ကို ရှက်စရာ၊ ကြောက်စရာဟု မမှတ်ယူတော့ဘဲ ပြောင်ပြောင်တင်းတင်း၊ ပြောချင်၊ ပြုချင်လာချေပြီ‥၊ နိုင်ငံခြားမှလာသော အယူအဆ၊ အလေ့အကျင့်များ၏ ပယောဂများကြောင့် သန့်ရှင်းသော ကျွန်တော်တို့၏ စရဏတရား၌ အမည်းကွက်ကလေးများပေါ်၍ ပေါ်၍လာချေပြီ။"

မြန်မာတို့အရှက်၊ အကြောက်တရားရှိရမည်ကို မေ့လျော့နေကြပြီလော။ ဟီရိဩတ္တပ္ပဟူသည် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းသည့် အစဉ်အလာဖြစ်သည်ကို အသိမဲ့နေကြပြီလော။ ကျင့်ဝတ်သိက္ခာတို့ကို စောင့်ထိန်းသင့်သည့် အသိစိတ် ကင်းမဲ့နေကြပြီလော။ မြန်မာဟူသည် သိမ်မွေ့နူးညံ့သော၊ ယဉ်ကျေးသော၊ အရှက်အကြောက်တရားကို တန်ဖိုးထားသော လူမျိုးအဖြစ် ကမ္ဘာ့အလယ်ဝင့်ထည်ခဲ့သည့် သမိုင်းကြောင်းကို ဖျောက်ဖျက်ရန် ဦးတည်နေကြပြီလော။

မြင့်မြတ်သည့် အမျိုးသားရေးအမွေအနှစ်တစ်ရပ်အဖြစ် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ မပျောက်ကွယ်စေရေးကို တာဝန်ရှိသူ အဖွဲ့အစည်းများသာမက နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က နိုင်ငံ့သားကောင်း စိတ်ဓာတ်ဖြင့် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန် မဖြစ်မနေ လိုအပ်လာပြီဖြစ်ကြောင်း လက်ရှိဖြစ်စဉ် ဖြစ်ရပ်များက သက်သေပြနေပါ၏။

မိမိနိုင်ငံ၊ မိမိလူမျိုး ဂုဏ်ကျက်သရေမညှိုးရလေအောင် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ဆက်ခံလိုက်နာ ခံယူကျင့်သုံးခြင်းဖြင့် နိုင်ငံ့သားကောင်းပီသအောင် ကြိုးဆောင်နိုင်ကြပါစေသတည်း။

ရိုးရာ အမွေအနှစ်တွေကို
တိုးကာ ချစ်စေဖို့
မျိုးမြန်မာ အစစ်တွေရဲ့ ဝန်တာ။
မြေမျိုလျှင်
လူမျိုးမပျောက်သော်ငြား
ယဉ်ကျေးမှု မျိုလျှင်
လူမျိုးပျောက်ပေလိမ့်
ယဉ်ကျေးမှု ပြိုလျှင်
လူမျိုးပျောက်ပေလိမ့်
စိုးကြောက်ဖွယ်ရာ။
မြင့်မြတ်တဲ့ အစဉ်အလာ
မင်္ဂလာနှယ် ကျင့်သုံး။
အရိုးခံ အဖိုးတန်ပါတဲ့
အမျိုးမာန် ကမ္ဘာသိအောင်လ
ဇာတိစဉ်လာ ဖော်ကာထုတ်
ကြိုးကုတ် ကြဦး။ ။

မြန်မာ့ရုပ်မြင်သံကြား

၃-၃-၂၀၁၃ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၀ နံနက်ခင်းသတင်း
၈း၁၅ SEA Games(Go for Gold) (ဒိုင်ဗင်)

နေ့လယ်ပိုင်း

၁၁း၀၀ စစ်သည်တေး
၁၁း၂၅ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀ International News
၁၄း၃၅ ပြန်ကြားရေးဝန်ကြီးဌာန၊ နိုင်ငံတော် ဆိုင်းဝိုင်းကြီးနှင့် နိုင်ငံတော် သံစုံတီးဝိုင်း တွဲဖက်ဖျော်ဖြေ တင်ဆက်မှု

ညပိုင်း

၂း၅၀ ပြည်ထောင်စုဖလား အားကစား ပြိုင်ပွဲဘောလုံးပြိုင်ပွဲ (အမျိုးသား) တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဆီမီးဖိုင်နယ်) (မကွေးတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း)
၆း၀၀ ညနေခင်းသတင်း

လွှတ်တော်ရေးရာကဏ္ဍ

Sample များကို ဆန်းစစ်ပြီးတော့မှသာ ချပေးလိုက်မည်ဆိုလျှင် မိမိတို့နိုင်ငံတော်အတွက် ပိုပြီးအကျိုးရှိမည်ဖြစ်

စမ်းသပ်တိုင်းတာခြင်းများ ဆန်းစစ်ပြီးမှ ဖြစ်နိုင်စွမ်းပေါ်မူတည်၍ ဓာတ်သတ္တုထုတ်လုပ်ခွင့် အမိန့်များအား ခွင့်ပြု

ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် အမျိုးသားလွှတ်တော်ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် မေးမြန်းသည့် မေးခွန်းများနှင့်စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဖြေကြားချက်များကို ဖော်ပြလိုက်ပါသည်။

သယံဇာတပစ္စည်းများကို လုပ်ကိုင်ခွင့် ချမှတ်မပေးမီ ဆန်းစစ်မှုများ ရှိ/မရှိကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း

ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ အားလုံးမင်္ဂလာပါလို့ ဂါရဝရှေ့ထားပြီးတော့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော့်အနေနဲ့ သယံဇာတပစ္စည်းများကို လုပ်ကိုင်ခွင့် ချမှတ်မပေးမီ ဆန်းစစ်မှုများ ရှိ/ မရှိသိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းမှာဖြစ်ပါတယ်။

ကျွန်တော်မေးမြန်းထားတာကတော့ မြန်မာနိုင်ငံမှာ သယံဇာတပစ္စည်းများပေါကြွယ်ဝ၍ ရင်းနှီးမြှုပ်နှံလုပ်ကိုင်သူ အဖွဲ့အစည်းများစွာ ရှိပါတယ်။ ယင်းသယံဇာတပစ္စည်းများကို ရင်းနှီးမြှုပ်နှံခွင့်မပြုမီ သယံဇာတ ပစ္စည်းများတွင်ပါဝင်သော Elements ပါဝင်တဲ့ တွဲနေတဲ့ပစ္စည်းတွေပါ ခင်ဗျာ။ Elements များကို သိရှိထားရန် လိုအပ်ပါတယ်။ ထိုသို့ သိရှိပြီးမှသာ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခွင့်တို့ကို ခွင့်ပြုပေးသင့်ပါ၍ ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းနဲ့ စပ်လျဉ်းပြီးတော့ အနည်းငယ်ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ဒါအားလုံးသိပြီးသားဖြစ်ပါတဲ့ ဒီသယံဇာတပစ္စည်းများ အင်မတန်မှ ပေါကြွယ်ပါတယ်။ အဲဒီတော့ဒီဟာတွေဟာ သယံဇာတပစ္စည်းတွေ ဘယ်နေရာမှာရှိတယ်၊ ဘယ်လိုသယံဇာတပစ္စည်းတွေဆိုတာ ၁၉၂၄ ခုနှစ်ကတည်းက နေရာပေါင်းခြောက်နေရာ ဥပမာ -ရှမ်းပြည်တို့၊ မိုးကုတ်တို့၊ တနင်္သာရီတို့ ၊ ရခိုင်၊ နာဂတောင်တန်းတို့ အဲဒီနေရာမှာရှိတဲ့ပစ္စည်းတွေကို အသေးစိတ်လေ့လာပြီးတော့ တင်ပြထားတာရှိပါတယ်။ အဲဒီထဲက ကျွန်တော်တို့ ဒါဒီငလျင်ကြော၊ ငလျင်က မြန်မာနိုင်ငံရဲ့ ဒီကျွန်တော်တို့ Plateကျောက်ပြားကြီးရှိမယ်။ အပေါ်က India Plate အိန္ဒိယဘက်ကရှိတဲ့ ကျောက်ပြားကြီးရှိတယ်။ ဒီနှစ်ခုက ရွေ့လျားပြီးတော့ ငလျင်ဘယ်လိုဖြစ်တယ်။ တစ်နှစ်ကို မီတာဘယ်လောက်လောက်ဖြင့်ရင် ရွေ့လျားနေတယ်။ ဒါတွေဟာ အရင်ကတည်းက ၁၉၂၀ ပတ်ဝန်းကျင်လောက်ကတည်းက လေ့လာပြီးတော့ တင်ပြထားတာတွေ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ အနည်းငယ် ကျွန်တော် စပ်လျဉ်းတာက ကျွန်တော်က အရင် ၁၉၆၇ ခုနှစ်ပတ်ဝန်းကျင်လောက်မှာ Offshore ဒီရေနံရှာဖွေရေးမှာ Seismic ခေါင်းဆောင်လုပ်ဖို့ ကျွန်တော် တာစူခဲ့ပါသေးတယ်။ ကျွန်တော့်ကို တာဝန်ပေးခဲ့ပါသေးတယ်။ အဲဒီမှာ ကျွန်တော်က ပြန်ပြီးတော့ ပင်လယ်ကို မသွားချင်တာနဲ့ ကျွန်တော်ပြန်ပြီးတော့ တက္ကသိုလ်မှာပဲ အလုပ်လုပ်ခဲ့တာပါ။ ဒါကြောင့် ဒီဟာတွေ အရင်ကတည်းက ကျွန်တော် ဟိုနည်းနည်းလေး လေ့လာထားတဲ့၊ ဆန်းစစ်ထားတဲ့ သဘောရှိပါတယ်ခင်ဗျာ။ အဲဒီတော့ နောက်တစ်ခါ ထပ်ပြီးတော့ ၁၉၇၀ ပတ်ဝန်းကျင်လောက်မှာ ဆရာဦးဘသန်းဟက်က ထပ်ပြီးတော့ ဒီခုန ရှမ်းပြည်နယ်တွေ၊ ရခိုင်နဲ့ နာဂ အဲဒီဘက်တွေမှာရှိတဲ့ သယံဇာတပစ္စည်းတွေ၊ ဘာတွေရှိနိုင်တယ်၊ ထပ်ဆင့်ပြီးတော့ ဘယ်လိုပစ္စည်းမျိုးတွေဟာ ဘယ်နေရာကနေစပြီးတော့ မြန်မာနိုင်ငံရဲ့ အရှေ့ဖျားကနေ အနောက်ဖျားအထိ၊ အလယ်ပိုင်း၊ မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွေမှာ ဒါတွေကို မျိုးစုံအောင် တင်ပြထားတဲ့ ဒီမှတ်တမ်း မှတ်ရာတွေ အများကြီးရှိပါတယ်။ အဲဒီတော့ ဒီအပေါ်မှာမူတည်ပြီးတော့ ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော့်အနေနဲ့က နောက်တစ်ချက် ဒီပစ္စည်းတွေမှာပါတဲ့ Elements သိဖို့ဆိုတာက တချို့ပစ္စည်းတွေက ကျွန်တော်တို့က ဒီဟာတွေကို မဆန်းစစ်ဘဲနဲ့ ဒီချပေးလိုက်မယ်၊ ဒီသယံဇာတ ပစ္စည်းတွေကို ရောင်းလိုက်မယ်ဆိုရင် သူနဲ့ရောပြီးတော့ တန်ဖိုးရှိတဲ့ ပစ္စည်းတွေ ပါသွားပါတယ်။ ဒါကိုလည်းပဲ ကျွန်တော်တို့က မသိလိုက်ပါဘူး။ ကျွန်တော်တို့က သာမန် အနေနဲ့ပဲ။ ဥပမာ-Copper တို့၊ ဘာတို့ဆိုရင် Copper နဲ့ ရွှေလည်းပဲ ရောနေနိုင်တယ်။ သဲဆိုကြပါစို့။ ဒါသယံဇာတပစ္စည်း။ သဲထဲမှာ ကျွန်တော်တို့က သဲထဲမှာ တချို့ Minerals တွေ ပါနိုင်ပါတယ်။ တချို့ ကျွန်တော်တို့ အရေးကြီးတဲ့ ဒီ Minerals တွေ၊ ဒီသတ္တုပစ္စည်းတွေ ပါနိုင်ပါတယ်။

ကျောက်မီးသွေး ဆိုကြပါစို့။ ကလေးဝကျောက်မီးသွေး၊ ကလေးဝ ကျောက်မီးသွေးဆိုရင် ဒါအရင်တုန်းက ဒီကျွန်တော်တို့ Neutron Activation Analysis, Neutron နဲ့ အဏုမြူနည်းအားဖြင့်ပေါ့၊ လေ့လာကြည့်တဲ့အခါမှာ အဲဒီထဲမှာ Aluminiums တို့၊ Silicons တို့၊ Coppers တို့ စသည်အားဖြင့် အဲဒီပစ္စည်းတွေ ရာခိုင်နှုန်းအားဖြင့် ဘယ်လောက် ဘယ်လောက် ဘယ်လောက်ပါတယ်ဆိုတာ ကျွန်တော်တို့ အဲဒီတုန်းက လေ့လာထားတဲ့ ဒီမှတ်တမ်းမှတ်ရာတွေ ရှိပါတယ်။ အဲဒီတော့ ဒီ Aluminiums တို့၊ ဘာတို့ဆိုတာလည်းပဲ တန်ဖိုးရှိတဲ့ ပစ္စည်းတွေပါ။ နည်းနည်းလေးပါပေမယ့် သူတို့ ပြန်ပြီးတော့ ဟိုမှာ ပြန်ထုတ်ယူမယ်ဆိုရင် အင်မတန်မှ ဒါတန်ဖိုးရှိပါတယ်။

ကျွန်တော်တို့ ဒီအခုဟုတ်လား၊ စိတ်ဝင်စားကြတဲ့ Copper ဆိုလို့ရှိရင် Copper က အမျိုးစုံရှိပါတယ်။ Copper Sulphate, Copper နဲ့ Sulphur ပေါ့၊ ကျွန်တော်တို့ ကန့်ရောထားတဲ့အတွဲ၊ Copper Oxide, Copper နဲ့ Oxygen တွဲထားတဲ့အတွဲ၊ Copper ရယ်၊ ကျွန်တော်တို့ သံရယ်၊ ခုနတုန်းက Sulphur ရယ်၊ Copper တွေရယ်၊ သံရယ်၊ Sulphur ရယ် တွဲထားတဲ့အတွဲ အဲဒီလိုအတွဲမျိုးတွေ ရှိပါတယ်။

နောက် ဒီပြင် ကျွန်တော်တို့ တချို့ဒီမှာလည်းပြောနေတဲ့ Rare Earth တွေ ရှားပါးပစ္စည်းလို့ဆိုတဲ့ Zirconium တို့၊ Zr တို့၊ ဒီ Yr တို့၊ Yitterium တို့ စသည်အားဖြင့် ဒီပစ္စည်းတွေနဲ့လည်းပဲ တွဲနေပါတယ်။ ဒီပစ္စည်းတွေဟာ နည်းနည်းလေး ပါပေမယ့် ထုတ်ယူလိုက်တဲ့အခါမှာ အင်မတန်မှ ဒီတန်ဖိုးကြီးပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဒီသယံဇာတပစ္စည်းတွေမှာ ဒီဟာတွေ ဘယ်လောက်လောက် ပါတယ်ဆိုတာကို ကျွန်တော်တို့ အရင်ဆန်းစစ်ဖို့လိုပါတယ်။ ဆန်းစစ်တဲ့အခါမှာ အခုလက်ရှိအနေအထားအရ သိပ်ပြီးတော့ အချို့ဟာတွေ ကျတော့လည်းပဲ အကြမ်းဖျင်း ဆန်းစစ်လိုက်လို့ရှိရင် ရပါတယ်။ အသေးစိတ် မဟုတ်ပါဘူး။ EDXRF တို့ ဒီပစ္စည်းတွေရှိပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ရှိပါတယ်။

ဒီလိုဆန်းစစ်ပြီး၊ ဒီ Sample တွေကို ဆန်းစစ်ပြီးတော့မှသာလျှင် ဒီလိုချပေးလိုက်မယ်ဆိုရင် ကျွန်တော်တို့ ပိုပြီးတော့ ကျွန်တော်တို့ နိုင်ငံအတွက်၊ ကျွန်တော်တို့အတွက် အင်မတန်မှ ပိုပြီးအကျိုးရှိမှာပါ။ ဥပမာ-Copper က ဈေးကြီးပါတယ်။ Copper က နေရာတကာတိုင်းမှာ ကျွန်တော်တို့ သုံးနေတာပါ။ အခု Electronic ပစ္စည်းတွေ၊ အခု ကျွန်တော်တို့ Computer ထဲမှာရှိတဲ့ ပစ္စည်းတွေ၊ ဒီရုပ်မြင်သံကြားထဲမှာရှိတဲ့ ပစ္စည်း၊ ဘယ်ပစ္စည်းပဲဖြစ်ဖြစ် ကျွန်တော်တို့ ဖွင့်ကြည့်လိုက်ပါ။ ဖွင့်ကြည့်လိုက်ရင် အဲဒီအပေါ်မှာ ရွှေရောင်လေးသမ်းနေတဲ့ဟာ ဒါ Copper နဲ့ သုံးထားတာပါ။ နောက် Copper နဲ့ ကျွန်တော်တို့လုပ်ထားတဲ့ Motherboard ကျွန်တော်တို့ ကြားဖူးတဲ့ အပေါ်ကနေ ဒါ လျှပ်စစ်စီးဖို့ အတွက်လုပ်တယ်။ ဒီ Copper layer တွေ တင်ရပါတယ်။ အများကြီး ကျွန်တော်တို့ သုံးတာပါ။

အဲဒီတော့ Copper က Raw အနေနဲ့ သာမန်အနေနဲ့ကတော့ ကျွန်တော်တို့ ဒီမှာဈေးပေါပေါနဲ့ပဲ သွားပေမယ့် Copperဟာ တစ်တန်မှာ တဖြည်းဖြည်းတဖြည်းဖြည်း ဈေးတက်လာတာ ဒီကနေ့ အချိန်အခါမှာ ရှစ်ထောင်ကျော် ဒါ ဒေါ်လာ (၈၀၀၀)ကျော်ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ဒီလိုသယံဇာတ ပစ္စည်းတွေ၊ ဒီဟာတွေပါတယ်။ သူ့ရဲ့အရည်အသွေးတွေ ကျွန်တော်တို့က သိပြီဆိုရင် ဒီ Raw ကို စာချုပ်ချုပ်ပြီး ရောင်းချတဲ့အခါမှာ ဆိုကြပါစို့ ရာခိုင်နှုန်းက 25 Percent ပဲ ကျွန်တော်တို့ကရမယ်။ အရင်တုန်းက 35 Percent ပေါ့လေ။ 25 Percent ပဲ ရမယ်ဆိုရင် ဥပမာ-လေးပုံပုံ တစ်ပုံပေါ့။ ၁၀ တန်ဆိုလည်းပဲ လေးပုံပုံ တစ်ပုံ၊ ဒီလောက်ပဲ ရမယ်။

ဒီမှာမှ ကျွန်တော်တို့ ထပ်ပြီးတော့ ကျွန်တော်တို့က မသိလို့ရှိရင် ဈေးက အဲဒီမှာမှ တစ်တန်ကို ဒေါ်လာက (၈၀၀) လောက်ပေးတာ၊ ပတ်ဝန်းကျင် အဲဒီလောက်ဆိုရင် တစ်တန်ရဲ့ ဈေးနှုန်းနဲ့ နှိုင်းယှဉ်ကြည့်လိုက်ရင် အများကြီး ကျွန်တော်တို့က နစ်နာသွားပါတယ်။ ဒါကြောင့် ကျွန်တော်တို့က ဒီလိုနစ်နာတယ်ဆိုတာ တစ်နည်းအားဖြင့်တော့ ကျွန်တော်တို့နိုင်ငံက ကျွန်တော်တို့ လူမျိုးတွေ၊ ကျွန်တော်တို့တွေဟာ မသိလို့ ဒီဟာတွေကို နားမလည်လို့ ဆိုတဲ့ သဘောတွေ သက်ရောက်သွားနိုင်တဲ့အကြောင်းအရာတွေ ရှိပါတယ်။ နောက် ကျွန်တော် ဒီဟာကို တင်တဲ့အခါမှာလည်းပဲ တချို့ကျွန်တော်နဲ့ ဆက်စပ်နေတဲ့ ဒီအင်ဂျင်နီယာတွေ ရှိပါတယ်။ သတ္တု Engineers တွေ၊ Mining မှာလုပ်တဲ့ Engineers တွေ သူတို့တွေကလည်းပဲ ဆွေးနွေးတာတွေ ရှိပါတယ်။ တချို့ ပြည်သူ ပြည်သားတွေကလည်း အဲဒီနား နီးစပ်တဲ့ဟာတွေကလည်း ဆွေးနွေးတာတွေ ရှိပါတယ်။ ဒါကြောင့် ဒီဟာကို တင်ရခြင်းဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ ဒီခုနတုန်းက ကျွန်တော်တင်ပြတဲ့အတိုင်းပါပဲ။ ပါဝင်တဲ့ ပစ္စည်းတွေရဲ့ တန်ဖိုးကို ကျွန်တော်တို့က မသိဘဲနဲ့ဆိုရင် အရင်တုန်းက ကျွန်တော်တို့ ကျောက်စိမ်းဆိုလို့ရှိရင် သိပ်ပြီးတော့ ကျွန်တော်တို့ မသိပါဘူး။ နောက်ပိုင်းမှာ ကျောက်စိမ်းရဲ့ တန်ဖိုးကို သိလာပါတယ်။ ဒီအတိုင်းပါပဲ ဒီတွင်းထွက်တွေမှာ ကျွန်တော်တို့ အများကြီးရှိပါတယ်။ Aluminium တို့၊ Nickel တို့၊ Chromium တို့၊ Antimony လေး၊ Sb လေး၊ Tin ဒီ သတ္တုပေါ့၊ Tin ဆိုရင် Sn ပေါ့၊ ကျွန်တော်တို့ ဒီဟာလေးတွေဟာ ခုနတုန်းက ကျွန်တော်တို့ရှိနေတဲ့ ပစ္စည်းတွေ၊ Electronic ပစ္စည်းတွေမှာပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ မြင်လိုက်ရတဲ့ Electronic ပစ္စည်းတွေမှာ ကျွန်တော်တို့ ကြည့်လိုက်လို့ရှိရင် လက်သည်းခွံလေးလောက် ရှိမှာပါ။ တကယ့် သေးသေးလေးတချို့ပစ္စည်းလေးတွေဟာ အဲဒီထဲမှာဆိုရင် ဒီလိုပစ္စည်းလေးတွေဟာ Milligram လောက်ပဲ ထည့်တာပါ။ Milligram လောက်ပဲ ထည့်တာ။ အင်မတန်မှ နည်းတဲ့ဟာလေးပါ။ ထည့်လိုက်တာနဲ့ သူ့ရဲ့ ဂုဏ်သတ္တိတွေက အများကြီး ပြောင်းသွားပါတယ်။ ဒါတွေဟာ အင်မတန်မှ အသုံးကျပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းမှာ သက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံခွင့်မပြုမီ ကျွန်တော်တို့ သယံဇာတပစ္စည်းတွေမှာပါတဲ့ Elements တွေကို သိရှိထားပြီးမှ ကျွန်တော်တို့ ဈေးညှိနိုင်းတာတို့၊ တန်ဖိုးဆုံးဖြတ်တာတို့ဆိုရင် ပိုပြီးတော့ ကျွန်တော်တို့အတွက် အကျိုးရှိမယ်ဆိုတဲ့အနေနဲ့ ဒါအများရဲ့ အသံကိုလည်း နားထောင်ပြီး ကျွန်တော်တင်ပြဆွေးနွေးခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဖြေကြားချက်

ဒေါက်တာမြင့်အောင် (ပြည်ထောင်စုဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန)။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အားလုံးကို ကျွန်တော်ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၈) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည်ရဲ့ သယံဇာတပစ္စည်းများကို လုပ်ကိုင်ခွင့်ချမှတ်မပေးမီ ဆန်းစစ်မှုများ ရှိ/မရှိ သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သဘာဝအားဖြင့် သတ္တုသယံဇာတသိုက် (Mineral Deposit) များသည် Element တစ်မျိုးတည်း မဟုတ်ဘဲ အစုအဝေးလိုက် (Element Association) အဖြစ် ဖြစ်ထွန်းတည်ရှိနေတတ်ပါတယ်။ ဥပမာအားဖြင့် ခဲမဖြူ (Tin)၊ အဖြိုက်နက် (Tungstem) တို့နဲ့ တွဲဖက်၍ လည်းကောင်း၊ ခဲ၊ သွပ်နှင့် ငွေတို့ကို တွဲဖက်နေ၍လည်းကောင်း၊ ရွှေနှင့် ကြေးနီတို့ကို တွဲဖက်၍လည်းကောင်း ဖြစ်ထွန်းတည်ရှိနေတတ်ပါသည်။

ထိုကဲ့သို့ အဓိကသတ္တုဒြပ်စင် အစုအဝေး (Major Element Association) များအပြင် ၎င်းတို့နှင့် ဆက်စပ်ဖြစ်ထွန်းနေသော အခြား အရန်ဒြပ်စင် (Minor and Trace Element)များလည်း ပူးတွဲပါဝင်တတ်ပါတယ်။ ဥပမာအားဖြင့် ခဲမဖြူ အဖြိုက်နက်တို့နှင့် တွဲဖက်၍ တိုက်တေနီယမ် (Titanium)၊ နိုင်အိုဘီယမ် (Niobium)၊ တန်တလန် (Tantalum) စသည်တို့ကဲ့သို့ မြေရှားဒြပ်စင် (Rare Earth Element) များလည်း ပါဝင်လေ့ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး ရှင်းလင်းတင်ပြတဲ့အတိုင်း ၁၉၂၀ ခုနှစ်ကတည်းက သယံဇာတ အမျိုးအစားတွေ၊ နေရာတွေ စမ်းသပ်လေ့လာပြီး မှတ်ပုံတင်ထားရှိတာလည်း တွေ့ရပါတယ်။ သတ္တုတွင်းဝန်ကြီးဌာန၊ ဘူမိဗေဒ လေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနဟာ ကိုလံဘိုစီမံကိန်းအရ လည်းကောင်း၊ UNDP စီမံကိန်းအရလည်းကောင်း၊ BGR (Germany) အကူအညီရယူ၍လည်းကောင်း၊ ၁၉၇၀ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ မြန်မာနိုင်ငံအတွင်း ဓာတ်သတ္တု ဖြစ်ထွန်းမှုတိုင်းတာခြင်းနှင့် Geological Mapping ရေးဆွဲခြင်းများ ပြုလုပ်၍ ဓာတ်သတ္တုဖြစ်ထွန်းမှုကို မှတ်တမ်းတင်ထားရှိပြီးလည်းဖြစ်ပါတယ်။

လက်ရှိအခြေအနေတွင်လည်း မြန်မာနိုင်ငံ၏ သတ္တုရပ်ဝန်း (Mineral Provinces) အသီးသီးမှ သတ္တုသိုက် အမျိုးမျိုးတို့အား ဘူမိဓာတုဆိုင်ရာလေ့လာစမ်းသပ်မှုနည်းစဉ်များဖြင့် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနက စဉ်ဆက်မပြတ် စမ်းသပ်တိုင်းတာဆောင်ရွက်လျက်ရှိပါသည်။ ကျောက်နမူနာများ၊ မြေသားနမူနာများ၊ ချောင်းသဲနမူနာများကို ဘူမိဓာတုဗေဒဆိုင်ရာ ဓာတ်ခွဲခန်းများတွင် AAS, XRF, XRD စသည်ဖြင့် X-Ray စမ်းသပ်မှုများဖြင့်လည်းကောင်း၊ Petrology သေလဗေဒ၊ Mineralogy တွင်းထွက်ဗေဒနှင့် Wet Chemical Analysis စသည့် နည်းစဉ်များဖြင့် သုတေသနပြုဖော်ထုတ်လျက်ရှိပါတယ်။

ပြည်တွင်း/ ပြည်ပ ကုမ္ပဏီများမှ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်မည်ဆိုပါက လုပ်ငန်းဆောင်ရွက်ခွင့်မပြုမီ ကုမ္ပဏီမှ အဆိုပြုဧရိယာတွင် ဓာတ်သတ္တုဖြစ်ထွန်းမှု ရှိ/မရှိနှင့် ဖြစ်ထွန်းသည့် ဓာတ်သတ္တု အမျိုးအစား မှန်ကန်မှု ရှိ/မရှိကို သတ္တုတွင်းဝန်ကြီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနက ဦးစွာစိစစ်ဆောင်ရွက်ပြီး မှန်ကန်မှသာ သို့မဟုတ် ဘူမိဗေဒ သဘောတရားအရ ဖြစ်ထွန်းနိုင်ခြေရှိမှသာ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနနှင့် တွဲဖက်၍ ဘူမိဗေဒဆိုင်ရာ (Geological)၊ ဘူမိဓာတုဗေဒဆိုင်ရာ (Geochemical)၊ ဘူမိရူပဗေဒဆိုင်ရာ (Geophysical) စမ်းသပ်တိုင်းတာမှုများကို မြန်မာ့သတ္တုတွင်း ဥပဒေနှင့်အညီ သတ်မှတ် အခွန်အခများ ပေးသွင်း၍ ဆောင်ရွက်စေတာ ဖြစ်ပါတယ်။

ကုမ္ပဏီမှ ဓာတ်သတ္တု စမ်းသပ်တိုင်းတာမှုလုပ်ငန်း ဆောင်ရွက်ရာတွင် သတ်မှတ်ချက်နှင့်အညီ ဓာတ်ခွဲစမ်းသပ်စေလျက် ခွင့်ပြုဓာတ်သတ္တုမှအပ အခြားဓာတ်သတ္တုများ ပါဝင်မှု ရှိ/မရှိကို ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ ဓာတ်ခွဲခန်းတွင် ဓာတ်ခွဲစမ်းသပ်မှု ပြုလုပ်၍ ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ စမ်းသပ်တိုင်းတာပြီးနောက် တူးဖော်ထုတ်လုပ်ရန်အတွက် ဖြစ်မြောက်နိုင်စွမ်းရှိသည့် သတ္တုသိုက်တစ်ခုတွင် ပါဝင်သော သတ္တုဒြပ်စင်များ သတ္တုနှင့် ဆက်စပ်ဖြစ်ပေါ်နေသော Element Association များကို သိရှိပြီးမှသာ ထုတ်လုပ်မှုအတွက် သတ္တုတွင်းဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခွင့်ပေးခြင်းဖြစ်ပါတယ်။ ဓာတ်သတ္တုစမ်းသပ်တိုင်းတာခြင်း၊ ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ခွင့်ပြု ဓာတ်သတ္တု အမျိုးအစားမှအပ အခြားဓာတ်သတ္တုများ တွေ့ရှိပါက သတ္တုတွင်းဝန်ကြီးဌာနသို့ ချက်ချင်းသတင်းပို့ တင်ပြရမည်ဟု ခွင့်ပြုမိန့်၏ စည်းကမ်းချက်များတွင် ထည့်သွင်းထားသည့်အပြင် တွေ့ရှိရသော အခြားဓာတ်သတ္တုသည် နိုင်ငံတော်ပိုင်ဖြစ်ပြီး၊ ကန်ထရိုက်တာ သို့မဟုတ် ခွင့်ပြုမိန့်ရရှိသူနှင့် လုံးဝမသက်ဆိုင်စေရဟု လုပ်ငန်းသဘောတူစာချုပ်တွင် ထည့်သွင်းဖော်ပြထားပါတယ်။

သို့ဖြစ်ပါ၍ သယံဇာတပစ္စည်းများကို ထုတ်လုပ်လုပ်ကိုင်ခွင့် ချမှတ်မပေးမီ သတ္တုဒြပ်စင် (Element) များ ပါဝင်မှုကို ဥပဒေနှင့်အညီ ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်းများ ပြုလုပ်ဆန်းစစ်ပြီးမှ ဖြစ်မြောက်နိုင်စွမ်းပေါ်မူတည်၍ ဓာတ်သတ္တုထုတ်လုပ်ခွင့် ခွင့်ပြုမိန့်များအား စိစစ်၍ ဧက(၅၀)အောက်ကို ဝန်ကြီးဌာနမှ ခွင့်ပြုပြီး ဧက(၅၀)နှင့်အထက်အား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ စိစစ်သဘောတူညီချက်ဖြင့် အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြပြီးခွင့်ပြုပေးနေပါကြောင်းဖြေကြားရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံးကို လေးစားပါတယ်။

လွှတ်တော်ရေးရာကဏ္ဍ

ပြည်သူများ၏အကျိုးကို သယ်ပိုးဖြည့်ဆည်းပေးရန် အားသွန်ခွန်စိုက် ပြုပြင်ပြောင်းလဲဆောင်ရွက်နေ ဒေသခံပြည်သူများ၏ သစ်လိုအပ်ချက်ကို သစ်ဆိုင်၊ သစ်စက်များမှ ဖြန့်ဖြူးရောင်းချပေးလျက်ရှိ

ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် အမျိုးသားလွှတ်တော်ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးလှဆွေ မေးမြန်းသည့် မေးခွန်းများနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဖြေကြားချက်များကို ဖော်ပြလိုက်ပါသည်။

နိုင်ငံတစ်ဝန်းရှိ ကျေးလက်နေပြည်သူများ အိမ်ရာဆောက်လုပ်ခြင်းအတွက် လိုအပ်သော သစ်ရရှိရေး မည်ကဲ့သို့အစီအမံများ ချမှတ်ထားသည်၊ ပိုမိုကောင်းမွန်အောင် မည်သို့ ဆက်လက်လုပ်ဆောင်သွားမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း

ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီးများ အားလုံးအားကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေဖြစ်ပါတယ်။ ကျွန်တော်တင်ပြလိုတဲ့ မေးခွန်းကတော့ နိုင်ငံတစ်ဝန်းရှိ ကျေးလက်နေပြည်သူများ အိမ်ရာဆောက်လုပ်ခြင်းအတွက် လိုအပ်သော သစ်ရရှိရေး မည်ကဲ့သို့ အစီအမံများ ချမှတ်ထားသည်၊ ပိုမိုကောင်းမွန်အောင် မည်သို့ ဆက်လက်လုပ်ဆောင်သွားမည်ကို သိရှိလိုပါကြောင်း ဟူ၍ ဖြစ်ပါတယ်။ **ဥက္ကဋ္ဌကြီးခင်ဗျား**။ ရာခိုင်နှုန်း (၇၀)ကျော်ရှိတဲ့ ကျေးလက်နေပြည်သူများရဲ့ အိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်းအတွက် လက်ရှိအခြေအနေအရ မှောင်ခိုခွဲစိတ်ထားတဲ့ သစ်ကိုသာ အားကိုးပြုပြီး ဆောက်နေကြရတာဖြစ်ပါတယ်။ လူ့ဘဝမှာ စားရေးပြည့်စုံရင် ဝတ်ရေး၊ ဝတ်ရေးပြည့်စုံရင် နေရေးဟာ မရှိမဖြစ် လိုအပ်ချက်တစ်ရပ်ဖြစ်တာနဲ့အညီ အိမ်ရာဆောက်လုပ်နေထိုင်ကြရမှာလည်းဖြစ်ပါတယ်။ ဒီအတွက်လိုအပ်တဲ့သစ်ရရှိရေးဟာ အစိုးရသစ်အရောင်းဆိုင်တွေက မည်သူတွေကို မည်သည့်စနစ်ဖြင့် မည်ကဲ့သို့ ရောင်းချပေးနေသည်ဆိုခြင်းမှာ ပွင့်လင်းမြင်သာမှုမရှိကြောင်း လက်တွေ့သိနိုင်ပါတယ်။

သာမန်ပြည်သူတစ်ဦး သစ်ဝယ်လိုပါက နေပြည်တော်အထိ အဆင့်ဆင့်သော လျှောက်လွှာစိစစ်မှုများ တင်ပြပြီးမှာသာ သစ်အပွ၊ အဆွေး၊ အဟောင်းသာ ရရှိတဲ့အတွက် မိမိတို့ အိမ်သစ်ဆောက်လုပ်ရန် အဆင်မပြေကြောင်း တွေ့ရမှာဖြစ်ပါတယ်။ သစ်ရောင်းချခွင့်ကိုလည်း သစ်ရောင်းစက်မန်နေဂျာတွေမှာ အခွင့်အာဏာမရှိကြောင်း တွေ့ရပါတယ်။ ယခင်က မြို့နယ်သစ်တောဦးစီးမှူးရဲ့ လုပ်ပိုင်ခွင့်အတွင်းမှာ ကျေးရွာအတွင်းရှိ အိမ်ဆောက်လုပ်လိုပါက သစ်ခွဲသားသုံးတန်လိုမယ်ဆိုလို့ရှိရင် အဲဒီတန်ထွက်နိုင်တဲ့အပင်ကို ပင်ထောင်ရိုက်ပေးပြီးတော့ အိမ်ဆောက်မယ့် အိမ်ဝိုင်းအတွင်းမှာ လွှစင်ထောင်ခွဲစက် ခွဲစိတ်စေကာ လိုအပ်တဲ့ အခွန်အခကို ပေးသွင်းရတဲ့ စနစ်ရှိပါတယ်။

ဒီစနစ်ကို ကိုယ်ပိုင်အိမ်ဆိုတဲ့ ခေါင်းစဉ်အမည်ဖြင့် ဆောင်ရွက်ခွင့် ပြုခဲ့တာဖြစ်ပါတယ်။ ဒီစနစ်ဟာ လက်ရှိမှာမရှိတော့တာလား။ ပယ်ဖျက်လိုက်တာလားတော့ မသိပါဘူး။ လက်တွေ့မှာတော့ သစ်တောအတွင်းခိုးဝှက်ပြီးတော့ လာရောင်းတဲ့ ပျဉ်ကိုသာမှာယူပြီး အိမ်တိုင်ထူခြင်းစတင်ပြုလုပ်လျှင်ပင် သစ်တောဌာန ဘိနယ်တာဝန်ခံကို တစ်သောင်းခွဲမှ နှစ်သောင်းကျပ်အထိ ပေးဆောင်ရပါတယ်။ ထိုသို့ မပေးဆောင်နိုင်ပါက အိမ်ဆောက်ထားသော သစ်တန်ချိန်၏ ဒေသပေါက်ဈေး နှစ်ဆကို ဒဏ်ကြေးပေးဆောင်ရမှာ ဖြစ်ပြီးတော့ မဆောင်နိုင်ပါက အပက (၃) ပုဒ်မ ၆၁ စသည်ဖြင့် ထောင်ကျခံရဖွယ်အခြေအနေ ဖြစ်ပါတယ်။

ထိုကဲ့သို့ ဘိနယ်တာဝန်ခံများက နားလည်မှုဖြင့် ငွေကြေးတောင်းခံမှုမှာလည်း ခင်ရင်ခင်သလို မခင်ရင်မခင်သလို၊ အပြုစုကောင်းရင် ကောင်းသလို မကောင်းရင်မကောင်းသလို ငွေကြေးကွာခြားလျက်ရှိကြောင်း သိရပါတယ်။ ၄င်းကိစ္စဟာ သစ်တောဝန်ထမ်းအား လာဘ်ငွေမပေးပြန်ရင်လည်း အိမ်ဆောက်လို့ကမရ၊ ထောင်ပင်ကျနိုင်တယ်။ အစိုးရသစ်ဆိုင်မှာ ဝယ်ဖို့ကလည်း နေပြည်တော်အထိ လျှောက်လွှာက တက်ရမယ်ဆိုတော့ ရွာဘေးတောစပ်မှာရှိတဲ့ လွှစင် ထိုးခွဲသားတွေကိုသာ အားကိုးဆောက်လုပ်နေရတာဟာ အချိန်ကြာမြင့်လှပြီ ဖြစ်ပြီးတော့ နောင်လည်း ဒီလိုပဲဆက်ဖြစ်နေဦးမယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ ဒီကိစ္စဟာ အမှန်တရားမဖြစ်နိုင်ပါဘူး။ ပွင့်လင်းမြင်သာသော ခေတ်အခြေအနေနဲ့ ကွာခြားနေတဲ့ ကိစ္စတစ်ရပ် ဖြစ်ပါတယ်။

ထိုသို့ တရားမဝင်နားလည်မှုဖြင့် လုပ်ဆောင်နေခြင်းအတွက် အဆင်ပြေတဲ့ ရွာများမှာတော့ ခြံစည်းရိုးကို ၂ × ၁ လက်မအသားနဲ့ ကာရံတဲ့အခါမှာ ကျွန်းသားကို အသုံးပြုတာတွေ့ကြရပြီးတော့ တန်ဖိုးရှိလှတဲ့ ရတနာတန်းဝင်ကျွန်းသားများအတွက် အလွန်နှမြောဖွယ်ရာ ကောင်းပါတယ်။ ကိုယ့်နိုင်ငံကထွက်တဲ့ ကျွန်းကိုယ့်ဟာကို သုံးမယ်ဆိုပြီးတော့ ခြံစည်းရိုးကာကာ၊ အိမ်သာဆောက်ဆောက်လုပ်နေကြတာဟာ လွဲမှားနေတယ်လို့လည်း ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ အိမ်တိုင်ကို ဘာအသား၊ ကြမ်းခင်းကို ဘာအသား၊ ခြံစည်းရိုးကိုဘာအသားစသည်ဖြင့် သုံးပေးမှ အဖိုးတန်တဲ့သစ်ကို တန်သလို အသုံးပြုနိုင်အောင် ဖော်ဆောင်ပေးသင့်ပါတယ်။

သို့မှသာ နိုင်ငံတော်အနေနဲ့လည်း ထိုက်သင့်တဲ့ အခွန်အခကို ရရှိမှာဖြစ်ပါတယ်။ ဒီလိုအိမ်ဆောက်ဖို့ရာအတွက် သစ်တောဦးစီးဌာနက ပင်ထောင်ရိုက်ပေးတဲ့စနစ်တွေ ပြန်လည်အသက်ဝင်စေသင့်တယ်လို့ ကျွန်တော့်အနေနဲ့ ထင်ပါတယ်။ ဒါမှမဟုတ် အရောင်းစက်မန်နေဂျာများကိုလည်း ရောင်းချခွင့်အာဏာများ ဖြန့်ဝေပေးသင့်ပါတယ်။ မဟုတ်လို့ရှိရင် ခွဲစိတ်ထားတဲ့ သစ်တွေဟာ အရောင်းစက်တွေမှာ ပုံနေပြီးတော့ အရောင်ပြောင်းသွားတဲ့အခါမှာ လပ်ပုံဆိုပြီးတော့ အပုံကြီးတွေ ဖြစ်လာပါတယ်။ အဲဒီဟာ အရောင်ပြောင်းသွားတဲ့အခါမှာ တန်ဖိုးနိမ့်ပြီးတော့ ဒီသစ်တွေဟာ နောက်ကျတော့ လေလံပစ်တဲ့အဆင့်ရောက်သွားပြီးတော့ နှစ်သိန်းခွဲတန်သစ်ဟာ ငါးသောင်းလောက်ပဲရတဲ့ အနေအထားဖြစ်တဲ့အတွက်ကြောင့် နိုင်ငံတော်အတွက်လည်း အလွန်နစ်နာတာကို တွေ့ရှိရပါတယ်။

အချို့မှန်မှန်ကန်ကန် နေထိုင်ရပ်တည်လိုတဲ့ ပြည်သူများဟာ မှောင်ခိုသစ်ကို မဝယ်လိုကြပါဘူး။ သစ်တောဝန်ထမ်းကိုလည်း လာဘ်မထိုးလိုကြပါဘူး။ သစ်တောဝန်ထမ်းများကလည်း ကျွန်းသားဖြင့် အိမ်တိုင်ထူပြီးပြီဆိုတာနဲ့ အမှန်အကန် ဒဏ်ရိုက်မယ်ဆိုရင် တစ်တန်လျှင် ပြင်ပပေါက်ဈေး ၁၀ သိန်းရှိရင် နှစ်ဆဖြစ်တဲ့ သိန်း ၂၀ ရိုက်ရမယ့် အခြေအနေမှ ညှိနှိုင်းဈေးနဲ့ နှစ်သောင်းသုံးသောင်းစသည်ဖြင့် သင့်သလို တောင်းသွားတာဟာ ပြည်သူကို ညှာညှာတာတာလုပ်သွားတယ်လို့တောင် ပြောရမလို ဖြစ်နေပါတယ်။ ဒါပေမယ့် ဒီလိုဖြစ်ရပ်တွေဟာ ပွင့်လင်းမြင်သာမှုမရှိတဲ့ လက်သိပ်ထိုး အောက်ခြေချင်း ပြေလည်မှုနဲ့ ဆောင်ရွက်နေတဲ့ကိစ္စဖြစ်ပြီး အမှန်တရားလို့ ကျွန်တော် မယူဆပါဘူး။ ဒါကို အမှန်တရား ဖြစ်လာအောင် ပွင့်ပွင့်လင်းလင်း ဖြစ်လာအောင် ဘယ်လိုအဖြေရှာရမလဲဆိုတာကို သိလိုတဲ့အတွက် အထက်ပါမေးခွန်းကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းတင်ပြရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဖြေကြားချက်

ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)။ ။ ဒုတိယမေးခွန်းရှင်ဖြစ်တဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ၏ နိုင်ငံတစ်ဝန်းမှာရှိသော ကျေးလက်နေပြည်သူများ အိမ်ရာဆောက်လုပ်ခြင်းအတွက် လိုအပ်သော သစ်ရရှိရေး မည်သို့အစီအမံများ ချမှတ်ထားသည်။ ပိုမိုကောင်းမွန်အောင် မည်သို့ဆက်လက်လုပ်ဆောင်သွားမည်ကို သိရှိလိုပါကြောင်း မေးခွန်းနဲ့ပတ်သက်လို့ ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ အမျိုးသားလူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်ကောင်းမွန်ရေးနှင့်ဂေဟစနစ်များ ဖြစ်ထွန်းရေးကို ရည်ရွယ်၍ ၁၉၉၅ ခုနှစ်တွင် မြန်မာ့သစ်တောမူဝါဒ (၆)ချက်ကို ချမှတ်ခဲ့ရာ ပြည်သူလူထု၏ အခြေခံစားဝတ်နေရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်ဆိုသည့် အဓိကကျသော အချက်တစ်ချက်လည်း အပါအဝင် ဖြစ်ပါတယ်။

လူဦးရေ တိုးတက်များပြားလာမှုနှင့်အတူ သစ်၊ ထင်း၊ လောင်စာ လိုအပ်ချက်များ၊ ဖွံ့ဖြိုးရေးစီမံကိန်းကြီးများအတွက် သစ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် နိုင်ငံတော်၏ သစ်တောသယံဇာတများ ရေရှည်တည်တံ့ရေးနှင့် ထိရောက်အကျိုးရှိစွာ ထုတ်လုပ်သုံးစွဲနိုင်ရေးအတွက် ထိန်းညှိလျက် အလေးထား ဆောင်ရွက်လျက်ရှိပါတယ်။

ဒေသခံပြည်သူများ၏ အိမ်ရာဆောက်လုပ်ရာ၌ သစ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် မြန်မာ့သစ်လုပ်ငန်းလက်အောက်မှာရှိသော သစ်ဆိုင်၊ သစ်စက်များမှ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပြီး၊ မြို့နယ်များနှင့်ကွာဝေးပြီး သွားလာရေးခက်ခဲသော ဒေသများအတွက်မူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး ပြောကြားခဲ့သည့်အတိုင်း မိမိသုံးသစ်ထုတ်လုပ်ခွင့်ပြုခြင်းကို သစ်တောဦးစီးဌာနက စနစ်တကျ ခွင့်ပြုပေးနိုင်ပါတယ်။ ထိုကဲ့သို့ ထုတ်လုပ်ခွင့်ပြုရာတွင် ဒေသခံအုပ်ချုပ်ရေးအဖွဲ့များ၏ ထောက်ခံချက်အရ ခုတ်လှဲထုတ်ယူခွင့်ပြုသည့်နေရာ၊ သစ်အမျိုးအစား၊ တန်ပမာဏ စသည့် အသေးစိတ်များကို စိစစ်ခွင့်ပြုပေးရတာ ဖြစ်ပါတယ်။

ဒေသခံပြည်သူများ၏ နေရေးနှင့် အသက်မွေးဝမ်းကျောင်းပြုရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် နည်းလမ်းတစ်ရပ်အနေဖြင့် စီးပွားဖြစ်မဟုတ်သည့် မိမိသုံး၊ လယ်ယာသုံး သို့မဟုတ် ငါးဖမ်းလုပ်ငန်းသုံးအတွက်ဖြစ်လျှင် သတ်မှတ်သည့်အရေအတွက်ထက် မကျော်လွန်ပါက ခွင့်ပြုမိန့်ရယူရန် မလိုဘဲ ထုတ်ယူသုံးစွဲနိုင်သည်ဟု ၁၉၉၂ ခုနှစ် သစ်တောဥပဒေ၌ ဖော်ပြထားရှိပါတယ်။သစ်တော ဥပဒေ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(ဂ) အရ သစ်တောအရာရှိသည် ခွင့်ပြုပေးနိုင်သည့် သစ်တောထွက်ပစ္စည်းတစ်ခုချင်း၏ အရေအတွက်ကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်နိုင်သည်ဟု ဖော်ပြထားပါသည်။

၁၉၉၅ ခုနှစ်အတွင်း ထုတ်ပြန်ခဲ့သော သစ်တောနည်းဥပဒေများ ပုဒ်မ ၄၆ တွင်လည်း ခွင့်ပြုမိန့်မလိုသည့် သစ်တောထွက်ပစ္စည်းများကို ထုတ်ယူခြင်းနှင့်စပ်လျဉ်းသည့် မြို့နယ်သစ်တောအရာရှိသည် ထုတ်ယူခွင့်တောင်းခံသော သစ်၊ တိုင်၊ မျှောများအတွက် ပင်ထောင်ရိုက်မှတ်၍ ငုတ်ရင်းတွင် မိမိသုံး တံဆိပ်ရိုက်မှတ်ပေးရမည်၊ ထုတ်ယူခွင့်ရရှိသူ၏ အမည်၊နေရပ်၊လိပ်စာ၊သစ်တောထွက်ပစ္စည်း အမျိုးအစားနှင့် အရေအတွက်တို့ကို မှတ်တမ်းတင်ထား ရှိရမည်ဟု ပြဋ္ဌာန်းထားရှိပါတယ်။

သို့သော် ဥပဒေမှ ပြဋ္ဌာန်းပေးထားသော သက်သာခွင့်များအား အကာအကွယ်ယူ၍ ဝန်ထမ်းများအပိုင်းမှရော အသုံးပြုသူများဘက်ကပါ မသမာသောနည်းများဖြင့် ဆောင်ရွက်မှုများ၊ ကိုယ်ကျိုးစီးပွားအတွက် အလွဲသုံးပြီး ရေတိုလောဘဖြင့် စည်းကမ်းမဲ့ဆောင်ရွက်မှုများဖြင့် အဆိုပါ ခွင့်ပြုချက်အား ပြန်လည်ကန့်သတ်ခဲ့ရပြီး၊ အဆိုပါ တရားမဝင် သစ်ထုတ်လုပ်မှုများအား တည်ဆဲသစ်တောဥပဒေ၊နည်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ခဲ့ရပါတယ်။ ဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ တားမြစ်ချက်၊ ကန့်သတ်ချက်များသည် ကျူးလွန်ဖောက်ဖျက်မှုများကို အကြောင်းပြု၍ ပြဋ္ဌာန်းကျင့်သုံးလာရခြင်းဖြစ်ပြီး ဥပဒေပြဋ္ဌာန်းချက်ပါ သက်သာခွင့်များမှာလည်း လိုက်နာကျင့်သုံးသူများ၏ ကျင့်ဝတ်မစောင့်ထိန်းမှုဥပဒေကို လက်တစ်လုံးခြား လှည့်ဖြား၍ မသမာသောနည်းလမ်းဖြင့်အကာအကွယ်ယူမှုများကြောင့်သာ ကန့်သတ်ထိန်းချုပ်ဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။

လက်ရှိအခြေအနေတွင် တရားမဝင်သစ်ထုတ်ယူခြင်း လုပ်ငန်းသည် အချိန်တိုအတွင်းအရင်းအနှီးအနည်းဆုံးနှင့် အကျိုးအမြတ်အများဆုံး ရရှိနိုင်ခြင်းကြောင့် နိုင်ငံအနှံ့အပြားမှာ ဤဖြစ်စဉ်များဖြစ်ပွားလျက်ရှိသဖြင့် အလေးထား အရေးယူဆောင်ရွက်နေရကြောင်း တင်ပြအပ်ပါတယ်။

သစ်တောပျက်စီးပြုန်းတီးမှုနှင့် သစ်တောအရည်အသွေးကျဆင်းလာခြင်းကြောင့် ဒေသခံပြည်သူများ နေထိုင်ရာ မြို့၊ ရွာများနှင့် သစ်၊ တိုင်၊ မျှောများရရှိနိုင်သည့် သဘာဝတောများသည် တဖြည်းဖြည်း အလှမ်းကွာဝေးလာခြင်းတို့ကြောင့် ကျေးလက်နေပြည်သူများအနေဖြင့် မိမိတို့လိုအပ်သည့် သစ်၊ တိုင်၊ မျှော၊ ထင်းလောင်စာများကို အိမ်၊ ခြံဝန်းကျင်လက်တစ်ကမ်းတွင် အလွယ်တကူ ရရှိနိုင်စေရန်နှင့် အခြေခံလိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရန် ရေရှည်အကျိုးကို မျှော်ကိုးပြီးတော့ ပြည်သူလူထုပူးပေါင်းပါဝင်သော ကျေးလက်အိမ်ရာစီမံကိန်းစိုက်ခင်းများအဖြစ် တစ်ရွာ တစ်ဧကစိုက်ခင်းများ၊ တစ်အိမ်ထောင်လျှင် ကျွန်းသုံးပင်၊ သစ်မာပင် ၂၀ စိုက်ပျိုးခြင်းလုပ်ငန်းများ၊ လူတစ်ဦးလျှင် ကျွန်းတစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းများကို ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်မှစတင်ပြီး စီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။

၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ခုနှစ်အထိ မကွေးတိုင်းဒေသကြီးအတွင်းတွင် တစ်ရွာတစ်ဧကစိုက်ခင်း ၄၄၇၇ ဧက၊ ကျွန်းပင်ပေါင်း ၁၂ သိန်းကျော်နှင့် သစ်မာပင်ပေါင်း ၅၃ သိန်းကျော်ကို အချိန်အခါကျရောက်သည့်အခါ ထုတ်ယူသုံးစွဲနိုင်ရန် စည်းရုံးစိုက်ပျိုးပေးခဲ့ပြီး ဖြစ်ပါတယ်။လက်ရှိနိုင်ငံတော်အစိုးရအနေဖြင့် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်မှုစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် သန္နိဋ္ဌာန်ချမှတ်ပြီး အခြေခံအတွေးအခေါ် မြော်မြင်မှုမှအစ ပြည်သူများ၏ အကျိုးကို သယ်ပိုးဖြည့်ဆည်းပေးရန် အားသွန်ခွန်စိုက် ပြုပြင်ပြောင်းလဲဆောင်ရွက်နေကြပြီဖြစ်သော်လည်းပဲ အချို့အောက်ခြေဝန်ထမ်းများအထိ နားလည်သဘောပေါက်လိုက်နာကြရန် လိုအပ်နေသေးသည်ဆိုတာလည်း အမှန်အတိုင်းတင်ပြလိုပါတယ်။

ပြည်ထောင်စုဝန်ကြီးဌာနများအနေဖြင့် တာဝန်အရှိဆုံးပုဂ္ဂိုလ်မှအစ အောက်ဆုံးအဆင့်ဝန်ထမ်းများအထိ မိမိတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အကြောင်းပြုကာ ကိုယ်ကျိုးအလွဲသုံးဆောင်ရွက်မှုများ၊ မသမာမှုများ၊ လာဘ်ပေးလာဘ်ယူ ဆောင်ရွက်မှုများ ဖော်ထုတ်သိရှိရပါက စည်းမျဉ်းစည်းကမ်းဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပြည်သူများဘက်မှလည်း ထိုကိစ္စအား ဖော်ထုတ်သတင်းပေးတိုင်ကြားမှုများ ပြုပေးကြပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါတယ်။

ဝန်ထမ်းများရော ပြည်သူများဘက်မှပါ အသိတရားနှင့် ဆင်ခြင်တုံတရားများထွန်းကားလာရေး ဝန်ကြီးဌာနအနေဖြင့် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် လက်ရှိအခြေအနေထက် သာလွန်ကောင်းမွန်သောနည်းလမ်းများကိုလည်း ရှာဖွေအသုံးပြုသွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ပြည်တွင်းသတင်း

ကြည့်ရှု အားပေး

ဒုတိယသမ္မတ ဦး ညဏ် ထွန်း မြန်မာ့ ဆန်စက်နှင့် လယ်ယာထွက်ကုန်တန်ဖိုးမြှင့် စက်ကိရိယာပြပွဲ-၂၀၁၃ သို့ တက်ရောက်ကြည့်ရှု အားပေးစဉ်။
(သတင်းစဉ်)

◆ *ကျောဖုံးမှ*

လက်ရှိအခြေအနေထက် ပိုမိုတိုးတက် စိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် လယ်ယာကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို မလွဲမသွေ ပြုလုပ်ရမှာဖြစ်ကြောင်း၊ ယင်းသို့ ပြုပြင်ပြောင်းလဲရာတွင် စိတ်ဓာတ်ရေးရာအရပါ ပြုပြင်ပြောင်းလဲရန်လိုအပ်ကြောင်း၊ မိမိပိုင်ဆိုင်သည့် လယ်ယာမြေကို မိမိတို့ သားစဉ်မြေးဆက် မှီခိုလုပ်ကိုင် စားသောက်နိုင်အောင် ကြိုးပမ်းစီမံအားထုတ်မည်ဆိုသည့် ခံယူချက်နှင့် စိတ်ဓာတ်ကိုပြုပြင်ပြောင်းလဲရမည် ဖြစ်ကြောင်း၊ ဈေးကွက်ဝင် အထွက်ကောင်း မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးခြင်း၊ သွင်းအားစုအမျိုးအစားမှန်များ ဖြည့်ဆည်းခြင်း၊ ထွန်ယက်ရိတ်သိမ်းမှုများတွင် စက်ကိရိယာများ သုံးနိုင်အောင် စီစဉ်ပေးခြင်း၊ လယ်ကွင်းပုံသဏ္ဍာန်များကို ဧကကွက်စကေးအဖြစ် စနစ်တကျပြင်ဆင်ပေးခြင်း၊ ကုန်ထုတ်လမ်းများပြုလုပ်ပေးခြင်း၊ လယ်ကွင်းအထိရေရောက်အောင် ရေမြောင်းဖောက်ပေးခြင်း၊ ဈေးကွက်နှင့် ချိတ်ဆက်ပေးခြင်းနှင့် ဈေးမှန်ရအောင် စီမံပေးခြင်းများကို ဆောင်ရွက်ပေးနိုင်လျှင် လယ်ယာကဏ္ဍစီးပွားရေးသည် သိသိသာသာ တိုးတက်လာမှာ ဖြစ်ကြောင်း၊ ထို့အပြင် ထွက်ရှိလာသည့် လယ်ယာထွက်ကုန်သီးနှံများကို ကုန်ကြမ်းအတိုင်းတင်ပို့နေမည့်အစား ခေတ်မီစက်ကိရိယာအသုံးပြုပြီး တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်၍ ဈေးကွက်တင်ပို့နိုင်ပါက လယ်ယာကဏ္ဍ သိသိသာသာ တိုးတက်လာမှာ ဖြစ်သကဲ့သို့ တောင်သူလယ်သမားများ၏ လူနေမှုဘဝလည်း မြင့်တက်လာမှာ ဖြစ်ကြောင်း။

စိုက်ပျိုးထုတ်လုပ်မှုအပိုင်းတိုးတက်အောင် ဆောင်ရွက်နေသကဲ့သို့ တစ်ဖက်မှာလည်း ကြိတ်ခွဲထုတ်လုပ်တင်ပို့မှုများကို တိုးတက်အောင် ဆောင်ရွက်သွားရမှာလည်း ဖြစ်ကြောင်း၊ ကြိတ်ခွဲထုတ် လုပ်မှုအပိုင်းမှာ ခေတ်မီစက်ကိရိယာများကို အသုံးပြုပြီး ထုတ်ကုန်များ အရည်အသွေးမြင့်မားအောင် ထုတ်လုပ်နိုင်ရေးအတွက်သာမက တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်ရေးအတွက်ပါ ကြိုးပမ်းဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ မိမိတို့ ထုတ်လုပ်လိုက်သည့် ထုတ်ကုန်ပစ္စည်းများသည် ဈေးကွက်၌ ယှဉ်ပြိုင်နိုင်စွမ်းရှိအောင် သမားရိုးကျ ထုတ်လုပ်မှုနည်းစဉ်များမှ ခေတ်မီစက်ကိရိယာနှင့်နည်းပညာများအသုံးပြုပြီး အရည်အသွေး မြင့်တင်ထုတ်လုပ်သွားရန် လိုအပ်ကြောင်း။

ယနေ့မိမိတို့နိုင်ငံမှာ တောင်သူလယ်သမားများ အများဆုံးစိုက်ပျိုးထုတ်လုပ်သည့် လယ်ယာထွက်ကုန်သီးနှံဖြစ်သည့် ဆန်စပါး၊ ပဲမျိုးစုံ၊ ပြောင်းနှင့် ဆီထွက်သီးနှံအများစုသည် ပြည်တွင်းသုံးစွဲမှုထက်ပိုလျှံပြီး ပြည်ပတင်ပို့ရသည့် သီးနှံများ ဖြစ်သည့်အတွက် သီးနှံများ၏ ပြည်တွင်းဈေးနှုန်းဖြစ်တည်မှုသည် ပြည်ပတင်ပို့မှုနှင့် နိုင်ငံတကာပေါက်ဈေးနှုန်းများအပေါ် မူတည်နေခြင်းကြောင့် ပြည်တွင်းကူးသန်းရောင်းဝယ်မှု လွယ်ကူလျင်မြန်ချောမွေ့ရေးနှင့် ပြည်ပကို လွယ်ကူလျင်မြန်စွာ တင်ပို့နိုင်ရေးတို့သည် အဓိကကျသည့် အချက်ဖြစ်ကြောင်း။

တောင်သူ လယ်သမားများ စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများ ပြည်တွင်းဈေးနှုန်း ပိုမိုရရှိစေရေးအတွက် လယ်ယာထွက်ကုန်သီးနှံများ ပြည်ပတင်ပို့ရာမှာ ကောက်ခံသည့် ကုန်သွယ်လုပ်ငန်းခွန်(၈) ရာခိုင်နှုန်းကို ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့ကစပြီး ကောက်ခံခြင်းမပြုတော့ဘဲ ဖြေလျှော့တင်ပို့ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း၊ ပြည်ပတင်ပို့မှုများကိုလည်း ပင်လယ်ရေကြောင်းသာမက နယ်စပ်ဒေသများကပါ ဈေးကွက်ရှိသည့်အတိုင်း တင်ပို့ခွင့်ပြုပေးခဲ့သည့်အတွက် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်တင်ပို့လာနိုင်သည်ကို တွေ့ရကြောင်း။

ဆန်၊ ဆန်ထွက်ပစ္စည်းတင်ပို့မှုကို ကြည့်မည်ဆိုလျှင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ဖေဖော်ဝါရီလ ၁၅ ရက်နေ့အထိ တန်ချိန် ၁ ဒသမ ၂၆ သန်းအထိ တင်ပို့ပြီးဖြစ်သည့်အတွက် ပြီးခဲ့သည့် ၄၆ နှစ်အတွင်းမှာ စံချိန်တင်အများဆုံးတင်ပို့နိုင်ခဲ့သည်ကိုတွေ့ရမည်ဖြစ်ကြောင်း၊ ပဲမျိုးစုံနှင့်ပြောင်း ပြည်ပတင်ပို့ရာတွင် လွယ်ကူလျင်မြန်စေရေးအတွက် ပို့ကုန်လိုင်စင်လျှောက်ထားရန်မလိုဘဲ တင်ပို့နိုင်သည့်အဆင့်အထိ ဖြေလျှော့ ဆောင်ရွက်ပေးနေပြီ ဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် ဤပြပွဲသည် လယ်ယာထွက်ကုန်၊ စက်မှုကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်သည့်အရင်းအနှီးရရှိရေး ခေတ်မီစက်ကိရိယာ နည်းပညာများရရှိရေးနှင့် ဈေးကွက်ချိတ်ဆက်နိုင်ရေးတို့အတွက် များစွာအထောက်အကူပေးမည့် ပြပွဲကြီးတစ်ခုဖြစ်ကြောင်း၊ ယင်းပြပွဲကြီးတွင် ပြည်တွင်းပြည်ပမှ ဆန်စက်နှင့် လယ်ယာထွက်ကုန်တန်ဖိုးမြှင့်ထုတ်လုပ်သောစက်ကိရိယာများ၊ ခေတ်မီထုပ်ပိုးကိရိယာများ၊ လယ်ယာသုံးစက်ကိရိယာများ၊ သွင်းအားစုဖြစ်သည့် ဓာတ်မြေဩဇာ ပိုးသတ်ဆေးများ ပြသမည့်အပြင် Pre harvest & post harvest ဆိုင်ရာနည်းပညာပေးခြင်းများ၊ စာတမ်းဖတ်ပွဲများ၊ Business Matching များ ပြုလုပ်ပြီး ရောင်းသူဝယ်သူနှင့် ငွေကြေးပံ့ပိုးပေးမည့် ဘဏ်များနှင့် ချိတ်ဆက်ပေးခြင်းများ၊ ချေးငွေစာချုပ်များ ချုပ်ဆိုနိုင်ရေး ကူညီပေးခြင်းများကိုပါ ထည့်သွင်းဆောင်ရွက်သွားမည်ဟု သိရှိရသည့်အတွက်လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များကို အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းပေးနိုင်သည့် ပြပွဲကြီးတစ်ခုဖြစ်၍ အထူးပင်ကျေနပ်ဝမ်းသာမိကြောင်း။

ဤပြပွဲကြီးသို့ တက်ရောက်လာကြသည့် အနယ်နယ်အရပ်ရပ်မှ လယ်ယာကဏ္ဍမှာ ပါဝင်နေကြသည့် တောင်သူ လယ်သမားကြီးများ၊ သက်ဆိုင်ရာ အသင်းအဖွဲ့များနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များအနေဖြင့် မိမိတို့လုပ်ငန်းခွင်၌ လိုအပ်နေသည့် လိုအပ်ချက်များကို ဤပြပွဲအတွင်း အသေးစိတ်ကြည့်ရှုလေ့လာနိုင်ကြမှာဖြစ်ပြီး လေ့လာတွေ့ရှိချက်များကို လက်တွေ့လုပ်ငန်းနယ်ပယ်၌ အကျိုးရှိထိရောက်စွာ အသုံးချသွားရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးကျော်ဆန်း၊ ဦးမြင့်လှိုင်၊ ဦးအုန်းမြင့်၊ ဦးအေးမြင့်၊ ဦးဝင်းမြင့်၊ ဒေါက်တာကံဇော်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့်လူငယ်ရေးရာ ကော်မတီဥက္ကဋ္ဌ ဦးတင်ထွတ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းရှင်များအသင်းတို့မှဥက္ကဋ္ဌများ၊ ပြည်တွင်းပြည်ပဆန်ကုန်သည်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တောင်သူလယ်သမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါပြပွဲကို မတ် ၂ ရက်မှ ၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြည်ပကုမ္ပဏီ ၄၀ နှင့် ပြည်တွင်းကုမ္ပဏီများပါဝင်ကာ ပြခန်းပေါင်း ၁၄၅ ခန်း ပါဝင်ပြသထားသည်။

ပြပွဲကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းလီမိတက်တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ပြပွဲကာလအတွင်း ဆန်စပါးနှင့်သက်ဆိုင်သည့် စာတမ်းများ၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ဆွေးနွေးကြမည်ဖြစ်သည်။

ပြပွဲပြုလုပ်ခြင်းကြောင့် မြန်မာနိုင်ငံမှထွက်ရှိသော ဆန်စပါးအပါအဝင် လယ်ယာထွက်ကုန်သီးနှံများကို ပြည်တွင်းပြည်ပဈေးကွက်တွင် ကုန်သွယ်မှု ပိုမိုကောင်းမွန်စေခြင်း၊ စိုက်ပျိုးရေးအခြေခံသော တန်ဖိုးမြှင့်စက်မှုလုပ်ငန်းများ တည်ထောင်ရင်းနှီးမြှုပ်နှံနိုင်ခြင်းဖြင့် လယ်ယာကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာစေပြီး လယ်ယာကဏ္ဍတွင် ပါဝင်ပတ်သက်သူများဖြစ်သည့် တောင်သူလယ်သမားများ၊ လုပ်ငန်းရှင်များ၊ စားသုံးသူများအတွက် စီးပွားရေးအခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိလာမည် ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ (၂၀၁၃) ဘောလုံးပွဲစဉ် ဒုတိယဝန်ကြီး ဦးသောင်းထိုက် ကြည့်ရှုအားပေး

နေပြည်တော် မတ် ၂

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို ၂၀၁၃ ခုနှစ် ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲများကို ယမန်နေ့ နံနက်ပိုင်းမှစတင်၍ သတ်မှတ်ထားသော အားကစား လေ့ကျင့်ရေးစခန်းအသီးသီး၌ကျင်းပလျက်ရှိရာ နေပြည်တော်ပျဉ်းမနားရှိ နေပြည်တော် FC ဘောလုံးကွင်း၌ ကျင်းပသော ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသဖွံ့ဖြိုးရေးနှင့် ပြန်[...]
ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်[...]

နေပြည်တော် မတ် ၂

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်[...] ဦးလှမောင်တင်တို့သည် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနိုင်[...] ရခိုင်ပြည်နယ် မောင်တောဒေသဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ[...] ၂၈ရက်အထိ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

ဖေဖော်ဝါရီ ၂၇ ရက်တွင် မောင်တောမြို့နယ် မောင်တောတောင်ခြမ်းရှိ တိုင်းရင်းသားကျေးရွာများ ဆက်သွယ်သွားလာမှု ကောင်းမွန်စေရန် နယ်စပ်ရေးရာဝန်ကြီးဌာနက ဖောက်လုပ်လျက်ရှိသော ဝေသာလီ-ဥဒေါင်း လမ်း ၁၃မိုင် ၄ဖာလုံ လမ်းဖောက်လုပ်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဖြည့်စွက်မှာကြား၍ လမ်းအူကြောင်း ဖောက်လုပ်ပြီးစီးမှု အခြေအနေ၊ ၃၄ပေ အကျယ် ၆ပေထု မြေသားလမ်းခင်းကြိတ်ထားရှိမှု အပိုင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ပဋိပက္ခအတွင်း မီးလောင်ပျက်စီးသွားခဲ့သော မောရဝတီကျေးရွာသို့ ရောက်ရှိပြီး အလှူရှင်များ လှူဒါန်းငွေဖြင့် ဆောက်လုပ်ပြီးစီးခဲ့သော ဘုန်းတော်ကြီးကျောင်းတွင် သီတင်းသုံးလျက်ရှိသည့် ဆရာတော်အား လှူဖွယ်ပစ္စည်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်း၍ ဘုန်းတော်ကြီးကျောင်းတွင် ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံအားပေးစကားပြောကြားကာ ရွာသားများ လိုအပ်လျက်ရှိသော လယ်ယာလုပ်ငန်းခွင်သုံး ဓားနှင့် ပေါက်ပြားများကို ထောက်ပံ့ပေးအပ်ပြီး မောရဝတီကျေးရွာအတွင်းအသစ်ပြန်လည်တည်ဆောက်ပေးထားသည့် နေအိမ်များတွင် နေထိုင်လျက်ရှိသော ကျေးရွာသူ ကျေးရွာသားများ၏ အခြေအနေကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ မီးလောင်ပျက်စီးသွားသော ကိုင်းကြီးကျေးရွာသို့ သွားရောက်၍ အလှူရှင်များ လှူဒါန်းငွေဖြင့် ဆောက်လုပ်ပြီးစီးခဲ့သော ကိုင်းကြီးဘုန်းတော်ကြီး ကျောင်း၌ သီတင်းသုံးလျက်ရှိသည့် ဆရာတော်အား လှူဖွယ်ပစ္စည်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်း၍ ကိုင်းကြီးကျေးရွာသူ ကျေးရွာသားများအား တွေ့ဆုံအားပေးပြီး ထောက်ပံ့ပစ္စည်းများ၊ လယ်ယာလုပ်ငန်းခွင်အတွက် လိုအပ်လျက်ရှိသော ပေါက်ပြားနှင့် ဓားတို့ကို ထောက်ပံ့ပေးအပ်ကြသည်။ ယင်း ကိုင်းကြီးကျေးရွာတွင် နယ်စပ်ရေးရာဝန်ကြီးဌာနက ဆောက်လုပ်ပြီးစီးသည့် နေအိမ်များကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဆောက်လုပ်ပြီး နေအိမ်များ၌ ယာယီတဲများမှ ဒုက္ခသည်များအား စနစ်တကျနေရာချထားပေးရေးနှင့် ဆောက်လုပ်ဆဲအိမ်များအား မိုးမကျမီ အမြန်ပြီးစီးရေး မှာကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မီးလောင်ပျက်စီးကျေးရွာများမှ ဒုက္ခသည်များ၏ အခြေအနေကို လှည့်လည်ကြည့်ရှု၍ ကျေးရွာ ၁၀ ရွာရှိ ဒုက္ခသည်အိမ်ထောင်စုများအတွက် လိုအပ်လျက်ရှိသော လယ်ယာလုပ်ငန်းခွင်သုံးဓားနှင့် ပေါက်ပြားများကို [...]

ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ မြိုင်မြိုင်[...]
အကြိတ်အနယ်ပြိုင်ပွဲဝင်နေသူတို့၏ ရင်ဖွင့်စက[...]

နေပြည်တော် မတ် ၂

နေပြည်တော်တွင် ကျင်းပလျက်ရှိသော ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲများကို သတ်မှတ်နေရာအသီးသီးတွင် မတ် ၂ရက်ကဆက် လက် ယှဉ်ပြိုင်ကစားကြသည်။

"အသင်းလိုက်ပြိုင်ပွဲတွေမှာ ပါဝင်ကစားနေတာပါ"
မယမင်းကေခိုင်(တိုက်ကွမ်ဒို)

ဘတ်စကက်ဘော၊ ဘိလိယက်၊ စန္ဒကား၊ စက်ဘီး၊ ဘောလုံး၊ ဖူဆယ်၊ တိုက်ကွမ်ဒို၊ ဘော်လီဘော စသည့် အားကစားပြိုင်ပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှပြိုင်ပွဲဝင်များ အကြိတ်အနယ်ဆင်နွှဲလျက်ရှိသည်။

နေပြည်တော်ရှိ အားကစားပြိုင်ပွဲများကျင်းပရာ အားကစားရုံ၊ အားကစားကွင်းများသို့ သတင်းအဖွဲ့သွားရောက်ကာကြီးကြပ်သူနှင့် အားကစားသမားများအား ၎င်းတို့၏ တာဝန်ယူမှု၊ ပြိုင်ပွဲဝင်မှုများနှင့် ပတ်သက်ပြီး တွေ့ဆုံမေးမြန်းခဲ့သည်။

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ TC-1 တိုက်ကွမ်ဒိုလေ့ကျင့်ရေးရုံ၌ ကျင်းပသည့် တိုက်ကွမ်ဒိုပြိုင်ပွဲများနှင့်ပတ်သက်ပြီး ကြီးကြပ်သူတစ်ဦး [...]

ပြည်တွင်းသတင်း

…းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ
…ပ်ကြီးသက်နိုင်ဝင်း ကြည့်ရှုစစ်ဆေး

… မတ် ၂

…ဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် …မှူး ဗိုလ်ချုပ်ကိုကိုနိုင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ …ထောင်ရေးလုပ်ငန်းများကို ဖေဖော်ဝါရီ ၂၇ ရက်မှ

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း ရန်အောင်မြင်(နတလ)စံပြကျေးရွာသူ/ရွာသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

… ကိုင်းကြီး …သားများအား …ထောက်ပံ့ပစ္စည်း …န်းခွင်အတွက် … ပေါက်ပြားနှင့် …းအပ်ကြသည်။ …ရွာတွင် နယ်စပ် … ဆောက်လုပ် …များကို လှည့် …း၍ ဆောက် …ယာယီတဲများမှ …နှစ်တကျနေရာ …ဆောက်လုပ်ဆဲ …မြို့မီ အမြန်ပြီးစီး …။

… ပြည်ထောင်စု …် မီးလောင် … ဒုက္ခသည်များ …လှည့်လည်ကြည့် …ရှိ ဒုက္ခသည် …တွက် လိုအပ် …ယ်ယာလုပ်ငန်း …ါက်ပြားများကို

အိမ်ထောင်စုတစ်စုလျှင် ဓားတစ်လက်၊ ပေါက်ပြားတစ်ချောင်းနှုန်းဖြင့် ထောက်ပံ့ပေးအပ်ခဲ့သည်။

ဖေဖော်ဝါရီ ၂၈ ရက်တွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မောင်တောမြို့နယ်မြောက်ဘက်ခြမ်းရှိ တိုင်းရင်းသားကျေးရွာများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးရန် မောင်တောမြို့နယ်ကျီးကန်းပြင်မှ ထွက်ခွာခဲ့ရာ ကြိမ်ချောင်းကျေးရွာသို့ နံနက်ပိုင်းတွင်ရောက်ရှိပြီး ကြိမ်ချောင်း နယ်မြေ နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ်အမှတ်(၂၄)စခန်းရုံး၌ ဌာနဆိုင်ရာနှင့် ဒေသခံရပ်မိရပ်ဖများအား တွေ့ဆုံ၍ နယ်မြေအခြေအနေနှင့် လိုအပ်ချက်များကို မေးမြန်းကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မောင်တောမြို့နယ် တောင်ပြိုလက်ဝဲမြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာသူကျေးရွာသားများနှင့်တွေ့ဆုံပြီး နယ်မြေအခြေအနေနှင့် လိုအပ်ချက်များကို အသေးစိတ် မေးမြန်းဆွေးနွေး၍ ခေတ္တမြို့နယ်ခွဲ အုပ်ချုပ်ရေးမှူး၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး မှာကြားခဲ့သည်။ ထို့နောက် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ဒေသလုံခြုံရေးဆိုင်ရာ ကိစ္စများကို တာဝန်ရှိ သူများနှင့်အတူ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်အောင်မြင်စံပြကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ တင်ပြချက်များအပေါ် တာဝန်ရှိသူများအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရေး မှာကြား၍ ရန်အောင်မြင်ဘုန်းတော်ကြီးကျောင်းအတွက် နဝကမ္မအလှူငွေ ဆက်ကပ်လှူဒါန်းခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လောင်းဒုံ စံပြကျေးရွာသို့ရောက်ရှိပြီး ကျေးရွာသူကျေးရွာသားများနှင့် တွေ့ဆုံ၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်မှု၊ နေထိုင်စားသောက်မှု အခြေအနေများကို မေးမြန်းပြီး ဖြည့်ဆည်း ဆောင်ရွက်ပေးရန် လိုအပ်ချက်များကို လတ်တလောနှင့် ရေရှည် ဆောင်ရွက်ပေးသွားမည့် အခြေအနေများအား ရှင်းလင်းပြောကြား၍ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မောင်တောသို့ ဆက်လက်ထွက်ခွာပြီး နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေး ကွပ်ကဲမှုဌာနချုပ် အမှတ်(၁) ဝင်/ထွက် စစ်ဆေးရေးစခန်း၏လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ သတိပြုဆောင်ရွက်သင့်သည့် ကိစ္စရပ်များကို မှာကြားခဲ့သည်။ ဆက်လက်၍ မောင်တောမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ ကျောင်းအုပ်ဆရာကြီးနှင့် နည်းပြများ၊ ဝန်ထမ်းများ၊ အခြေခံအိမ်တွင်းမှုသင်တန်းနှင့် အဆင့်မြင့်စက်ချုပ်သင်တန်းသူများအားတွေ့ဆုံ၍ သင်တန်းကျောင်း၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုကြည့်ရှုစစ်ဆေးကာ သင်တန်းကျောင်း၏ ရည်ရွယ်ချက်များနှင့်အညီ ထိရောက်အောင်မြင်ရေး၊ သင်တန်းသူ အမျိုးသမီးငယ်များအား အသက်မွေးဝမ်းကျောင်းမှု ပညာသာမက လူနေမှုဘဝ အဆင့်မြင့်၍ စည်းကမ်းတကျရှိအောင် သင်ကြားပေးရေး မှာကြားခဲ့သည်။ ထို့နောက် သင်တန်းတွင် မီးလောင်ပျက်စီးသွားသော တိုင်းရင်းသား ကျေးရွာများမှ တက်ရောက်သင်ကြားလျက်ရှိသည့် သင်တန်းသူများကို အားပေးစကားပြောကြားပြီး သင်တန်းဆင်းချိန်တွင် တတ်မြောက်ခဲ့သော အိမ်တွင်းမှုပညာရပ်များဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်တာဝန်ရှိသူများအား မှာကြား၍ ဝန်ထမ်းနှင့် သင်တန်းသူများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်အား ရုရှားကာကွယ်ရေးဝန်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၂

ကာကွယ်ရေးဝန်ကြီးဌာန ပြည် ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်အား မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ရုရှားကာကွယ်ရေးဝန်ကြီး ကြည်းတပ်ဗိုလ်ချုပ်ကြီး Sergey K.SHOIGU ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ရှိ မြန်မာစီးပွားရေးကော်ပိုရေးရှင်း သတင်းအချက်အလက်နှင့် မိုဘိုင်းဆက်သွယ်ရေးလုပ်ငန်းဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံတပ်မတော်ချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိမ်အသင့်အတင့်

ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး၊ ကပ္ပလီပင်လယ်ပြင်နှင့်ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဦးဝင်းမြင့် ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ကွင်းကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂

အထွက်နှုန်း ကောင်းမွန်ခြင်း၊ စားသုံးမှု အရည်အသွေးကောင်းမွန်ခြင်း၊ သက်တမ်းတိုခြင်းစသည့် အချက်များအရ ဝင်ငွေမြန်မြန်ပေါ်ပြီး လယ်သမားများအတွက် တွက်ခြေကိုက်မည့် သက်တမ်းတိုရက် ၁၀၀ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့များကို စိုက်ပျိုးရေးပညာရှင်များက ပုဂ္ဂလိကကုမ္ပဏီများ၊ တောင်သူများနှင့် Private, public Partnership(P.P.P) ဖြင့် ပူးပေါင်းထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်တို့သည် ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ရှိ စံပြစက်မှု လယ်ယာစနစ် ဧက ၁၀၀၀၀ စိုက်ကွင်းရှိ ရွှေနဂါးမင်း ကုမ္ပဏီနှင့် ပင်လယ်ကိုးသွယ် ကုမ္ပဏီတို့၏ ပုလဲသွယ်စပ်မျိုးစပါး တစ်ဆက်တစ်စပ်တည်း ဧက ၅၀၀ မျိုးစေ့ထုတ်စိုက်ကွင်း**(အပေါ်ယာပုံ)** များ၌ အဖိုလိုင်း (R) နှင့် အမလိုင်း (A)တို့၏ ပန်းပွင့်ရက်ကိုက်ညီစွာ ဖြစ်ထွန်းအောင်မြင်နေမှုများကို သွားရောက် ကြည့်ရှုအားပေးကြသည်။

ရွှေဦးစွာ ရွှေနဂါးမင်းကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးသူရိန်နှင့် ပင်လယ်ကိုးသွယ်ကုမ္ပဏီ ဥက္ကဋ္ဌ ဦးအောင်သန်းဦးတို့က ထွက်ရှိလာသော မျိုးကောင်းမျိုးသန့် မျိုးစေ့များကို တောင်သူများလက်ဝယ်အရောက် ဖြန့်ဖြူးပေးမည့် အစီအစဉ်များနှင့် စိုက်ပျိုးရေး ပညာရှင်ဒေါက်တာ

ရဲတင့်ထွန်းနှင့် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းတို့က အဖိုနှင့်အမအပင်များ ပန်းပွင့်ရက် ကိုက်ညီမှု၊ ပင်ပွား ၁၂ ပင်မှ ၁၅ပင်ထိ ဖြစ်ထွန်းအောင်မြင်နေမှုများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့သည် တစ်ဆက်တစ်စပ်တည်း ပုလဲသွယ် (F_1)၊ နွေစပါးစိုက်ခင်းကြီးများ၏စပါးနှံများ စုံညီစွာဖြစ်ထွန်းဝါဝင်းနေသည့် ဧက ၅၀၀ စိုက်ကွင်းများကို လှည့်လည်ကြည့်ရှုအားပေးကြကာ ရိတ်သိမ်းချိန်တွင် အလေအလွင့်မရှိရေးနှင့် တစ်ဧကအထွက်နှုန်းများကို စနစ်တကျ မှတ်တမ်းတင်ပြီး လယ်သမားများအား ပြသနိုင်ရေးဆောင်ရွက်ရန် မှာကြားကြသည်။

ယင်းနောက် စိုက်ကွင်းအနီး ရှင်းလင်းဆောင်၌ ပင်လယ်ကိုးသွယ်ကုမ္ပဏီ၏ လယ်ယာသုံးစက်ကိရိယာများ၊ ရိတ်သိမ်းခြွေလှေ့စက်များ၊ ထွန်စက်ကြီးများ ပြုပြင်မွမ်းမံဆောင်ရွက်နေမှုနှင့် တစ်နှစ်တန် ၂၅၀ကျ အဆင့်မြင့် ခေတ်မီဆာတာကေးဆန်စက်ကြီးအား ယခုနှစ်မေလတွင်စတင်တည်ဆောက်၍ ဇူလိုင်လတွင် ပြီးစီးကာ စက်စတင် လည်ပတ်မည့် အစီအစဉ်များကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပင်လယ်ကိုးသွယ်ကုမ္ပဏီ၏ရိတ်သိမ်းရန် အဆင်သင့်ဖြစ်နေသည့်သက်တမ်းတိုရက် ၁၀၀ ပုလဲသွယ် စပ်မျိုးစပါး နွေစပါးစိုက်ကွင်းကြီးများကို ကြည့်ရှုအားပေးကြကာ သက်တမ်းတို စပါးစိုက်ခြင်းဖြင့် နောက်ထပ် သီးနှံအမယ်သစ်စိုက်ပျိုးရန် ပြင်ဆင်ချိန်ရရှိနိုင်သည့် အားသာချက်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

ထားဝယ်-ရန်ကုန် အမှတ်(၁၇၆) အစုန်အမြန်ရထားတိမ်းမှောက် ထိခိုက်ဒဏ်ရာရသူမရှိ၊ ခရီးသည်များ ဆက်လက်ထွက်ခွာနိုင်ရေး စီစဉ်ပေး

သထုံ မတ် ၂

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မုက္ခမူကျေးရွာ ရထားလမ်း မိုင်တိုင် အမှတ်(၉၃/၁၁)နှင့် (၉၃/၁၆) အကြားတွင် မတ် ၂ ရက် နံနက် ၄နာရီ ၄၈ မိနစ်ခန့်က စက်ခေါင်းအမှတ် 1350 DF အမှတ်(၁၇၆) အစုန် ထားဝယ်-ရန်ကုန် လူစီး အမြန်ရထားသည် ပထမတန်းတွဲ အမှတ် BDFEZ-12044 ၏ ဝဲဘက်ခြမ်းရှိ ဘီးအမှတ် 3456 မှာ တိမ်းချော်၍ ၄င်းတွဲနှင့်အဆိုပါအစုန်ရထား၏ နောက်ဆုံးတွဲ (တွဲထိန်းတွဲ) အမှတ် BBEZ-10560**(အောက်ပုံ)** တို့မှာ ဝဲဘက်အခြမ်းသို့ တုံးလုံးလဲကျကာ လမ်းချော်တိမ်းမှောက်မှု ဖြစ်ပွားခဲ့သည်။

အခင်းဖြစ်ပွားရာသို့ ကျိုက်ထိုမြို့နယ် ဘိုရားကြီးကျေးရွာ ရုံပိုင်ကြီး ဦးသန်းထိုက်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများမှ လာရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ထိခိုက်ဒဏ်ရာရသူ မရှိကြောင်းနှင့် ခရီးသည်များ ဆက်လက်ထွက်ခွာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခြင်း၊ တွဲများပြန်လည်မတင်ကာ ရထားများ ပုံမှန်ပြေးဆွဲနိုင်ရေးတို့ကို စီစဉ်ခြင်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သက်ဦး(သထုံ)

…င်ပွဲ မြိုင်မြိုင်ဆိုင်ဆိုင်ဆင်နွှဲ
…၏ ရင်ဖွင့်စကား

အမေး၊ အရေး
မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

…တိလိယက်၊ စနူ …လုံး၊ ဖူဆယ်၊ …ဘော စသည့် …ကို တိုင်းဒေသ …ီးသီးတို့မှပြိုင်ပွဲ …ယ်ဆင်နွှဲလျက်

… အားကစား … အားကစားရုံ၊ …သို့ သတင်းအ …ကြီးကြပ်သူနှင့် …းအား ၎င်း …ပြိုင်ပွဲဝင်မှုများ …တွေ့ဆုံမေးမြန်းခဲ့

…ဇမ္ဗူသီရိမြို့နယ်ရှိ …လေ့ကျင့်ရေးရုံ၌ …ကွမ်ဒိုပြိုင်ပွဲများ …ကြပ်သူတစ်ဦး

ဖြစ်သည့် ဦးကျော်သန်းဦးနှင့်တွေ့ဆုံမေးမြန်းခဲ့ရာ "တိုက်ကွမ်ဒိုပြိုင်ပွဲမှာ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေက

"ဗိုလ်လုပွဲ တက်ရောက်နိုင်မယ်လို့ မျှော်မှန်းထားတယ်"

မအေးနန္ဒာကျော်
အသင်းအုပ်ချုပ်သူ(ရခိုင်ပြည်နယ်)

ပြိုင်ပွဲဝင်အသင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင်ကြပါတယ်။ အဲဒီ ပြိုင်ပွဲဝင်အသင်းတွေကတော့ ကချင်၊ ကရင်၊ ကယား၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း၊ ရန်ကုန်၊ မန္တလေး၊ တနင်္သာရီ၊ စစ်ကိုင်းနဲ့ ပဲခူးအသင်းတွေ ဖြစ်ပါတယ်။ ပြိုင်ပွဲဝင်တွေအနေနဲ့အတိုက်၊ ကကွက်နဲ့ အသင်းအလိုက် ပြိုင်ပွဲတွေ ပါဝင်ယှဉ်ပြိုင်ကြတာဖြစ်ပြီး ပွဲစဉ်တိုင်း အကြိတ်အနယ် ပြိုင်ဆိုင်ကြရတာဖြစ်ပါတယ်" ဟု ပြောကြားသည်။တိုက်ကွမ်ဒို အတိုက်ပြိုင်ပွဲတွင် အမျိုးသား ရှစ်တန်း၊ အမျိုးသမီး ရှစ်တန်းဖြင့် ဝိတ်တန်းအလိုက် ယှဉ်ပြိုင်ကြခြင်းဖြစ်သည်။ ကကွက်ပြိုင်ပွဲတွင် တစ်ဦးချင်းအမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ၊ အတွဲလိုက် အမျိုးသား တစ်ဦး အမျိုးသမီးတစ်ဦး ပြိုင်ပွဲများ၊ အသင်းလိုက်ပြိုင်ပွဲတွင် အမျိုးသား သုံးဦး အမျိုးသမီး သုံးဦး ပြိုင်ပွဲများ ပါဝင်ဆင်နွှဲကြခြင်းဖြစ်သည်။

"ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲမှာ ရွှေတံဆိပ်ရရှိသူတွေကို လာမယ့်ဆီးဂိမ်းမှာ ပြိုင်ပွဲဝင်နိုင်အောင် စိစစ်ရွေးချယ်သွားမှာဖြစ်ပြီး စခန်းသွင်းလေ့ကျင့်မှုတွေပြုလုပ်ပေးသွားမှာဖြစ်ပါတယ်။ ဆီးဂိမ်းအတွက် ပြည်ပမှလေ့ကျင့်မှုနဲ့ ပြည်တွင်းမှာပြုလုပ်မယ့် ဖိတ်ခေါ်ပြိုင်ပွဲတွေမှာ အတွေ့အကြုံရရှိအောင်နဲ့ အောင်နိုင်ရေးစိတ်ဓာတ် မြင့်မားအောင် ပြုလုပ်ပေးသွားမှာပါ" ဟု ဦးကျော်သန်းဦးက ပြောကြားသည်။

တိုက်ကွမ်ဒိုပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြုပါဝင်ဆင်နွှဲနေသည့် မယမင်းကေခိုင်က "ကကွက်ပြိုင်ပွဲ၊ အတွဲလိုက်ပြိုင်ပွဲနဲ့ အသင်းလိုက်ပြိုင်ပွဲတွေမှာ ပါဝင်ဆင်နွှဲနေတာပါ။ ဆုတံဆိပ်တွေ ဆွတ်ခူးနိုင်မယ်လို့ ယုံကြည်နေပါတယ်" ဟု ပြောပြသည်။ မယမင်းကေခိုင်သည် ပြည်တွင်းပြိုင်ပွဲများ၌ ရွှေ ၂၁ခု၊ ငွေ လေးခု၊ ကြေး လေးခု ရရှိထားပြီး ပြည်ပပြိုင်ပွဲများတွင် ရွှေ လေးခု၊ ငွေ နှစ်ခု၊ ကြေး နှစ်ခုတို့ ရရှိထားသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမား တစ်ဦးဖြစ်သည်။

ဆက်လက်ပြီး ဘော်လီဘောပြိုင်ပွဲများ ကျင်းပရာ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ TC-1 ဘော်လီဘော လေ့ကျင့်ရေးရုံသို့ရောက်ရှိကာ ရခိုင်ပြည်နယ်အမျိုးသမီး ဘော်လီဘောအသင်းခေါင်းဆောင် မအေးနန္ဒာကျော်နှင့် ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို မေးမြန်းခဲ့သည်။

"ကျွန်မတို့ ရခိုင်ပြည်နယ် အမျိုးသမီးဘော်လီဘောအသင်းမှာ အသင်းအုပ်ချုပ်သူတစ်ဦး၊ နည်းပြတစ်ဦးနဲ့ ဘော်လီဘော အားကစားမယ် ၁၂ ဦးတို့ ပါဝင်လာပါတယ်။ ကျွန်မတို့အသင်းတွင် မြန်မာ့လက်ရွေးစင် အသင်းမှာ ပါဝင်တဲ့ စန်းစန်းဌေးနဲ့ ဖြူဖြူဝေ တို့လို ကစားသမားတွေနဲ့ မျိုးဆက်သစ် ကစားသမားတွေစုဖွဲ့ထားတာ ဖြစ်ပါတယ်။ ပထမပွဲစဉ်တွေမှာ နိုင်ပွဲတွေရထားပြီး နောက်ဆုံး ဗိုလ်လုပွဲအထိ တက်ရောက်နိုင်မယ်လို့ မျှော်မှန်းထားတယ်။ ဗိုလ်လုပွဲမှာ ရန်ကုန်အသင်း နဲ့တွေ့နိုင်ပြီး အကြိတ်အနယ် ယှဉ်ပြိုင်ရမယ့်ပွဲလို့ ခန့်မှန်းမိပါတယ်"ဟု မအေးနန္ဒာကျော်က ပြောကြားသည်။

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

ရွှေဘိုခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂

ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းက ရွှေဘိုမြို့ ပြည်သူ့ဆေးရုံတိုးချဲ့ နှစ်ထပ်ကလေးကုသဆောင် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းကိုကိုနှင့် အဆောက်အအုံအလှူရှင် ဦးအောင်နိုင်ထွန်းတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက အဆောက်အအုံသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အဆောက်အအုံသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုးချဲ့နှစ်ထပ်ကလေးကုသဆောင်အဆောက်အအုံသစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ဆက်လက်၍ အလှူရှင် ဦးအောင်နိုင်ထွန်းက အဆောက်အအုံသစ် ဆောက်လုပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အဆောက်အအုံသစ်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ကျန်းမာရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာတင်မောင်အေးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် ရွှေဘိုမြို့နယ် အုန်းပေါက်ကျေးရွာ၌ ကျင်းပသည့် ကျေးလက်ကျန်းမာရေးဌာန ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးပြီး ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံလွှဲပြောင်းပေးအပ်ပွဲအခမ်းအနား ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ရပ်မိရပ်ဖ ဦးဝင်းမြင့်က ကျေးဇူးတင်စကားပြောကြားကာ ကျန်းမာရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာ တင်မောင်အေးထံ ကျေးလက်ကျန်းမာရေး ဌာနကော်မတီဝင် ဦးသိန်းငွေးက ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံနှင့်ပတ်သက်သော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ ရန်ကင်းရပ်ကွက် အမှတ်(၃၁) အခြေခံပညာ မူလတန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုနှင့် အရှည်ပေ ၁၅၀၀ နှင့် အကျယ် ၁၂ ပေရှိ ကရုဏာလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်းကျင်းနေမှု၊ စက်မှုဇုန်ရပ်ကွက်၌ အရှည်ပေ ၂၁၀၀ နှင့် အကျယ် ၁၄ ပေရှိ ပိတောက်လမ်း ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းခင်းကျင်းနေမှုနှင့် နတ်လူထိပွန်ရပ်ကွက် အခြေခံပညာ အထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရွှေစာရံစေတီတော် စိန်ဖူးတော် အထွတ်တင်ပူဇော်

မန္တလေး မတ် ၂

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာ၌ တည်ထားကိုးကွယ်သော သမိုင်းဝင်ရွှေစာရံစေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို စေတီတော်အထွတ်သို့ တင်လှူပူဇော်ပွဲနှင့် စုပေါင်းအလှူတော်မင်္ဂလာရေစက်ချပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၈ နာရီက အဆိုပါစေတီတော် ရင်ပြင်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ မြတောင်ကျောင်းတိုက်သာသနပါလ ရွှေဝါဝင်းကျောင်း ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တသာသနာ ဘိဝံသ၊ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တေဇောဘာသာဘိဝံသ၊ တိုင်းဒေသကြီး သံဃနာယကအဖွဲ့(သုဓမ္မာ) အကျိုးတော်ဆောင် မိုးကောင်းတိုက် ဒိုက်ဦးကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဇောတိကာဘိဝံသ အမှူးပြုသော ပင့်သံဃာတော်အရှင်သူမြတ်တို့ ကြွရောက်ချီးမြှင့်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့်ဇနီး၊ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ အလှူရှင်မိသားစုများ၊ ရွှေစာရံစေတီတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ဘုရားဖူးလာပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

(ဝ၄ဝ)

ကမ္ဘာလှည့်ကားမောင်းခရီးသည်များ မိတ္ထီလာဖြတ်

မိတ္ထီလာ မတ် ၂

Journeys Nature and Culture ခရီးသွားလုပ်ငန်း ကုမ္ပဏီ အစီအစဉ်ဖြင့် ဂျာမနီနိုင်ငံအခြေစိုက် The Sea Bridge for Motorhome အဖွဲ့ဝင် ၅၄ ဦးသည် မော်တော်ယာဉ် ၂၉ စီးဖြင့် မတ် ၁ ရက် နံနက် ၉ နာရီခွဲက မိတ္ထီလာမြို့မှတစ်ဆင့် ကလောမြို့သို့ ဖြတ်သန်းသွားခဲ့သည်။

အဆိုပါ အဖွဲ့သည် ဂျာမနီနိုင်ငံသား ၄၄ ဦး၊ ဆွစ်ဇာလန်လေးဦး၊ သြစတြေးလျနိုင်ငံသားတစ်ဦး၊ နယ်သာလန် နိုင်ငံသားနှစ်ဦး၊ ဗြိတိန်နိုင်ငံသားနှစ်ဦးနှင့် အီရန်နိုင်ငံသားတစ်ဦး ပေါင်း ၅၄ ဦးသည် မော်တော်ယာဉ် ၂၉ စီးဖြင့် မန္တလေးမှတစ်ဆင့် ကလောမြို့သို့ သွားရောက်ခြင်းဖြစ်သည်။ ၎င်းကမ္ဘာလှည့် ကားမောင်းအဖွဲ့သည် ကလော၊ အင်းလေး၊ နေပြည်တော်၊ ရန်ကုန်၊ မော်လမြိုင်၊ ဘားအံ၊ မြဝတီမြို့များမှ မဲဆောက်ချစ်ကြည်ရေးတံတားမှတစ်ဆင့် ထိုင်းနိုင်ငံ မဲဆောက်မြို့ **(အောက်ပုံ)**သို့ ဆက်လက်ထွက်ခွာသွားမည်ဖြစ်သည်။

ထိုကမ္ဘာလှည့် ကားမောင်းခရီးသည်များကို မြန်မာ့ခရီးသွားလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးရဲမြင့်၊ လက်ထောက်မန်နေဂျာ ဦးစန်းလှိုင်၊ Journeys Nature and Culture ကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဦးတင်ဝင်း(ခ) အမ်းဗဟာဒူးနှင့် ဧည့်လမ်းညွှန် ဦးသန်းမောင်တို့ ကြီးကြပ်လိုက်ပါလာခဲ့သည်။ နိုင်ငံခြားခရီးသည်များက ၎င်းတို့ကြားသိထားသော မြန်မာနိုင်ငံနှင့် ယခုမျက်မြင်တွေ့မြင်ရသော မြန်မာနိုင်ငံသည် အပြောတခြား လက်တွေ့တခြား ဖြစ်နေကြောင်း၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို တွေ့မြင်ရသဖြင့် အလွန်အံ့သြဝမ်းသာကြောင်း၊ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများသည် အလွန်ဖော်ရွေစွာဖြင့် ပြုံးချိုစွာ ဆက်ဆံတတ်ပြီး နိုင်ငံခြားသားများကို အထူးကူညီကြသဖြင့် ကမ္ဘာတွင် အလွန်ရှားပါးသော လူမျိုးဖြစ်ကြောင်း၊ မြန်မာများက ယခုကမ္ဘာလှည့်ကားမောင်းသမားများအား ခင်မင်ရင်းနှီးစွာ အစားအသောက်များ၊ အချိုရည်များ၊ ရေသန့်ဘူးများ၊ မေတ္တာစေတနာဖြင့် အခမဲ့ပေးကြသဖြင့် အထူးကျေးဇူးတင်ဝမ်းသာကြောင်း ယာဉ်မောင်း အမျိုးသမီးတစ်ဦးက ဖွင့်ဟပြောကြားသည်။

(တင်လှိုင်-မိတ္ထီလာ)

လေးနိုင်ငံကားမောင်းပြိုင်ပွဲ ယာဉ်တန်း ပြင်ဦးလွင်မြို့ကို ဖြတ်သန်း

ပြင်ဦးလွင် မတ် ၂

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကျင်းပသော (၁၁)ကြိမ်မြောက် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ တရုတ်၊ မြန်မာစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်ကို ဂုဏ်ပြုသည့်အနေဖြင့် BCIM Car Rally 2013 လေးနိုင်ငံခရီးကြမ်း ကားမောင်းပြိုင်ပွဲကို အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့မှ စတင်ထွက်ခွာခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၊ အိန္ဒိယနိုင်ငံ မိုရေးမြို့၊ မြန်မာနိုင်ငံ ကလေးမြို့မှစ၍ မြို့များအသီးသီး ဖြတ်ကျော်လာခဲ့ရာ မတ် ၁ ရက် နံနက် ၇ နာရီ ၁၅ မိနစ်တွင် မန္တလေးမြို့မှ ထွက်ခွာပြီး ပြင်ဦးလွင်မြို့သို့ ၈ နာရီတွင်ရောက်ရှိ ဖြတ်သန်းခဲ့ကြသည်။ **(အပေါ်ပုံ)**

အဆိုပါ လေးနိုင်ငံခရီးကြမ်း ကားမောင်းပြိုင်ပွဲဝင် ကား ၁၉စီး နှင့် ယာဉ်တန်းများကို ပြင်ဦးလွင် မြို့အဝင်စစ်တက္ကသိုလ် မင်းသုံးပါးကွင်းပြင်၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ အခြေခံပညာအထက်တန်း၊ အလယ်တန်းကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်ကျေးရွာများမှ ဝါသနာရှင်များ၊ ပြင်ဦးလွင်မြို့အတွင်းရှိ လေ့လာကြည့်ရှုသူ အင်အား ၁၀၀၀၀ ခန့်က လေးနိုင်ငံအလံများကို ဝှေ့ယမ်းပြီး သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြသည်။

အဆိုပါ ကားမောင်းပြိုင်ပွဲဝင် ယာဉ်တန်းသည် ဆက်လက်၍ နောင်ချိုမြို့၊ ကျောက်မဲ၊ သီပေါ၊ လားရှိုး၊ မူဆယ်မြို့များသို့ ဆက်လက်ဖြတ်သန်းကာ မတ် ၅ ရက်တွင် တရုတ်နိုင်ငံ ကူမင်းမြို့သို့ ခရီးဆုံးပန်းဝင်မည်ဖြစ်သည်။ ၎င်းကားမောင်းပြိုင်ပွဲတွင် ကားစီးရေ ၁၉ စီး၊ ပြိုင်ပွဲဝင်အားကစားသမား ပေါင်း ၇၈ ဦးပါဝင်ကြပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ၁၃ ဦး၊ အိန္ဒိယနိုင်ငံမှ ၃၀၊ မြန်မာနိုင်ငံမှ ၁၇ ဦး၊ တရုတ်နိုင်ငံမှ ၁၈ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။ မြန်မာနိုင်ငံမှ ပြိုင်ပွဲဝင်ကားသမားများတွင် ရုပ်ရှင်ဗီဒီယိုအနုပညာရှင် လေးဦးပါဝင်ကြောင်း သိရသည်။

(၁၄၇)

ကျေးရွာများ ရေရရှိရေး ဆောင်ရွက်ပေးလျက်ရှိ

ကျောက်ပန်းတောင်း မတ် ၂

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ ယမန်နှစ်မိုးနှောင်းကာလတွင် မိုးပြတ်လပ်မှုကြောင့် ကန်များရေဝင်ရောက်မှု နည်းပါးခဲ့ပြီး ယခုနှစ်နွေဦးပေါက်ရာသီတွင် အချို့ကျေးရွာများတွင် ရေပြတ်လပ်မှုများ ကြုံတွေ့နေရပြီဖြစ်ရာ ကျေးလက်နေပြည်သူများ သောက်သုံးရေ အခက်အခဲမရှိစေရေးနှင့် သန့်ရှင်းသော သောက်သုံးရေ ရရှိနိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် JICA တို့က စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကျောက်ပန်းတောင်း မြို့နယ်အတွင်း သောက်သုံးရေခက်ခဲလျက်ရှိသည့် ဆုံရွာကျေးရွာအုပ်စု ရိုးခြားကျေးရွာနှင့် ခင်မွန်ကျေးရွာအုပ်စု ခင်မွန်ကျေးရွာတို့ကို တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကလည်းကောင်း၊ တံခါးမကျေးရွာအုပ်စု၊ တံခါးမကျေးရွာနှင့် ခင်မွန်ကျေးရွာအုပ်စု ဖုံသာရွာသစ်ကျေးရွာတို့ကို JICA အစီအစဉ်ဖြင့်လည်းကောင်း၊ ကန်ပေါက်ကျေးရွာအုပ်စု ကန်ပေါင်ရွာ၊ ရွာလုကျေးရွာအုပ်စု ပေါက်သစ်ရွာနှင့် တလင်းကုန်းကျေးရွာအုပ်စု နဘဲတန်းကျေးရွာတို့ကို ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနအစီအစဉ်ဖြင့် လည်းကောင်း၊ ဒေါင်းလည်ကျေးရွာအုပ်စု၊ ရွှေစည်တိုင်ကျေးရွာနှင့် ညောင်ကန်ထောင့်ကျေးရွာအုပ်စု၊ အေးရွာတို့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအစီအစဉ်ဖြင့်လည်းကောင်း ၄ လက်မ စက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါ ကျေးရွာများအနက် ကန်ပေါက်ကျေးရွာမှာ ရေထုတ်ယူရန်အတွက် ပန့်တပ်ဆင်ရန်သာ လိုအပ်ပြီး တံခါးမကျေးရွာမှာလည်း ဖေဖော်ဝါရီ ၁၇ ရက်မှ လုပ်ငန်းစတင်ခဲ့ပြီး ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲပိုင်းတွင် ရေအနက်ပေ ၆၈၀ အရောက်၌ ရေစတင်မှုတ်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

တံခါးမရွာတွင် အိမ်ခြေ ၁၄၆ အိမ်ရှိပြီး လူဦးရေ ၇၂၀ ရှိကြောင်း၊ ရွာပုရွာမှာ အိမ်ခြေ ၄၆ အိမ်ရှိပြီး လူဦးရေ ၃၀၀ ခန့်ရှိကြောင်း၊ နှစ်ရွာပေါင်းလူဦးရေ ၁၀၀၀ ကျော်အတွက် အလွန်ဝမ်းသာစရာကောင်းကြောင်း၊ ယခင်က ရွာမရွာ စက်ရေတွင်းကို သွားခပ်ရသည်မှာ တစ်မိုင်ခွဲဝေးကြောင်း၊ လှည်းရှိသည့်လူက လှည်းနှင့် လှည်းမရှိသည့် လူက ပခုံးထမ်းနဲ့ ခြေကျင်သွားခပ်ရကြောင်း။ ကလေးများသည် သောက်ရေအတွက် ရွာနားမှ လက်ယက်စမ်း တွင်းကလေးများတွင်ပဲ နေပူပူစောင့်ပြီး ခပ်ကြရကြောင်း၊ ယခုအခါ အဆင်ပြေသွားပါကြောင်း အသက် ၄၅ နှစ်ရှိ တံခါးမရွာသား ဦးလှဦးက ဝမ်းပန်းတသာပြောပြသည်။

မြို့နယ်အတွင်း ဖော်ပြပါရေအခက်ခဲရှိသည့် ကျေးရွာကိုးရွာ၌ နွေရာသီတွင် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ယခုကဲ့သို့ စီစဉ်ဆောင်ရွက်ပေးမှုများကြောင့် အိမ်ထောင်စု ၁၂၁၁ စုမှ လူဦးရေစုစုပေါင်း ၆၅၂၇ ဦးတို့သည် သန့်ရှင်းသောသောက်သုံးရေဖူလုံစွာ ရရှိနိုင်ကြမည်ဖြစ်သည်။

(၄၁၈)

ထိုင်း-မြန်မာ စီးပွားရေးတွေ့ဆုံ ဆွေးနွေးပွဲ မန္တလေး၌ကျင်းပမည်

မန္တလေး မတ် ၂

မန္တလေးတိုင်းဒေသကြီး ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် ထိုင်းနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်ကုမ္ပဏီ ၂၆ ခုတို့ ပူးပေါင်း၍ ထိုင်းနိုင်ငံမှ စိုက်ပျိုးရေးသုံးပစ္စည်း၊ ကားအပိုပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ စက်အမျိုးမျိုးနှင့် အပိုပစ္စည်းများအကြောင်း တွေ့ဆုံဆွေးနွေးပွဲကို မတ် ၇ ရက် နံနက် ၉ နာရီတွင် Mandalay Hill Resort Hotel ၌ ကျင်းပမည်ဖြစ်ရာ အသေးစိတ်သိရှိလိုပါက ဖုန်း ၀၂-၈၆၂၄၆၊ ၀၉-၂၀၅၁၀၆၃ ၊ ၀၉-၆၈၀၀၉၅၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(ကျော်ထူး)**

ကမ္ဘာ့ဘဏ်၏ လူထုအခြေပြု ဖွံ့ဖြိုးရေးစီမံကိန်း မြို့နယ်ရွေးချယ်နိုင်ရေးစည်းဝေး

နေပြည်တော် မတ် ၂

ကမ္ဘာ့ဘဏ် အကူအညီဖြင့် အကောင်အထည်ဖော်မည့် လူထုအခြေပြုဖွံ့ဖြိုးရေး စီမံကိန်းဆောင်ရွက်မည့် မြို့နယ်ရွေးချယ်ရေးညှိနှိုင်းအစည်းအဝေးကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၀ နာရီကကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကို တက်ရောက်အမှာစကား ပြောကြားသည်။

ယင်းအစည်းအဝေးသို့ ကမ္ဘာ့ဘဏ်ကိုယ်စားလှယ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဝန်ကြီးများ၊ မြို့နယ်များမှ လူမှုအဖွဲ့အစည်းများ တက်ရောက်ခဲ့ကြပြီး တာဝန်ရှိသူများက စီမံကိန်းဆိုင်ရာများနှင့် မြို့နယ်ရွေးချယ်ပေးရမည့်အစီအစဉ်များကို ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးပြီး အစုအဖွဲ့များ ဖွဲ့ကာ စီမံကိန်းမြို့နယ်ရွေးချယ်ပေးနိုင်ရေးအတွက် ပွင့်လင်းစွာ ရွေးချယ်ဆန္ဒပြုကြသည်။

ဆွေးနွေးပွဲမှရရှိသည့် ပဏာမရွေးချယ်ထားသော မြို့နယ်သုံးမြို့နယ်ကို နိုင်ငံခြားအကူအညီ စီမံခန့်ခွဲရေး လုပ်ငန်းကော်မတီသို့ ဆက်လက်တင်ပြ အတည်ပြုချက်ရယူခြင်း၊ ကမ္ဘာ့ဘဏ်သို့ ကန့်ကွက်ရန် မရှိကြောင်း သဘောထားရယူခြင်းများ ဆောင်ရွက်ရန် စီမံကိန်းလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနသည် ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း လူထုအခြေပြုဖွံ့ဖြိုးရေး အမျိုးသားစီမံကိန်းဆောင်ရွက်ရန် ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးများအတွင်းရှိ မြို့နယ်တစ်မြို့နယ်စီကို ရွေးချယ်ပြီး ယင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုအားလုံးတွင် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံလိုအပ်ချက်များဖြစ်သည့် လမ်း တံတား၊ ရေ၊ မီး၊ စာသင်ကျောင်းနှင့် ကျေးလက်ကျန်းမာရေးဌာနစသည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုတစ်စုလျှင် အမေရိကန်ဒေါ်လာ ၂၇၀၀၀ နှုန်းဖြင့် သုံးနှစ်ဆက်တိုက် ထောက်ပံ့ပေးမည်ဖြစ်သည်။ အဆိုပါထောက်ပံ့ပေးငွေများကို ဒေသခံကျေးလက်ပြည်သူများပါဝင်သော ကော်မတီများဖွဲ့စည်းရန် လုပ်ငန်းရွေးချယ်ခြင်း၊ လုပ်ငန်းသုံးပစ္စည်းဝယ်ယူခြင်း၊ လုပ်ငန်းဆောင်ရွက်မှု ကြီးကြပ်ခြင်းနှင့် ဆောင်ရွက်ပြီး လုပ်ငန်းထိန်းသိမ်းခြင်းတို့ကို လူထုအခြေပြုနည်းလမ်းများဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်သန်း(ကော့မှူး)**

မြန်မာဝတ်စုံနှင့် မြန်မာ့ရိုးရာအစားအစာကို ချစ်မြတ်နိုးသည့် ကိုရီးယားမင်းသမီး

နာမည်ကြီးကိုရီးယားရုပ်သံတစ်ခုဖြစ်သော KBS ရုပ်သံရိုက်ကူးရေးအဖွဲ့နှင့်အတူ ကိုရီးယားမင်းသမီးလေး ဂျောင်ဆိုယောင်းသည် မြန်မာ့နန်းတွင်းအစားအစာ၊ မြန်မာ့ရိုးရာအစားအစာနှင့် တိုင်းရင်းသားရိုးရာ အစားအစာများအကြောင်း စီစဉ်တင်ဆက်မည့် ရသစုံလင်လောကတစ်ခွင် (Delicious Planet) အစီအစဉ်ရိုက်ကူးရန် ဖေဖော်ဝါရီ ၁၄ ရက်က မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သည်။ **(ယာပုံ)**

မြန်မာနိုင်ငံစားသုံးသူ ကာကွယ်ရေးအသင်း၏ အစီအစဉ်ဖြင့် ဖေဖော်ဝါရီ ၁၅ ရက်တွင် ဒဂုံမြို့နယ် ခရေပင်လမ်းရှိ ပဒုမ္မာစားသောက်ဆိုင်တွင် ကိုရီးယားမင်းသမီးလေး ဂျောင်ဆိုယောင်းက မြန်မာဝတ်စုံကို ဝတ်ဆင်၍ မြန်မာ့ရိုးရာအစားအစာများကို ကိုယ်တိုင်ချက်ပြုတ်သော အစီအစဉ်ကို စားသောက်ဆိုင် ဝန်ထမ်းများနှင့်အတူ ရိုက်ကူးခဲ့သည်။ စားသုံးသူ ကာကွယ်ရေးအသင်းဥက္ကဋ္ဌစာရေးဆရာ ဗအုပ်ခိုင်က "မြန်မာမိန်းကလေးတွေက ကိုရီးယားဇာတ်လမ်းတွဲတွေ ကြည့်ပြီး ဒူးပေါ် ပေါင်ပေါ် အဝတ်အစားတွေ အတုခိုး၊ ကိုရီးယားနိုင်ငံက ရာသီဥတုအခြေအနေအရ မင်းသမီးတွေ ဆိုဂျူအရက်သောက်တာကို မြန်မာမိန်းကလေးတွေက တလွဲဆံပင်ကောင်းပြီး အရက်တွေ လိုက်သောက်နေတဲ့ အချိန်မှာ နာမည်ကြီးကိုရီးယားမင်းသမီးဂျောင်ဆိုယောင်းက မြန်မာဝတ်စုံနှင့် မြန်မာ့ရိုးရာအစားအစာကို ခုံခုံမင်မင် မြတ်မြတ်နိုးနိုးရှိတယ်လို့ပြောတာကြားရတော့ မြန်မာမိန်းကလေးတွေ နမူနာယူစေချင်လို့ ဒီအစီအစဉ်ရိုက်ကူးရေးမှာ အကူအညီပေးနေတာပါ"ဟု ပြောကြားခဲ့သည်။

ယခုအခါ ကိုရီးယားမင်းသမီး ဂျောင်ဆိုယောင်းနှင့်အဖွဲ့သည် ရှမ်းပြည်နယ်တောင်ကြီး၊ အင်းလေးဒေသတစ်ဝိုက်တွင် တိုင်းရင်းသားရိုးရာ အစားအသောက်များ အစီအစဉ်ရိုက်ကူးနေပြီး အပြန်တွင် မြန်မာနိုင်ငံစားသုံးသူ ကာကွယ်ရေးအသင်းဝင်တစ်ဦး၏နေအိမ်တွင် မြန်မာနန်းတွင်းအစားအစာ ချက်ပြုတ်စားသောက်သည့်အစီအစဉ်ကို ရိုက်ကူးမည်ဟု သိရသည်။

အဆိုပါ KBS ရုပ်သံလိုင်းသည် ကိုရီးယားနိုင်ငံတွင်သာမက အမေရိကန်နိုင်ငံ၊ ဥရောပနိုင်ငံများ၊ အာဖရိကနှင့် အာရှနိုင်ငံများကိုလည်း Channel ပေါင်းများစွာဖြင့် ထုတ်လွှင့်နေသော ရုပ်သံတစ်ခုဖြစ်ကြောင်း သိရသည်။ **(ဆင်းရန့်)**

ပြည်တွင်းသတင်း

တောင်ပိုင်းဒေသများ မိုးဆက်လက်ထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၂

ယနေ့ နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကယားပြည်နယ်နှင့်ကရင်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှ အပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်များမှာချောက်မြို့၊ အောင်လံမြို့နှင့် တောင်တွင်းကြီးမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်မှာ လောင်းလုံမြို့တွင် ၀ ဒသမ ၂၈ လက်မ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့်မန္တလေးမြို့အနီးတို့တစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ **ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

AYEYARWADY BANK
your trusted partner

ဧရာဝတီဘဏ်လီမိတက် ၏
ရန်ကုန်ဘဏ်ခွဲ(၇)ဝါးတန်း ကို
၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈)ရက် (ကြာသပတေးနေ့)တွင် ဖွင့်လှစ်လိုက်ပြီး
အထွေထွေဘဏ် ဝန်ဆောင်မှုများအား စတင်ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်းနှင့်
မကြာမီ ဧရာဝတီဘဏ် မကွေးဘဏ်ခွဲအား ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း
မိဘပြည်သူ အပေါင်းအား ဝမ်းမြောက်စွာ သတင်းကောင်းပါးအပ်ပါသည်။

♣ ♣ ♣ ♣ ♣ ♣

ရန်ကုန်ဘဏ်ခွဲ(၇)ဝါးတန်း
အမှတ်(၀၅၀)၊ ဝါးတန်းလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၉၅၁ - ၂၃၀၀၃၇၂ ~ ၇၃၊ ၂၃၀၀၅၄၂ ~ ၄၆၊ ၂၃၀၀၃၃၃၊ ၂၃၀၀၄၄၄
ဖက်(စ်) - ၉၅၁ - ၂၃၀၀၅၄၀၊ ၂၃၀၀၅၄၁

တိုးတက်မှုနှင့်တစ်ပြေးညီ
စိတ်ချယုံကြည်
ဧရာဝတီ

ရန်ကုန် (ရုံးချုပ်) - အမှတ်(၁) ဘုရင့်နောင်လမ်းမကြီး (ရွာမတွေ့အနီး) လှိုင်မြို့နယ် ရန်ကုန်မြို့။ ဖုန်း - ၀၁ ၅၀၀၁၂၃၊ ၅၃၁၀၇၈-၉ ဖက်(စ်) - ၀၁ ၅၃၀၉၆၈၊ ၅၂၇၇၉၇
www.ayabank.com

ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ

○ ကျောဖုံးမှ

ဒုတိယပိုင်းတွင် ကစားအားကိုမချဘဲ တိုက်စစ်ဖွင့်ကစားရာ ၅၁ မိနစ်တွင် ဘယ်တောင်ပံမှ ကျော်မင်းထွန်း ဖြတ်တင်ပေးသည်ကို မင်းမင်းထွန်းက ခေါင်းတိုက်သွင်းယူသဖြင့် ပဥ္စမဂိုး ရရှိသွားပြန်သည်။ အတွေ့အကြုံနုသော မွန်အသင်းကစားသမားများမှာ မန္တလေး၏ နေရာစုံ တိုက်စစ်ဖွင့်ခြင်းကို ခုခံနိုင်စွမ်းမရှိပေ။ ၈၁ မိနစ်တွင် ကွင်းလယ်မှ ခင်းပေးသည်ကို မန္တလေး တိုက်စစ်မှူး ဇေယျာမင်းလူကျွံသော ထောင်ချောက်မှထွက်ကာ မွန်ဂိုးသမားကိုကျော်ပြီး လှလှပပ သွင်းယူခဲ့သဖြင့် ဆဋ္ဌမဂိုးရရှိသွားသည်။ မိနစ် ၉၀ ပြည့်ချိန်တွင် မွန်ကွင်းလယ်မှ လှမ်းတင်သည်ကို ပြည့်စုံအောင်(၁)က ဆွဲယူလာသည်ကို မန္တလေး နောက်ခံလူ နန္ဒရှိန် အဖျက်ကြမ်းသဖြင့် ပယ်နယ်တီအပေးခံရသည်ကို ပြည့်စုံအောင်ကပင် ကန်သွင်းခဲ့သည်။ မန္တလေး ဂိုးသမား ဇော်ဇော်နိုင် ပုတ်ထုတ်ကာကွယ်နိုင်ခဲ့သော်လည်း ပြန်လျှံလာသည်ကို ပြည့်စုံအောင်က နောက်တစ်ကြိမ်ကန်သွင်းယူခဲ့သဖြင့် မွန်ပြည်နယ်အသင်းအတွက် တစ်လုံးတည်းသော နှစ်သိမ့်ချေပဂိုးရရှိသွားသည်။

ဝဏ္ဏသိဒ္ဓိကွင်း၌ ကစားသော နေပြည်တော်အသင်းနှင့် ပဲခူးအသင်းတို့ ပွဲစဉ်တွင် နေပြည်တော်အသင်းက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရသဖြင့် ဆီမီးဖိုင်နယ်တွင် မန္တလေးနှင့် နေပြည်တော်တို့ တွေ့ဆုံကစားရမည်။

မတ်လ ၃ ရက် ညနေ ၃နာရီတွင် ဝဏ္ဏသိဒ္ဓိကွင်း ၌ ဆီမီးဖိုင်နယ်အဖြစ် မကွေးအသင်း နှင့် ရန်ကုန်အသင်းတို့ ကစားကြမည်ဖြစ်သည်။

❖ ကျောဖုံးမှ

မတ် ၂ ရက်က ကျင်းပသော အမျိုးသမီး အုပ်စုပတ်လည် ဘော်လီဘောပြိုင်ပွဲတွင် ရန်ကုန်အသင်းက ရခိုင်ပြည်နယ်ကို သုံးပွဲပြတ်ဖြင့် အနိုင်ရခဲ့သည်။ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် အုပ်စုအမှတ်အများဆုံး နှစ်သင်း ဗိုလ်လုရမည်ဖြစ်ရာ ၎င်းနှစ်သင်း ဗိုလ်လုပွဲ၌ ဆုံတွေ့ရဖွယ်ရှိသည်။

ဘီလိယက်ပြိုင်ပွဲတွင် ပထမဆုရ အောင်ငွေး (ပဲခူး)၏ ဗိုလ်စွဲစေသည့် ထိုးချက်များ။

(အဆိုပါပြိုင်ပွဲတွင်ဒုတိယ ကျော်ဦး(ကယား) နှင့် တတိယ နေသွေးနီ (ရန်ကုန်)တို့ ရရှိကြသည်။)

စက်ဘီး

ဆီးဂိမ်းအကြို ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ စက်ဘီးပြိုင်ပွဲကို နေပြည်တော်စက်ဘီးအားကစားပြိုင်ကွင်း၌ မတ်လ ၂ ရက်နေ့ နံနက်ပိုင်းက ကျင်းပရာ BMX အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ပထမ ဇာနည်(မန္တလေး)၊ ဒုတိယ သူရဇော် (မန္တလေး)၊ တတိယ အောင်ကိုလင်း (စစ်ကိုင်း)၊ BMX အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲတွင် ပထမခိုင်ဇင်မိုး(ကချင်)၊ ဒုတိယ ခင်မျိုးထက်(ကချင်)၊ တတိယ ချစ်စုစုအောင်(မန္တလေး)၊Cross Country အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ပထမ စိုင်းအောင်ခန့် (ရှမ်း)၊ ဒုတိယ ဖြိုးဝေဇင်(တနင်္သာရီ)၊ တတိယ မင်းမင်းဟန် (မန္တလေး)၊ Cross Country အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ ပထမ ခင်ချိုးနွယ် (ကယား)၊ ဒုတိယ တင်ဝင်းကြည် (မန္တလေး)၊ တတိယ မေဇင်ဖြိုး(မကွေး)၊ Down Hill အမျိုးသားတစ်ဦးချင်း ပြိုင်ပွဲတွင် ပထမ ထက်မြတ်အောင် (ကချင်)၊ ဒုတိယ စိုးသန့်(မန္တလေး)၊ တတိယ အောင်နိုင်ထွန်း(မန္တလေး)၊ Down Hill အမျိုးသမီး တစ်ဦးချင်း ပြိုင်ပွဲ ပထမ သူဇာ(မကွေး)၊ ဒုတိယ သန္တာ (မကွေး)၊ တတိယ နှင်းအိနိုင် (ရန်ကုန်)တို့ အသီးသီး ဆုရရှိခဲ့ကြသည်။

ဘတ်စကက်ဘော

ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ အမျိုးသား အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲများကို အားကစားလေ့ကျင့်ရေးစခန်း(၁)ရှိ ဘော်လီဘောအားကစားပြိုင်ပွဲရုံ၌ ဒုတိယနေ့အဖြစ် မတ် ၂ ရက်က ဆက်လက်ကျင်းပသည်။ အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲတွင်အုပ်စု (က)မှ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို (၆၈-၆၃) မှတ်ဖြင့် လည်းကောင်း၊ **(အောက်ပုံ)** ကရင်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို (၄၈-၄၃) မှတ်ဖြင့် လည်းကောင်း၊အုပ်စု(ခ)မှ ရှမ်းပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို (၆၈-၄၀)မှတ်ဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲပတ်လည်ပွဲစဉ်များတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို(၅၉-၂၈)မှတ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

AFC Challenge Cup မြန်မာအသင်း ပွဲဦးထွက် ဂိုးပြတ်နိုင်

သတင်းနှင့် ဓာတ်ပုံ - ညီမြတ်သော်တာ

ရန်ကုန် မတ် ၂

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၁၄ AFC Challenge Cup ခြေစစ်ပွဲအုပ်စု (က) ပထမနေ့ပွဲစဉ်များကို ဖေဖော်ဝါရီ ၂ ရက် ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပရာ မြန်မာအသင်းက ဂူအမ်အသင်းကို ငါးဂိုးပြတ်ဖြင့် အနိုင်ရရှိသွားသည်။

မြန်မာအသင်း - ငါးဂိုး

(စိုးမင်းဦး၊ ကြည်လင်း၊ ပြည့်ဖြိုးအောင်၊ ပိုင်စိုးနှင့် ကျော်ဇေယျာဝင်း- တစ်ဂိုးစီ)

ဂူအမ်အသင်း - ဂိုးမရှိ

နိုင်ငံတကာပြိုင်ပွဲများတွင် ရလဒ်များ ဆက်တိုက်ဆိုးရွားနေသည့် မြန်မာ့လက်ရွေးစင်အသင်းမှာ ယခုပွဲတွင် ခြေစွမ်းပြကာ ဂိုးပြတ်အနိုင်ရခဲ့သည်။ မြန်မာအသင်းတွင် အမာခံကစားသမားအချို့ ပါဝင်နိုင်ခြင်းမရှိသော်လည်း ဆူဇူကီးဖလားပြိုင်ပွဲထက် ပိုကောင်းသည့်ခြေစွမ်းကို ပြသနိုင်ခဲ့ပြီး ဂူအမ်အသင်းကို ဂိုးပြတ်နိုင်ခဲ့ခြင်း ဖြစ်သည်။ ဂူအမ်အသင်းတွင် အမေရိကန်နွယ်ဖွား ကစားသမားများ ပါဝင်လာသော်လည်း အကောင်းဆုံးအနေအထားမျိုးမရှိခဲ့ဘဲ မြန်မာအသင်းအတွက် ခက်ခဲသည့်ပြိုင်ဘက်မဖြစ်ခဲ့ပေ။

မြန်မာအသင်းမှ စိုးမင်းဦး ဂူအမ်အသင်းဘက်သို့ ဂိုးသွင်းယူစဉ်။

မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ၂၆ မိနစ်တွင် စိုးမင်းဦးက ပထမဂိုး၊ ၃၈ မိနစ်တွင် ပယ်နယ်တီကတစ်ဆင့် ကြည်လင်းက ဒုတိယဂိုး၊ ၄၅ မိနစ်တွင် ပြည့်ဖြိုးအောင်က တတိယဂိုး၊ မိနစ် ၅၀ တွင် ပိုင်စိုးက စတုတ္ထဂိုး၊ ၇၉ မိနစ်တွင် ကျော်ဇေယျာဝင်းက ပဉ္စမဂိုးတို့ကို သွင်းယူခဲ့သည်။

(ပထမပွဲ)

အိန္ဒိယ-နှစ်ဂိုး
(ဂျဲဝလ် ရာဂျာနှင့် ရော်ဘင်)
တရုတ်(တိုင်ပေ)-တစ်ဂိုး
(တိုင်လင်လီ)

၄-၃-၂၀၁၃ ပွဲစဉ်
ညနေ ၄ နာရီ
ဂူအမ်- အိန္ဒိယ
ည ၆ နာရီ ၄၅ မိနစ်
မြန်မာ-တရုတ်(တိုင်ပေ)

ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲပွဲစဉ်များကစားမည်

နေပြည်တော် မတ် ၂

သတင်း - ဝေယံဦး

ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲများကို နေပြည်တော်ရှိ သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပလျက်ရှိရာ မတ် ၃ ရက်**(ယနေ့)**၌ အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲများကို ဇမ္ဗူသီရိမြို့နယ် TC-1 ပိုက်ကျော်ခြင်း လေ့ကျင့်ရေးရုံ၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ပိုက်ကျော်ခြင်း အမျိုးသားနှစ်ယောက်တွဲ အုပ်စုပွဲစဉ်များအဖြစ် မွန်နှင့်ကချင်၊ ချင်းနှင့် ရန်ကုန်၊ စစ်ကိုင်းနှင့် ဧရာဝတီ၊ ရခိုင်နှင့် ကယား၊ ပဲခူးနှင့် ကရင်၊ ချင်းနှင့်တနင်္သာရီ၊ စစ်ကိုင်းနှင့် မကွေး၊ ကချင်နှင့် ရခိုင်၊ ကရင်နှင့် မန္တလေးအသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ထို့အတူ အမျိုးသမီးနှစ်ယောက်တွဲပွဲစဉ်များအဖြစ် ပဲခူးနှင့် ဧရာဝတီ၊ မွန်နှင့် ကရင်၊ ရန်ကုန်နှင့် တနင်္သာရီ၊ မန္တလေးနှင့်ရခိုင်၊ ဧရာဝတီနှင့် ရန်ကုန်၊ ကရင်နှင့် မန္တလေးအသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(င)၊ မြေကွက်အမှတ် ၁၀၃၈ ၁/၂၊ အကျယ်အဝန်း အလျားပေ၂၀×အနံပေ၅၀ရှိ နှစ်၆၀ဂရန်မြေအမည်ပေါက်ထားသူ ဒေါ်တင်သီတာဆွေထံမှလည်းကောင်း၊ မြေကွက်အမှတ် ၁၀၃၈ ၁/၂၊ အကျယ်အဝန်းအလျား ပေ၂၀× အနံပေ၅၀ရှိ ဒေါ်သန်းကြည်အမည်ပေါက် နှစ်၆၀ဂရန်မြေကွက်ကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ် (၆၃၆၂/၂၀၁၁)အရ ပိုင်ဆိုင်သူ ဦးငွေးဝင်းထံမှလည်းကောင်း၊ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၈၈၅/၂၀၁၂)နှင့် (၄၈၈၄/၂၀၁၂)ရရှိသူ ဒေါ်ကြူကြူဟန် ၁၃/သနန(နိုင်)၀၀၂၁၁၆ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်မြလှဲ့ဝင်း (LL.B, D.B.L) အထက်တန်းရှေ့နေ
အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃၊ ၉၆၆၉၀၀၄

အင်းလေးဒေသဟိုတယ်ဇုန်မြေနေရာအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် အင်းလေးဒေသတွင် ဟိုတယ်ဇုန်မြေနေရာများအား ဖော်ထုတ်လျက်ရှိပါသည်။

၂။ ဟိုတယ်ဇုန်တွင် လုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များအနေဖြင့် လျှောက်လွှာများအား တောင်ကြီးခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လျှောက်လွှာတစ်စုံလျှင် ၅၀၀၀ိ/နှုန်းဖြင့် ဝယ်ယူပြီး ၁၇-၃-၂၀၁၃ ရက်ညနေ ၄ နာရီ နောက်ဆုံးထား လျှောက်ထားနိုင်ပါသည်။

၃။ အသေးစိတ်သိလိုပါက တောင်ကြီးခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖုန်း-၀၈၁-၂၁၂၁၀၀၃၊ ၂၁၂၁၆၉၁ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

အင်းလေးဒေသဟိုတယ်ဇုန်ဖော်ထုတ်ရေးဦးစီးကော်မတီ
တောင်ကြီးမြို့

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈)အတွင်းရှိ မြေကွက်အမှတ် ၂၅၂ ၁/၂၊ အကျယ်အဝန်း စတုရန်းပေ ၁၂၀၀နှင့် မြေကွက်အမှတ် ၂၅၃ ၁/၂၊ အကျယ်အဝန်း စတုရန်းပေ ၁၂၀၀ရှိသော နှစ်၆၀မြေငှားဂရန်မြေကွက်များနှင့် ယင်းမြေကွက်များဖြင့် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ဝယ်ယူပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဦးဇော်ဝင်း ၉/မနမ(နိုင်)၁၀၂၁၇၇ထံမှ ကျွန်ုပ်၏ မိတ်ဆွေကဝယ်ယူရန် သို့နိုင်းသဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ သုံးရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိန်ဝင်း (စဥ်-၆၀၈၂)
B.A, H.G.P, C.B.L, D.B.L, D.M.L
ဥပဒေအကျိုးဆောင်၊
အမှတ် ၁၀/၁၂၊ ပထမထပ်(အေ-၅)၊
၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၉၈၂၅၇၃၆၊ ၀၉-၅၀၇၀၆၇၇

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ လူနေရပ်ကွက်အမှတ်(S.25)၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃-အိုင်)၊ မြေကွက်အမှတ်(V ၇၆)၊ ဧရိယာ ၀ ဒသမ ၀၂၉ ဧကရှိ နှစ် ၉၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ ဧရာဝတီလမ်း၊ အမှတ်(၁၂)ဟု ခေါ်တွင်သော မြေကွက်၏ ပိုင်ဆိုင်မှုနှင့် မြေညီထပ်တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်နန်းမေသူ ၃/ဘအန(နိုင်)၀၁၄၀၉၄ အမည်ဖြင့်တည်ရှိသော မြေကွက်ဖြစ်ပါသည်။ မြေအမည်ပေါက်ဖြစ်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူများက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေအနက်မှစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယင်းမြေကွက်၏ ပိုင်ဆိုင်မှု၊ မြေညီထပ်တိုက်ခန်း အပါအဝင်တို့နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၇ ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်း၊ ဂရန်မူရင်း၊ စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ကျော်မိုး
(LL.B, D.B.L, D.M.L)
တရားလွှတ်တော်ရှေ့နေ(စဥ်-၃၁၉၀)

ဦးအောင်မင်းနိုင်
LL.B, C.B.L, WIPO-DL-101(GENEVA)
အထက်တန်းရှေ့နေ(စဥ်-၂၅၄၀၇)

ဦးသန့်ဇော်လွင်
(LL.B, D.B.L)
အထက်တန်းရှေ့နေ(စဥ်-၃၈၇၃၁)

အမှတ်-၅၆၁၊ ပထမထပ်၊ M.A.C Tower၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဦးသူရမည်

NISSAN AD 1.5 VE ပုံပြောင်း
BB…၊ ကျပ် ၁၀၈ သိန်း၊ ကားအလွန်သန့် 4 B.B
ဖုန်း-၀၉-၇၃၄၀၄၀၄၀

အမှတ်(၁၀၁၄)၊ ပင်းယ(၁၇)လမ်း၊ ၅ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ မြေကွက်အမှတ်-၁၀၁၄၊ ပါမစ်မြေအမျိုးအစား မြေကွက်ကို တရားဝင် လက်ရှိပိုင်ဆိုင်သူ ဒေါ်ဝင်းဝင်းရီ ၁၂/ဗဟန(နိုင်)၁၀၁၂၇၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်စောဦး (တရားလွှတ်တော်ရှေ့နေ) စဥ်-၆၇၀၂
အမှတ်-၅၆၁၊ (M.A.C Tower) အခန်း-၃၀၂၊
ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သမာဓိလမ်း၊ တိုက်အမှတ် ၁၁၆၄၊ ခြောက်လွှာ၊ အခန်း(B)အား ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့သည် ဒေါ်ခင်ဆွေဦး ၁၂/သကတ(နိုင်)၁၆၀၉၆၁မှ လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသော တိုက်ခန်းဖြစ်သောကြောင့် ဒေါ်ရွှေသဥ္ဇာဝင်းက အရပ်ကတိအရောင်းစာချုပ်ဖြင့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများသည် စာချုပ်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **ဒေါ်ရွှေသဥ္ဇာဝင်း**
၁၂/လကန(နိုင်)၁၄၇၂၅၃

ဇနီးမယားအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော် ဦးဇော်ဝင်းသိန်း ၁၂/မရက(နိုင်)၀၀၁၀၄၁၏ဇနီး မလှလှစန်း ၇/ပခန(နိုင်)၂၁၁၃၃၆ သည် မိသားစုစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး ၅-၂-၂၀၁၃ ရက်တွင် နေအိမ်မှ ၎င်း၏ဆန္ဒအလျောက် ဆင်းသွားပါသဖြင့် ယနေ့မှစ၍ ဇနီးမယားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စမဆို (လုံး၀)ဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးဇော်ဝင်းသိန်း
၁၂/မရက(နိုင်)၀၀၁၀၄၁

ဈေးကွက်နှင့်စီးပွားရေးသတင်း

စားအုန်းဆီဈေးနှုန်းများကျဆင်း

ရန်ကုန် မတ် ၂

ပြည်ပပို့အရွယ်အစားဖြစ်သော ကြက်သွန်နီလတ်ချော အမျိုးအစား ဈေးနှုန်းများသည် ဖေဖော်ဝါရီ ၂၈ ရက်တွင် ထိပ်စရွယ်အမျိုးအစားထက် ဈေးမြင့်လာကြောင်း၊ စားအုန်းဆီဈေးနှုန်းမှာ ပြည်တွင်း ပြည်ပဈေးနှုန်းများကျဆင်းလာပြီး ဈေးကွက်တွင် ပုံးဆီများ အဝယ်နည်း၍ အပြိုင်အဆိုင်ဈေးလျှော့ရောင်းနေကြရသည်ဟု အဝယ်တော်များက ဆိုသည်။

ဖေဖော်ဝါရီ ၂၈ ရက်တွင် ဆိပ်ဖြူအမျိုးအစား လတ်ချော တစ်ပိဿာ ငွေကျပ် ၃၅၀၊ တောင်တွင်း ငွေကျပ် ၄၀၀ ဖြစ်ပြီး ထိပ်စရွယ်များမှာ ဆိပ်ဖြူ တစ်ပိဿာ ကျပ် ၃၅၀၊ တောင်တွင်း ၃၂၅ ကျပ်သာရှိပြီး မြစ်သားအမျိုးအစားမှာ အရွယ်အစားလေးမျိုးစလုံး (ဒုံး)ငါးရာကျပ်သာရှိကြောင်း သိရသည်။ လတ်ချောအမျိုးအစားများမှာ ပြည်ပပို့သော အရွယ်အစား ဖြစ်ကြောင်း၊ ယခင်နှစ် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် ဆိပ်ဖြူ အမျိုးအစားလတ်ချော တစ်ပိဿာ ၂၂၅ ကျပ်၊ တောင်တွင်း ကျပ် ၂၀၀၊ မြစ်သား ငွေကျပ် ၃၅၀ ရှိပြီး ရှယ် ထိပ်စများ ဆိပ်ဖြူ ငွေကျပ် ၅၀၀၊ တောင်တွင်း ၄၇၅ ကျပ်၊ မြစ်သား ငွေကျပ် ၆၅၀ နှုန်းရှိကြောင်း သိရသည်။

ကြက်သွန်နီဈေးနှုန်း မြင့်ချိန် ၂၀၁၂ ဒီဇင်ဘာ ၄ ရက်တွင် ဆိပ်ဖြူလတ်ချော တစ်ပိဿာ ငွေကျပ် ၁၄၅၀၊ ရှယ်ထိပ်စ ငွေကျပ် ၁၈၅၀ နှုန်းရှိရာ လတ်ချောအမျိုးအစား တွင် ရှယ်ထိပ်စ တစ်ပိဿာ ငွေကျပ် ၄၀၀ ဈေးနည်းသော်လည်း ယခုနှစ် ဖေဖော်ဝါရီလကုန်တွင် ပြည်ပပို့ လတ်ချောအရွယ်အစားသည် ရှယ်ထိပ်စထက် ဈေးမြင့်နေသည်ဟု သိရသည်။

ယခင်အပတ် ပြည်ပအရင်းဈေး တစ်ပိဿာ ၁၄၇၆ ကျပ်၊ မလေးရှား FoB စားအုန်းဆီ တစ်တန် ၈၇၅ ဒေါ်လာအထိ မြင့်တက်လာခဲ့သော စားအုန်းဆီမှာ ဖေဖော်ဝါရီ ၂၇ ရက်တွင် FoB တစ်တန်၈၄၅ဒေါ်လာ၊ တစ်ပိဿာ အရင်းဈေး ၁၄၂၅ ကျပ်ထိကျဆင်းလာသကဲ့သို့ ပြည်တွင်း ရန်ကုန်ဈေးကွက်၌ ဖေဖော်ဝါရီ ၂၃ ရက် တစ်ပိဿာလျှင် ၁၄၃၅ ကျပ်ရှိရာမှ ဖေဖော်ဝါရီ ၂၈ ရက်တွင် D.O ဝါရွက် ဈေး တစ်ပိဿာ ၁၃၈၅ ကျပ်၊ လက်ငင်းဆီဈေးနှုန်း တစ်ပိဿာ ၁၃၉၅ ကျပ်သို့ ကျဆင်းလာသည်ဟု သိရသည်။

ပုံးဆီများသည် ကန်ဆီထက် အရည်အသွေးသာသော်လည်း ပုံးခွံဖိုးနုတ်လျှင် တစ်ပိဿာလျှင် ကျပ်နှစ်ရာ ဝန်းကျင်ဈေးမြင့်ခြင်း၊ ရာသီဥတု အပူချိန်မြင့်လာ၍ ထိုဆီများ အေးခဲမှုနည်းပြီး ဈေးကွက်တွင် အဝယ်သွက်လာခြင်းကြောင့် ပုံးဆီအရောင်းသမားများ ဆီလောကတွင် အပြိုင်အဆိုင် အရောင်းမြှင့်တင်နေရသည်ဟု သိရသည်။ **ခင်ဆိုင်**

နိုင်ငံခြားငွေ လဲလှယ်သည့်လုပ်ငန်း ဘဏ်များအပြင် ကုမ္ပဏီများကိုပါ ခွင့်ပြု

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် ယခင်က နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လိုင်စင် (Money Changer Licence - M.C) ကို ပုဂ္ဂလိကဘဏ်များကိုသာ ထုတ်ပေးခဲ့သော်လည်း ယခုအခါ ဘဏ်မဟုတ်သော ကုမ္ပဏီအဖွဲ့အစည်းများကိုလည်း လဲလှယ်ရောင်းချခွင့်လိုင်စင်ထုတ်ပေးနေပြီဖြစ်ကြောင်း ဗဟိုဘဏ်ထုတ်ပြန်ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနှင့် ပြီးခဲ့သည့် ဒီဇင်ဘာ ၂၁ ရက်မှစပြီး ဘဏ်မဟုတ်သော ကုမ္ပဏီအဖွဲ့အစည်းများကို နိုင်ငံခြားငွေ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လိုင်စင်ထုတ်ပေးရန် ဆောင်ရွက်ခဲ့ကြောင်း။ ယခုအထိ ကုမ္ပဏီသုံးခုက ငွေလဲကောင်တာ ငါးခုဖွင့်လှစ်ဆောင်ရွက်နေကြောင်း။ ဆက်လက်ပြီး လိုင်စင်စည်းကမ်းနှင့်အညီ စိစစ်ခွင့်ပြုပေးလျက်ရှိကြောင်း ဗဟိုဘဏ်တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုအခါ နိုင်ငံတစ်ဝန်းမှ ဘဏ် ၁၈ခုကို ကောင်တာ ၂၁၂ ခု ဖွင့်လှစ်ခွင့်ပြုခဲ့ပြီးသည့်အနက် ငွေလဲကောင်တာ ၁၁၃ ခု ဖွင့်လှစ်ကာ နိုင်ငံခြားငွေလဲလှယ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသော ကုမ္ပဏီများသည် ငွေလဲကောင်တာလုပ်ငန်းခွဲများကို ဗဟိုဘဏ်၏ ခွင့်ပြုချက်ရယူကာ နိုင်ငံတစ်ဝန်းတိုးချဲ့ဖွင့်လှစ်နိုင်ကြောင်း သိရသည်။

အာကာကျော်-စုစည်းသည်

မဟာပဋ္ဌာန်းကျမ်းမြတ်ပူဇော်

ပေါက်တော မတ် ၂

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် မြင့်ဂါသစ်ကျေးရွာ၌ (၂၅)ကြိမ်မြောက် မဟာပဋ္ဌာန်းကျမ်းမြတ်ကို ရွတ်ဖတ်ပူဇော်ပွဲ ငွေရတုမင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၉ နာရီက စတင် ကျင်းပရာ အခမ်းအနားသို့ မင်းပြားမြို့နယ် လုံ့ပျောက်ပဝါရဏာ ဂိုဏ်းချုပ် သက်တော်ရှည် ဆရာတော်ကြီး ဘဒ္ဒန္တ သာဝရ၊ စစ်တွေမြို့ စိတ္တသုခ ပရိယတ္တိကျောင်းတိုက်ဦးစီး ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ မဟာဂန္ထဝါစကပဏ္ဍိတ သံဃသမုတိရ ဘဒ္ဒန္တနန္ဒက မြင့်ဂါသစ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုစိတ္တအမှူးပြုသော ဆရာတော်များ၊ ရပ်မိရပ်ဖများ၊ အလှူရှင်များ၊ ရပ်နီး ရပ်ဝေးမှ ဖိတ်ကြားထားသူများ၊ ရွာသူ ရွာသားများစုံညီစွာ တက်ရောက်ပူဇော်ကြသည်။ **(အပေါ်ယာပုံ)**

"မြင့်ဂါသစ်ရွာတွင် မဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ ၁၃၄၉ ခုနှစ်ကစတင် ကျင်းပလာခဲ့ကြောင်း။

အခု တော့ ၂၅ နှစ်တင်းတင်း ပြည့်ခဲ့ပြီဖြစ် ကြောင်း၊ ယခုနှစ်ပွဲတွင် အဝေးရောက် ရွာသားများလည်း အလှူဒါနများ ပါဝင်လှူဒါန်းကြကြောင်း။ ထို့ကြောင့်လည်း စည်စည်ကားကား ကျင်းပခြင်းဖြစ်ကြောင်း မြင့်ဂါသစ်ကျေးရွာမှ ဦးဝင်းမောင်သန်းက ပြောပြသည်။

မဟာပဋ္ဌာန်းကျမ်းမြတ်ပူဇော်ပွဲ မကျင်းပမီ အကြိုပူဇော်ပွဲအဖြစ် တပို့တွဲလပြည့်နေ့နှင့် လပြည့်ကျော် တစ်ရက်နေ့ နှစ်ညတိုင်တိုင် ဓမ္မပူဇာပွဲကိုလည်း ကျင်းပခဲ့သည်။

ယခု မဟာပဋ္ဌာန်းကျမ်းမြတ် ငွေရတုမင်္ဂလာပူဇော်ပွဲကို မတ် ၃ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(လေးဝတီထွန်းစောခိုင်)**

အမည်ပြောင်း

ပဲခူးမြို့၊ အထက-၃၊ အဌမတန်း(ခ)တွင် ပညာသင်ကြားနေသော ဦးခင်မောင်ဝင်း၏သမီး မဟန်နီယွန်း ၇/ပခန(နိုင်) ၃၈၉၇၄၆အား မဟန်နီအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မဟန်နီအောင်**

ရောင်းမည်

CHATRIUM HOTEL အနီး

ဖိုးစိန်ကွန်ဒို၏ P.H(3300 Sq-ft)

ဖုန်း-၀၉-၅၀၇၄၁၄၅၊ ၀၉-၅၅၀၆၅၄၈

ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

၁။ ကမာရွတ်မြို့နယ်၊ ရွှေတောင်ကြား၊ တက္ကသိုလ်ရိပ်သာလမ်းနှင့်အနီး၊ အင်းလျားမြိုင်ဂုတ်ခြံ၊ ကိုယ်ပိုင်လမ်း၊ မြေအကျယ် Sft-6011၊ ဆိတ်ငြိမ်ရပ်ကွက်၊ ဂရန်အမည်ပေါက် ရေ၊ မီး၊ ဖုန်းပါ၊ အချက်အချာကျ နေရာကောင်း၊ **ကျပ်သိန်း ၁၂၅၀၀။**

၂။ သုဝဏ္ဏ၊ VIP-I၊ ကမာကြည်လမ်းမကြီးဘေး၊ မြေအကျယ် ပေ (၁၃၀×၁၀၀)၊ ဂရန်အမည်ပေါက် 2 RC၊ နှစ်ယောက်အိပ်ခန်းသုံးခန်း၊ Aircon လေးလုံး၊ ကြိုးဖုန်းတစ်လုံး၊ ကားလေးစီးဆံ့ နှစ်ထပ်ကား ဂိုဒေါင်၊ နှစ်ယောက်အိပ်ခန်းလေးခန်း၊ ပတ်ဝန်းကျင်ကောင်း၊ ဆိတ်ငြိမ်ရပ်ကွက်၊ ကမာကြည်တံတားအနီး၊ ဟိုတယ်၊ တည်းခိုခန်း၊ လုပ်ငန်းလုပ်ကိုင်လိုသူများအတွက် အထူးသင့်တော်သော နေရာကောင်း၊ **ကျပ်သိန်း ၈၅၀၀။**

၃။ အင်းစိန်မြို့နယ်၊ မဟာသွံ့သာရကျောင်းတိုက်အနီး၊ မြေအကျယ် ပေ(၅၅×၈၀)၊ အုတ်တံတိုင်းခတ်ပြီး၊ ရေ၊ မီး၊ ဖုန်းပါ၊ ဂရန်အမည်ပေါက်၊ မြို့တော်ဂေါက်ကွင်းအနီး၊ ပတ်ဝန်းကျင်ကောင်း၊ နေရာသန့်၊ **ကျပ်သိန်း ၁၂၀၀။**

၄။ ကျောက်တံတားမြို့နယ်၊ ၃၆ လမ်း(အပေါ်)၊ ပေ (၂၀×၆၀)တတိယထပ်၊ ရေ၊ မီး၊ ဖုန်းပါ၊ ရုံးခန်းဖွင့်လိုသူများ အသင့်နေထိုင်လိုသူများအတွက်၊ အချက်အချာကျနေရာကောင်း၊ **ကျပ်သိန်း ၄၀၀။**

၅။ ချက်ချင်းလည်ပတ်နိုင်သော စက်ရုံရောင်းရန်ရှိသည်။ ဒဂုံဆိပ်ကမ်း၊ စက်မှုဇုန်အဝင်၊ စက်မှုဇုန် (၁)၊ ကနောင်မင်းသားကြီးလမ်းမကြီးဘေး၊ မြေအကျယ် ၁ ဒသမ ၂ ဧက RC ရုံးခန်း၊ ပေ (၁၆၀×၆၀)တစ်ထပ်ခွဲဂိုဒေါင်တစ်လုံး၊ ပေ(၁၁၀×၃၅)၊ ပေ(၇၈×၃၅)၊ ပေ(၇၂×၃၇)၊ ပေ(၃၀×၂၈) ဂိုဒေါင်လေးလုံး၊ နှစ်ထပ်အလုပ်သမားဆောင်၊ 315 KVA ထရန်စဖော်မာ၊ ပါဝါမီတာ၊ ကြိုးဖုန်းနှစ်လုံး၊ စီးပွားရေးလုပ်ရန် အချက်အချာကျ နေရာကောင်း၊ **ကျပ်သိန်း ၁၂၀၀၀။**

ဆက်သွယ်ရန်ဖုန်း-၂၄၁၁၉၄၊ ၂၄၆၇၉၂၊ ၀၉-၅၁၇၈၉၇၉၊
၀၉-၇၃၂၂၄၄၀၀၊ ၀၉-၄၃၀၂၂၈၂၈၊ ၀၉-၅၅၀၄၀၇၁

နိုင်ငံခြားရေးဝန်ကြီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)အနီးတွင် စတုရန်းပေ တစ်သိန်းခန့်ရှိ RC(သို့မဟုတ်) Steel Structure တိုးချဲ့ အဆောက်အအုံအား ဆောက်လုပ်ရန်အတွက် ဆောက်လုပ်ရေးလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသူများသည် ဒီဇိုင်းပုံစံနှင့် အချက်အလက်ပုံစံ၊ ဈေးနှုန်းပြည့်စုံစွာဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာန တိုးချဲ့ဆောင်ဆောက်လုပ်ရေးအကောင်အထည်ဖော်မှုနှင့် လုပ်ငန်းကြီးကြပ်မှုကော်မတီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော်သို့ ၃၁-၃-၂၀၁၃ ရက် ၁၆း၀၀နာရီအရောက် တင်ဒါပေးသွင်းနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(က) ဖုန်း-၀၆၇-၄၁၂၃၄၂ (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန)

(ခ) ဖုန်း-၀၆၇-၄၁၂၃၄၁ (ညွှန်ကြားရေးမှူး အဆောက်အအုံထောက်ပံ့ဌာန)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ဘိုကလေးဈေးလမ်း၊ (၇)ရပ်ကွက်၊ အမှတ် (၅/၉) ဟု ခေါ်တွင်သော တိုက်၏ပထမထပ်၊ အခန်း(၄) နေ ဒေါ်ခင်ဖြူဝင်း ၆/မအရ(နိုင်)၀၈၁၅၇၃ ပါ မောင်နှမသုံးဦးတို့မှ လက်ရှိပိုင်ဆိုင် အကျိုးခံစားခွင့်ရှိသည်ဟု အဆိုပြုသော ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ဘိုကလေးဈေးလမ်း၊ (၇)ရပ်ကွက်၊ အမှတ် (၅/၉) ဟုခေါ်တွင်သော တိုက်၏ပထမထပ်၊ အခန်း(၄)တိုက်သို့ မျက်နှာမူလျှင် (ဝဲ)၊ အကျယ်အဝန်းပေ(၂၅×၅၀)ရှိ တိုက်ခန်းတစ်ခန်းနှင့် ဆက်စပ်သော အကျိုးခံစားခွင့်အရပ်ရပ်အား ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်ပြုလုပ်မည့် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက် ပြည့်မြောက်သောနေ့ကို နောက်ဆုံးထားပြီး ကန့်ကွက်နိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား အပြီးအပြတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မေမေလွင် — **တရားလွှတ်တော်ရှေ့နေ**

ဒေါ်စုလှိုင်ထွေး — **အထက်တန်းရှေ့နေ**

အမှတ် ၅၆၃၊ အခန်းအမှတ် (၂၀၃)၊ MAC Tower
ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၅၃၄၁၄၊ ၀၉-၈၅၉၁၃၃၄၊ ၀၉-၄၃၀၉၆၅၀၈

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
လမ်းနှင့် တံတားအသုံးပြုခကောက်ခံရေးလုပ်ငန်း
လုပ်ကိုင်ခွင့်အား လေလံမဲစနစ်ဖြင့် ရောင်းချရန်ကြော်ငြာ

၁။ ရခိုင်ပြည်နယ်အတွင်းရှိ လမ်းနှင့်တံတား အသုံးပြုခကောက်ခံခြင်းဂိတ်များ၏ ၂၀၁၃-၂၀၁၄ ခုနှစ် ၁-၄-၂၀၁၃ ရက်မှ ၃၁-၃-၂၀၁၄ရက်အထိ (၁၂လ) လမ်းနှင့်တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ပါအတိုင်း လေလံမဲစနစ်ဖြင့် လေလံတင် ရောင်းချမည်ဖြစ်ပါသည်-

	(က) **လေလံတင်ရောင်းချမည့်လမ်းဂိတ်များ**	**ကြမ်းခင်းဈေး(ကျပ်သိန်း)**
(၁)	စစ်တွေဂိတ်(စစ်တွေခရိုင်)(မင်းဘူး၊အမ်း၊စစ်တွေလမ်း)	၂၃၄
(၂)	ဥဂိတ် (သံတွဲခရိုင်) (ငါးသိုင်းချောင်း-ဥလမ်း)	၇၃
(၃)	မအီဂိတ် (သံတွဲခရိုင်)(တောင်ကုတ်-မအီလမ်း)	၃၄
(၄)	ဓာတ်ပေါင်းစု (ကျောက်ဖြူဂိတ်)(ကျောက်ဖြူခရိုင်) (မအီ-ကျောက်ဖြူလမ်း)	၁၁၃
(၅)	မောင်တောဂိတ် (မောင်တောခရိုင်) (ဘူးသီးတောင်-မောင်တောလမ်း) (ကျီးကန်းပြင်-ကြိမ်ချောင်း-အောင်သပြေ-ဗန္ဓုလလမ်း)	၃၅
	(ခ) **လေလံတင်ရောင်းချမည့်တံတားဂိတ်**	
(၁)	ကစ္ဆပနဒီတံတားဂိတ်(စစ်တွေခရိုင်) (မင်းဘူး-အမ်း-စစ်တွေလမ်း)	၉၆
(၂)	ရာမောင်တံတားဂိတ် (စစ်တွေခရိုင်) (မင်းဘူး-အမ်း-စစ်တွေလမ်း)	၄၃
(၃)	မင်းချောင်းတံတားဂိတ် (စစ်တွေခရိုင်) (မင်းဘူး-အမ်း-စစ်တွေလမ်း)	၁၀၀
(၄)	အမ်းကြိုးတံတားဂိတ် (ကျောက်ဖြူခရိုင်) (မင်းဘူး-အမ်း-စစ်တွေလမ်း)	၂၂
(၅)	မင်းကြောင်းချောင်းတံတားဂိတ် (ကျောက်ဖြူခရိုင်) (မအီ-ကျောက်ဖြူလမ်း)	၃၁
(၆)	လုံးတော်ပေါက်တံတားဂိတ် (သံတွဲခရိုင်) (တောင်ကုတ်-မအီ-ကျောက်ဖြူလမ်း)	၃၆
(၇)	ယောချောင်းတံတားဂိတ် (စစ်တွေခရိုင်) (မင်းဘူး-အမ်း-စစ်တွေလမ်း)	၉၆
(၈)	ပုစွန်ဖြေတံတားဂိတ် (သံတွဲခရိုင်)(ငါးသိုင်းချောင်း-ဥလမ်း)	၁၅
(၉)	ကျိန္တလီတံတားဂိတ် (သံတွဲခရိုင်)(ငါးသိုင်းချောင်း-ဥလမ်း)	၁၃
(၁၀)	ကိုင်းရှည်တံတားဂိတ် (သံတွဲခရိုင်)(တောင်ကုတ်-မအီလမ်း)	၁၂
(၁၁)	မအီတံတားဂိတ် (သံတွဲခရိုင်)(တောင်ကုတ်-မအီ-ကျောက်ဖြူလမ်း)	၁၃
(၁၂)	မြောင်းဘွေတံတားဂိတ် (စစ်တွေခရိုင်) (မင်းဘူး-အမ်း-စစ်တွေလမ်း)	၂၉

(ဂ) **လေလံမဲစနစ်ဖွင့်လှစ်မည့်နေ့ရက်၊ အချိန်** — ၁၀-၃-၂၀၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီ

(ဃ) **လေလံမဲစနစ်ဖွင့်လှစ်မည့်နေရာ** — ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး အစည်းအဝေးခန်းမ၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်။

၂။ ဂိတ်တစ်ခုချင်းအလိုက် လေလံတင်သွင်းခွင့်လျှောက်လွှာ လေလံတင်သွင်းရန် အသေးစိတ်စည်းကမ်းချက်များ၊ အာမခံတင်သွင်းရမည့်ငွေကြေး၊ ပေးသွင်းရမည့်ဘဏ်၊ ငွေပေးသွင်းရမည့် စည်းကမ်းချက်များကို စုံစမ်းနိုင်ပါကြောင်းနှင့် လျှောက်လွှာပုံစံများအား အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်တွင် ဝယ်ယူနိုင်ပါသည်။ ထို့အပြင် လေလံမဲစနစ်တင်သွင်းလွှာများကို ၉-၃-၂၀၁၃ ရက် နံနက် ၁၀ နာရီ နောက်ဆုံးထား၍ ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး၊ စစ်တွေမြို့သို့ တင်သွင်းနိုင်ပါသည်။

၃။ အသေးစိတ်သိလိုသောအချက်အလက်များကို အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ဖုန်း-၀၄၃-၂၂၁၅၃၊ ၀၄၃-၂၃၃၆၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အတွင်းရေးမှူး
လေလံလုပ်ကိုင်ခွင့်ပေးရန်ကြီးကြပ်ရေးအဖွဲ့
ရခိုင်ပြည်နယ်

နိုင်ငံတကာအားကစားသတင်း

အင်တာမီလန်တို့ ခြေကုန်ထုတ်ရမည့် စီးရီးအေပွဲစဉ်

အီတလီစီးရီးအေပွဲစဉ်တွေကို မတ် ၃ ရက်မှာ ဆက်လက်ယှဉ်ပြိုင်မှာဖြစ်တာမို့ ပွဲကောင်းတွေကို ကြည့်ရှုလိုတဲ့ ပရိသတ်တွေအတွက်ကတော့ စောင့်ကြည့်ရမယ့်ပွဲစဉ်တွေ ပါဝင်နေပါတယ်။ ဥရောပလိဂ်ဘောလုံးပြိုင်ပွဲတွေဟာ တစ်မျိုးနဲ့ တစ်မျိုးမတူညီတဲ့ရသတွေကို ပေးစွမ်းနေတာမို့ စီးရီးအေ ပရိသတ်တွေအတွက် ခံစားမှုရသအသစ်တွေ ဘယ်လိုများ ဆောင်ကြဉ်းပေးဦးမလဲဆိုတာ ရင်ခုန်စွာနဲ့ အားပေးရဦးမှာ ဖြစ်ပါတယ်။

ကာတာနီးယားနှင့် အင်တာမီလန်

ပွဲစဉ်တွေ များလာတာနဲ့အမျှ ခြေယိုင်လာတဲ့ အင်တာမီလန်ဟာ သူ့ရဲ့ အကောင်းဆုံးခြေစွမ်းကို ပြန်လည်ပုံဖော်နေချိန်ဖြစ်တာမို့ ဒီပွဲမှာ အဝေးကွင်းဆိုပေမယ့် အင်တာမီလန်ရဲ့အားမာန်ကို ဖော်ထုတ်ပြသပါလိမ့်မယ်။ ကာတာနီးယားဟာ တစ်ခါတစ်ရံအိမ်ကွင်းမှာ ချေမှုန်းရေးစိတ်ဓာတ်ပြင်းထန်စွာ ကစားတတ်တာမို့ အင်တာမီလန်တို့ သတိထားရမှာ ဖြစ်ပါတယ်။ အင်တာမီလန်ရဲ့ အားသာချက်က စိတ်ဓာတ်ပြင်းပြင်းနဲ့ ကစားရင် ဘယ်လိုအသင်းမဆို ရလဒ်ကောင်းအောင် ယူနိုင်တာပဲဖြစ်ပါတယ်။ အင်တာမီလန်ပရိသတ်အဖြစ် အားပေးရင် ခံစားရသက်သာပါလိမ့်မယ်။

တိုရီနိုနှင့် ပါလာမို

နှစ်သင်းစလုံးအားထုတ်မှုကောင်းကောင်းနဲ့ ယှဉ်ပြိုင်မှာမို့ ဒီပွဲကတော့ အကြိတ်အနယ်ရှိပါလိမ့်မယ်။ တိုရီနိုဟာ အိမ်ကွင်းမှာ ရလဒ်ကောင်းအောင် ကြိုးစားတတ်တာမို့ ဧည့်သည်ပါလာမိုတို့ သတိထားရပါလိမ့်မယ်။ ပါလာမိုတို့ကတော့ ပုံမှန်ခြေစွမ်းရရှိအောင် ကြိုးစားနေပြီး အမှတ်ရအောင်လည်း ယူတတ်တာမို့ တိုရီနိုတို့အား ထည့်ကစားရပါလိမ့်မယ်။ တိုရီနိုဟာ ကစားအားရှိတဲ့ အသင်းဖြစ်ပေမယ့် ခံစစ်ပိုင်း အားနည်းချက်ရှိနေတာမို့ ဒီပွဲမှာ တိုရီနိုတို့လည်း အိမ်ကွင်းမှာရုန်းကန်ရမယ့်ပွဲပါပဲ။

ဆမ်ဒိုးရီးယားနှင့် ပါးမား

အိမ်ကွင်းမှာခြေစွာတဲ့ ဆမ်ဒိုးရီးယားဟာ ပြိုင်ဘက်က ပါးမားဖြစ်နေတာမို့ သတိထားကစားရမှာဖြစ်ပါတယ်။ ဆမ်ဒိုးရီးယားဟာ ဒီပွဲမှာ အမှတ်ပြည့်ယူဖို့ ကြိုးစားမှာဖြစ်ပြီး ပါးမားတို့အတွက် ခြေကုန်ထုတ်ရဖို့ရှိနေပါတယ်။ ဒီပွဲဟာ ပါးမားတို့အတွက် အမှတ်ရဖို့ အခက်အခဲရှိနေမှာတော့အမှန်ပါပဲ။

ရိုးမားနှင့် ဂျီနိုအာ

ရိုးမားဟာ အိမ်ကွင်းမှာ ရုန်းကန်ရဖို့ရှိနေပေမယ့် ဂျီနိုအာတို့ရဲ့ ခြေစွမ်းက ထက်မြက်မှုလျော့ကျနေတာတော့အမှန်ပါပဲ။ ရိုးမားဟာ အသင်းလိုက်ကစားအားနဲ့ စုဖွဲ့မှုအပိုင်းမှာ အားသာချက်ရှိနေပြီး ဂိုးသွင်းခြေမှန်တဲ့ တိုက်စစ်မှူးတွေ ရှိနေပါတယ်။ ရိုးမားတို့ရဲ့အိမ်ကွင်းအားထုတ်မှုက နှစ်သက်စရာဖြစ်တာမို့ ဒီပွဲမှာ ရိုးမားပရိသတ်တွေ မျက်နှာပန်းလှနိုင်ပါတယ်။

ပက်စ်ကာရာနှင့် အူဒီးနိစ်

ပက်စ်ကာရာတို့ အိမ်ကွင်းဆိုပေမယ့် မျှော်လင့်ချက်ကြီးကြီးတော့ ထားလို့မရနိုင်ပါဘူး။ ပက်စ်ကာရာရဲ့ အားနည်းချက်က တိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းစွမ်းရည်ကျဆင်းနေခြင်းပါပဲ။ ဒါပေမယ့် အိမ်ကွင်းမှာ ခြေကုန်ထုတ်တတ်တဲ့ ပက်စ်ကာရာရဲ့ အင်အားကို အူဒီးနိစ်တို့ သတိထားဖို့တော့လိုပါတယ်။ အူဒီးနိစ်တို့ အမှတ်ရယူနိုင်တဲ့ပွဲဖြစ်ပါတယ်။ ။

မိုးမြင့်လင်းလက် - ရေးသားသည်

အားကစားသတင်း အတိုအထွာ

မောင်ချစ်ကြည် - ရေးသားသည်

- မန်ယူနောက်ခံလူဗီဒစ်က မိမိသည် ဒဏ်ရာပြဿနာများကြောင့် ဘောလုံးကစားခြင်းမှ အနားယူရန် စဉ်းစားမည်မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားသည်။
- ချယ်လ်ဆီးပိုင်ရှင် အေဘရာမိုဗစ်ချ်က ချယ်လ်ဆီးအသင်းနှင့်ထိုက်တန်သော ထိပ်တန်းနည်းပြတစ်ဦးကို ခေါ်ယူရန်စီစဉ်နေပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။
- ဂါရက်ဘေးလ်သည် စပါးအသင်းမှ ထွက်ခွာရန် အချိန်တန်ပြီဖြစ်ကြောင်း ချယ်လ်ဆီးကစားသမားဟောင်း ဒရော့ဘာက သတိပေးပြောကြားလိုက်သည်။
- မက်ဆီက မိမိသည် ဘောလုံးကစားခြင်းမှ အနားယူပါက လူငယ်များအတွက် ဘောလုံးအကယ်ဒမီ ဖွင့်လှစ်ရန် မျှော်မှန်းထားကြောင်း ထုတ်ဖော်ပြောကြားသည်။
- ဘိုင်ယန်မြူးနစ်အသင်းတောင်ပံကစားသမား ရော်ဘင်က ပွဲတိုင်းပွဲထွက်ကစားသမားအဖြစ် ပါဝင်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားသည်။
- အာဆင်နယ်တိုက်စစ်မှူး ဝေါကော့သ်က ကစားသမားအားလုံး တိုက်ပွဲဝင်စိတ်ဓာတ်များထားရှိရန် တိုက်တွန်းလိုက်သည်။

ဒူဘိုင်းချန်ပီယံဖက်ဒဲရား ဖလားလက်လွတ်

ဆွစ်ဇာလန်နာမည်ကြီးတင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲရားကို ချက်တင်းနစ်ကစားသမား သောမတ်ဘာဒိုက်ချ်က ဒူဘိုင်းချန်ပီယံရှစ် အကြိုဗိုလ်လုပွဲတွင် ၃-၆၊ ၇-၆(၁၀-၈)၊ ၆-၄ဖြင့် အနိုင်ရရှိသွားသည်။ ဒူဘိုင်း ဖလားငါးကြိမ်ချန်ပီယံဖက်ဒဲရား ယင်းပွဲရှုံးနိမ့်ပြီး ပြိုင်ပွဲမှထွက်ခဲ့ရသည်။

မန်ယူက ရိုင်ယန်ဂစ်အား တစ်နှစ်စာချုပ်

ရိုင်ယန်ဂစ်အား မန်ယူက နောက်ထပ်တစ်နှစ်ထပ်မံစာချုပ်လိုက်သည်။ အသက် ၃၉ နှစ်ရှိ ရိုင်ယန်ဂစ်သည် ၂၀၁၄ ခုနှစ် ဇွန်လတိုင်အောင် မန်ယူ၌ ကစားရမည်ဖြစ်သည်။ ဝေလအသင်းခေါင်းဆောင် ရိုင်ယန်ဂစ်သည် ၁၉၉၁ ခုနှစ် မတ် ၂ ရက်က မန်ယူသို့ရောက်ရှိလာသည်။

အကောင်းဆုံး နည်းပြနှင့် ဘောလုံးသမားဆု ဘိုအာ့စ်နှင့် ဂါရက်ဘေးလ်ဆွတ်ခူး

စပါးနည်းပြဗီလာဘိုအာ့စ်နှင့်ကွင်းလယ်ကစားသမား ဂါရက်ဘေးလ်တို့အား ဖေဖော်ဝါရီလအတွက် ပရီမီယာလိဂ်အကောင်းဆုံးနည်းပြနှင့် အကောင်းဆုံးကစားသမားဆု ချီးမြှင့်ခဲ့သည်။ ချန်ပီယံလိဂ်ဝင်ခွင့်ရရန် ကြိုးစားနေသည့် စပါးအသင်းသည် ဖေဖော်ဝါရီလအတွင်း အမှတ်ပေးဇယား ထိပ်ဆုံးသုံးသင်းဝင်ဖြစ်အောင် ကစားခဲ့ကြသည်။ ဂါရက်ဘေးလ်သည် ဖေဖော်ဝါရီလအတွင်း ခြောက်ဂိုးသွင်းယူခဲ့သည်။ ဂါရက်ဘေးလ်သည် ပြီးခဲ့သည့်လအတွင်းက ဝက်စ်ဘရွန်း၊ နယူးကာဆယ်နှင့်ဝက်စ်ဟမ်း အသင်းတို့နှင့်ကစားခဲ့ရာတွင် အနိုင်ဂိုးများသွင်းယူပေးနိုင်ခဲ့သည်။ ဂါရက်ဘေးလ်သည် မက်ဆီနှင့် စီရိုနယ်ဒိုတို့ပြီးလျှင် ကမ္ဘာတွင် တတိယအကောင်းဆုံးဘောလုံးသမားဟု နည်းပြဘိုအာ့စ်က ချီးကျူးပြောကြားသည်။

ကောင်းမြတ်သူ - ရေးသားသည်



အမြန်ရောင်းမည်

မရမ်းကုန်း၊ (၅)ရပ်ကွက်၊ ကျောက်ရေတွင်း၊ ဘိုးဘွားပိုင်အမည်ပေါက် အိမ်နှင့်ခြံ နှစ်ကွက်ရောင်းမည်။**(ညှိနှိုင်းဈေး)**

ဖုန်း-၀၉-၇၃၀၇၆၅၀၃

အမည်မှန်

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ အထက(၁) နေ မောင်ညီညီဦး၏ အမည်မှန်မှာ မောင်ထက်အာကာဝင်း ဖြစ်ပါကြောင်းနှင့် ဖခင်အမည်မှန်မှာ ဦးမိုးကျော်မြင့် ဖြစ်ပါကြောင်း။

အမည်ပြောင်း

အဖ ဦးစောဝင်း၏သားဖြစ်သူ မောင်စံလင်း ၁၁/မအန(နိုင်)၀၀၁၀၉၂ အား ယနေ့မှစ၍ ကိုဘုဏ်းမြင့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ကိုဘုဏ်းမြင့်

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ညောင်ဦးမြို့၊ ချမ်းသာကြီးရပ်နေ ဦးမျိုးဆွေ-ဒေါ်လှချစ်(တပ်မတော်လေ-ငြိမ်း)တို့၏သား၊
ဦးအောင်ဇော်ခိုင်-ဒေါ်ကေသွယ်ထွန်းထွန်း(မေ့သမီးမြတ် စိန်ရတနာဆိုင်၊ တော်ဝင်စင်တာ၊ ပြည်လမ်း၊ ရန်ကုန်)
ဦးထွန်းထွန်းအောင်-ဒေါ်သရဖူဝင်း (ရတနာဝင်း-ပွဲရုံလုပ်ငန်း၊ ပခုက္ကူ)တို့၏ညီ၊
ဒေါ်ဆွေဆွေသင်း (အထက်တန်းပြ၊ အထက-ညောင်ဦး)တို့၏ မောင်

ဗိုလ်မှူးဟန်မင်းထွန်း B.A(Myanmar)

နှင့်

မန္တလေးမြို့၊ ၃၂လမ်း၊ ၈၆×၈၇ လမ်းကြားနှင့် ပခုက္ကူမြို့၊ အမှတ်(၂)ရပ်ကွက်၊ နိဗ္ဗာန်လမ်းနေ
(ဒေါ်ချစ်၏ နေနတ်သားဆေးတိုက်)
ဦးစံလှိုင်-ဒေါ်တင်အုံးတို့၏ သမီး

မရီရီမော် M.Sc (Physics)

တို့၏ ၂-၃-၂၀၁၃ ရက်တွင် ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်မှူးဟန်မင်းထွန်း-မရီရီမော်



ယုဇနပလာဇာမြေညီထပ် တနင်္လာနေ့တိုင်းပိတ်သည်

အားပေးဝယ်ယူကြသော မိတ်ပြည်သူများအား လေးစားစွာအသိပေးခြင်း၊

ယုဇနပလာဇာ မြေညီထပ်တွင် ဖွင့်လှစ်ရောင်းချနေသော ဆိုင်များသည် ယခင်အတိုင်း တနင်္လာနေ့တိုင်း ပိတ်ပါသည်။

ယုဇနပလာဇာ မြေညီထပ်ဈေးသူဈေးသားများ
အလုပ်သမားများ

သဘာဝကို ချစ်တတ်ပါစေ

ခေတ်မီဖွံ့ဖြိုးလာသည်နှင့်အမျှ လူသားများသည် ရုပ်ပိုင်းဆိုင်ရာရော၊ စိတ်ပိုင်းဆိုင်ရာပါ ပြောင်းလဲလာသည်။ ဆန်းသစ်တီထွင်မှုများသည် လူသားများ၏အဆင်း၊ အသံ၊ အနံ့၊ အရသာစသော အာရုံငါးပါးကို တစ်စတစ်စ ညှို့ယူဖမ်းစားနေလေပြီ။ မြို့နေလူတန်းစားရောကျေးလက်နေလူတန်းစားပါ ခေတ်နှင့်အညီ နေထိုင်စားသောက်ပြီး ထိုသို့နေထိုင် စားသောက်ခြင်းသည် ကောင်းသည်ရှိသကဲ့သို့ ဆိုးကျိုးပေးသည်လည်း ရှိနေပေသည်။

ထိုဆိုးကျိုးများသည် အရွယ်မရွေး ရောဂါထူပြောခြင်းနှင့်ကင်ဆာရောဂါမျိုးစုံဖြစ်ခြင်းဖြင့် သက်တမ်းတိုနေကြခြင်းပင်တည်း။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ၂၀၁၁ ခုနှစ် စာရင်းဇယားများအရ ကမ္ဘာပေါ်တွင် ကင်ဆာအဖြစ်ဆုံး ၁၀ နိုင်ငံထဲတွင် မြန်မာနိုင်ငံသည် နံပါတ်(၂)နေရာတွင်ပါဝင်နေသည်ကို ထိတ်လန့်ဖွယ် သိခဲ့ရသည်။ ကင်ဆာဖြစ်စေနိုင်သည့်အကြောင်းရင်းများထဲတွင် အစားအသောက်ကြောင့် ၇၀ရာခိုင်နှုန်း ဖြစ်စေသည်ကို သိရှိခဲ့ရ၏။ ထိုအစားအသောက်များထဲတွင် ဆိုးဆေးသည် ထိပ်ဆုံးက ပါဝင်နေသည်။ ဒံပေါက်တွင်လည်း ဆိုးဆေးများဆိုးပြီး ထမင်းပေါင်းနှင့်ရောင်းသောအသားကင်တွင်လည်း ဆိုးဆေးများ နီရဲကာ ဝက်သားတုတ်ထိုးဆိုင်များ၊ အသုပ်ဆိုင်များ၊ တုတ်နှင့်လျှိုရောင်းသော အသားကင်ဆိုင်များတွင်လည်း ဆိုးဆေးများအများအပြားသုံးထားသည်ကို တွေ့ရသည်။ ထို့အပြင် ဝက်အူချောင်း၊ ကြက်အူချောင်းနှင့် ဆတ်သားခြောက်များနှင့် အသီးဖျော်ရည်တို့တွင် ဆိုးဆေးနီနီများ တွေ့နေရသည်။

ကလေးများစားသောက်နေသည့် မုန့်ပဲသရေစာများဖြစ်သော ဂျယ်လီများ၊ အနံ့ထည့်ထားသော ဆိုးဆေးအရောင်စုံ အချိုရည်ဘူးများ၊ အရောင်ဆိုးထားသောဆီးထုပ်များ၊ ပေါင်မုန့်များ၊ ကိတ်မုန့်များတွင် ထည့်ထားသော အနံ့အတု ထည့်ထားသည့် ဆိုးဆေးများ (အရောင်ဆိုးထားသော ငါးမုန့်များ၊ Snack များစသည်တို့တွင် တားမြစ်ဆိုးဆေးနှင့် တာရှည်ခံဆေးများ သုံးထား၍ ရေရှည်တွင် ကလေးများ၏အစာအိမ်၊ အသည်း၊ ကျောက်ကပ်များကို ထိခိုက်စေသည်။

စီးပွားရေးသမားများကလည်း အရောင်အသွေးစုံစုံ၊ ပုံစံလှလှလေးများနှင့်မသိနားမလည်သော ကလေးငယ်များကို သားကောင်လို သဘောထားကာ ဖမ်းစားထားလေသည်။ မိဘများအနေဖြင့် ကိုယ့်ကလေးကို အလိုမလိုက်ဘဲ ကျန်းမာရေးအတွက် သတိနှင့်ယှဉ်ပြီး ကျွေးသင့်သည်။

သားစိမ်း၊ ငါးစိမ်း အပါအဝင် ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ မှျစ်ဝါဝါ၊ မှျစ်နီနီရဲရဲကလေးများကလည်း အရောင်တဖိတ်ဖိတ် တောက်လို့နေသည်။ တချို့ဆိုလျှင် ကန်စွန်းရွက်ကိုပင် အနီရောင်ထင်အောင်ဆိုးထားသေးသည်။ အစားအသောက်တော်တော်များများတွင် ထိုရောင်စုံဆိုးဆေးများက နေရာယူထားလေရာ ဆိုးဆေး ယဉ်ကျေးမှုကြီး တစ်ရပ်ထွန်းကားနေပေသည်။

ထိုဆိုးဆေးများသည် ရေတိုတွင် အစာအိမ်နှင့်အူလမ်းကြောင်းရောဂါ၊ အသည်းရောဂါတို့ကို ဖြစ်ပွားစေပြီး ရေရှည်တွင် ကင်ဆာရောဂါကို ဖြစ်ပွားစေသော တားမြစ်ဆိုးဆေးများပင် ဖြစ်လေသည်။ ထို့ကြောင့် စာရေးသူသည် တာဝန်သိစိတ်ဓာတ်ဖြင့် ရောင်းချသူများကို အရောင်မဆိုးဘဲ သဘာဝအတိုင်း ရောင်းရန်နှင့် ဆိုးဆေးများ၏ ဆိုးကျိုးများကို မိမိနေထိုင်သည့် ပတ်ဝန်းကျင်ရှိ စျေးရောင်းသူများနှင့် ရောက်လေရာနေရာများတွင် ကြုံလျှင်ကြုံသလို ပညာပေးပါသည်။ သို့သော် စာရေးသူပညာပေးခဲ့သော စျေးရောင်းသူအားလုံးလိုလိုပင် ပြန်ပြောခဲ့သော စကားများက တစ်သံတည်း ထွက်ပေါ်လာသည်။ ထိုစကားရပ်ကား "ကျွန်မတို့က သဘာဝအတိုင်း အရောင်မဆိုးဘဲ ရောင်းချင်ပါတယ်။ ဒါပေမယ့် စားသုံးသူတွေက အရောင်

ဆင်းရန့်(သဘာဝချစ်သူ)

မပါရင်မဝယ်ကြဘူး။ မှျစ်ဆိုရင်လည်းအဝါရောင်ဆိုးမှရောင်းကောင်းတာ။ ဒါကြောင့် ကျွန်မတို့လည်း စီးပွားရေးအခြေအနေအရ ရောင်းရတာပါ" ဟု ပြန်ပြောကြသည်။

ထို့ကြောင့် စားသုံးသူပြည်သူများဘက်ကလည်း အလွန်ပင်အရေးကြီးပေသည်။ မိမိနှင့်မိမိ၏မိသားစုကျန်းမာရေးအတွက် သဘာဝကိုဆန့်ကျင်သောအပေါ်ယံအရောင်များကို ရွေးချယ်စားသုံးခြင်းမပြုဘဲ သဘာဝအရောင်ကိုသာ ရွေးချယ်ဝယ်ယူစားသုံးသင့်ပေသည်။ ရောင်းချသူများ၊ ထုတ်လုပ်သူများအနေဖြင့်လည်း တစ်နေရာတွင် ထုတ်လုပ် ရောင်းချသူဖြစ်သော်လည်း အခြားတစ်နေရာတွင် စားသုံးသူဖြစ်လေရာ မိမိ၏ကိုယ်ကျိုးတစ်ခုတည်းကိုမကြည့်ဘဲ ကိုယ်ချင်းစာနာတရားဖြင့် သဘာဝအရောင်ကိုသာ ရွေးချယ် ထုတ်လုပ်ရောင်းချပေးသင့်ပါသည်။

ထိုကိစ္စသည် လူတစ်ဦးချင်း၊ တစ်ယောက်ချင်းစီမှာ အမျိုးသားရေးအနေဖြင့် တာဝန်ကိုယ်စီရှိပါသည်။ တာဝန်သိသူတိုင်းမှာတာဝန်ရှိသည်။ ထို့ကြောင့် ရောင်းသူကမရောင်းဘဲနေပြီး ဝယ်သူကလည်း မဝယ်ဘဲနေကာ တာဝန်ကိုယ်စီယူပြီး ဝိုင်းဝန်းကူညီလက်တွဲ သင့်သည်။

အပေါ်ယံ အရောင်များသည် မသိနားမလည်သော သူများနှင့် ကျန်းမာရေးဗဟုသုတမပြည့်စုံသော သူများကို ညှို့ယူဖမ်းစားနေလေရာ စားသုံးသူများအဖို့ တံလျှပ်ကိုရေထင် ရွှေသမင်အလိုက်မမှားကြဖို့ လိုပေသည်။ ထိုသို့အလိုက်မှားလျှင် ရောဂါဆိုး၊ အန္တရာယ်ဆိုးကြီးများက ဖိတ်ခေါ်နေမည် ဖြစ်သည်။ ထို့ကြောင့် လူတိုင်းလူတိုင်း သဘာဝကို ချစ်ခင်တတ်၊ မြတ်နိုးတတ်စေချင်ပါသည်။ သဘာဝကို ဆန့်ကျင်ကြမည်ဆိုလျှင် သဘာဝကြီးက ဒဏ်ခတ်ခြင်းကို ခံရပေလိမ့်မည် ဖြစ်ပါသည်။

ပြည်တွင်းသတင်းနှင့်မှုခင်း

စည်းကမ်းမဲ့ မော်တော်ယာဉ်များ တာချီလိတ်၌ အရေးယူ

တာချီလိတ် မတ် ၂

မော်တော်ယာဉ်မတော်တဆမှုများဖြစ်ပွားမှုကြောင့် နေ့စဉ်နှင့်အမျှ ထိခိုက် ဒဏ်ရာရရှိမှုများ၊ ကိုယ်လက်အင်္ဂါချို့ယွင်းမှုများ၊ အသက် သေဆုံးမှုများအထိ ဖြစ်ပွားမှုများ အနက် မော်တော်ယာဉ်၊ ဆိုင်ကယ်များကို အရှိန်ပြင်းစွာ စီးနင်းမှု၊ သတ်မှတ်ခံနိုင်ဝန်ထက် ပိုမိုတင်ဆောင်မှု၊ ဘေးကင်းလုံခြုံမှုရှိသော ဆိုင်ကယ်စီးဦးထုပ်များ မဆောင်းမှု၊ ဆိုင်ကယ်စီးဦးထုပ်ဆောင်းသော်လည်း မေးသိုင်းကြိုးမတပ်မှုများကြောင့် ဖြစ်ပွားသောထိခိုက်ဒဏ်ရာရရှိမှု၊ သေဆုံးမှုများပိုမိုများပြားနေသည်ကို တွေ့ရှိရသည့်အတွက် သက်ဆိုင်ရာက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ပညာပေးဆောင်ရွက်မှုများ စဉ်ဆက်မပြတ်ဆောင်ရွက်နေသော်လည်း စည်းကမ်းမလိုက်နာသူများအမြောက်အမြား ရှိနေသေးသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် တာချီလိတ်မြို့အတွင်း စီးနင်းလျက်ရှိသော စည်းကမ်းပျက်မော်တော်ယာဉ်များအား သက်ဆိုင်ရာက စစ်ဆေးအရေးယူမှုများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၁ ရက်က စည်းကမ်းမဲ့မော်တော်ဆိုင်ကယ် ၁၁၃ စီး၊ ဖေဖော်ဝါရီ ၂၂ ရက်က စည်းကမ်းမဲ့မော်တော်ဆိုင်ကယ် ၂၀၈ စီး၊ ဖေဖော်ဝါရီ ၂၆ ရက်က စည်းကမ်းမဲ့မော်တော်ဆိုင်ကယ် ၁၉၈ စီးနှင့် မော်တော်ယာဉ် ခြောက်စီး၊ စုစုပေါင်း စည်းကမ်းမဲ့ ယာဉ် ၅၂၅ စီး၊ ယာဉ်မဆင်မခြင် မောင်းနှင်သူ ကျား၊ မ ၅၂၅ ဦးတို့ကို ဖမ်းဆီးအရေးယူခဲ့ပြီး စီမံခန့်ခွဲမှု ဒဏ်ငွေကျပ်တစ်သောင်း၊ တရားရုံးဒဏ်ငွေကျပ် တစ်ထောင်စီ ဒဏ်တပ်ရိုက်ခဲ့ကြောင်း သတင်းရရှိသည်။

အောင်ဖြိုးရှိန်

ခြေကျင်လျှောက်လာသူအား ဆိုင်ကယ်ဖြင့်တိုက်မိမှု တောင်တွင်းကြီး၌ဖြစ်ပွား

တောင်တွင်းကြီး မတ် ၂

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် မြို့မရဲစခန်းအနောက်ဘက် ငါးဖာလုံခန့်အကွာ ရွှေကြာအင်း(၁)ရပ်ကွက်တွင် ယာဉ်တိုက်မှု ဖြစ်ပွားကြောင်း သတင်းရရှိသည်။ ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၆ရက် ည ၈နာရီ ခန့်က တောင်တွင်းကြီးမြို့ ရွှေကြာအင်း(၁)ရပ်ကွက် တောင်တွင်းကြီး-မကွေးလမ်းမကြီးပေါ်တွင် ယာဉ်တိုက်မှု ဖြစ်ပွားခဲ့ကြောင်းသတင်းအရ အခင်းဖြစ်ပွားရာနေရာသို့ တာဝန်မှူး ဒုရဲအုပ် အောင်ခိုင်စိုး ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ ရွှေကြာအင်း(၁)ရပ်ကွက်နေ ဦးကြည်တင် ၅၅နှစ်သည် တောင်တွင်းကြီး-မကွေးကားလမ်းမကြီး အတိုင်း လမ်းယာဘက်ခြမ်းမှ အနောက်မှ အရှေ့သို့ ခြေကျင် လျှောက်လာစဉ် ရွှေအိုး(၂)ရပ်ကွက်နေ အောင်ကို ၂၅ နှစ် သားသတ်လိုင်စင်စီလုပ်ငန်းလုပ်ကိုင်သူသည် MMAOTO-150 အမျိုးအစား အနက်ရောင် ဆိုင်ကယ် အမှတ်(၂၅) ယ/. . . ကို ယင်းလမ်းမကြီးအတိုင်း ကားကြီးဝင်းမှ မြို့တွင်းသို့ မောင်းနှင်လာရာ ဆည်မြောင်း ထိန်းသိမ်းရေးလမ်းရှေ့အရောက် ဦးကြည်တင်ကို တိုက်မိခဲ့သည်ဟုဆိုသည်။

အဆိုပါ ယာဉ်တိုက်မှုကြောင့် ဦးကြည်တင်တွင် ဒဏ်ရာအပြင်းအထန် ရရှိခဲ့သည်ဟု ဆိုသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ဆိုင်ကယ်ကို မဆင်မခြင် မောင်းနှင်သူအောင်ကိုအား အရေးယူပေးပါရန် ဒုရဲအုပ်အောင်ခိုင်စိုးက တရားလိုပြုလုပ်တိုင်တန်းသဖြင့် တောင်တွင်းကြီး မြို့မရဲစခန်းက အမှုဖွင့်ထားပြီး အမှုစစ် ဒုရဲအုပ် အောင်ခိုင်စိုးက ဆက်လက် စုံစမ်းစစ်ဆေးနေကြောင်း သိရှိရသည်။

ဟသ်ာ(တောင်တွင်းကြီး)

နတ်မောက်မြို့တွင် ခိုးမှုဖြစ်ပွား

နတ်မောက် မတ် ၂

မကွေးတိုင်းဒေသကြီးနတ်မောက်မြို့မြို့မစျေးကြီးအနီး၌ ဖေဖော်ဝါရီ ၂၇ ရက် ည ၁၁ နာရီ ၄၅ မိနစ်က သူတစ်ပါး၏ ပစ္စည်းကို အလွယ်ရယူလိုသော ခိုးယူမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ နတ်မောက်ရဲစခန်း အနောက်ဘက် ၅ ဖာလုံခန့်အကွာ မြို့မစျေး အနောက်မြောက်ထောင့် ကားလမ်းမြောက်ဘက် ရန်အောင်မြင့်ရပ်ကွက်ရှိ မြမြင့်မိုရ်တီဗွီ/ဗီဒီယို ပြုပြင်ရောင်းဝယ်ရေးဆိုင်မှ နှင်းမိုး(ခ)စည်သူ အသက်၂၆နှစ် (ကျပန်း) တောင်ဒဂုံမြို့နယ်(၂၀)ရပ်ကွက်နေသူသည်တီဗွီ/ ဗီဒီယို အပိုပစ္စည်းများနှင့်လက်ကိုင်ဖုန်းနှင့် ဆက်စပ်ပစ္စည်းများ ကာလတန်ဖိုး ကျပ်တစ်သိန်းတစ်သောင်းခန့်ကို ခိုးယူသွားသဖြင့် ဖေဖော်ဝါရီ ၂၈ ရက် ည ၁၂ နာရီခွဲတွင် တရားခံကို နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ကျော်ဇင်မော်၊ လှည့်ကင်း ရဲတပ်ဖွဲ့ဝင်များ၊ အရပ်သားသက်သေများ လိုက်ပါဖမ်းဆီးရာ နှင်းမိုး(ခ) စည်သူ (ခ)ဂွတိုအား ခိုးရာပါပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ဦးတင်ဆန်းဦး မြမြင့်မိုရ်တီဗွီ/ဗီဒီယို ပြုပြင်ရောင်းဝယ်ရေးက တရားလို ပြုလုပ်တိုင်ကြား၍ နတ်မောက်ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

နတ်မောက်သား

တင်ဒါကြော်ငြာ တင်ဒါ(အဝယ်)

ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)တွင် ၁-၄-၂၀၁၃ရက်မှ ၃၁-၃-၂၀၁၄ရက်အထိ ကာလအတွင်း အောက်ဖော်ပြပါ ပစ္စည်းများကိုဝယ်ရန် လိုအပ်ပါသည်။

တင်ဒါအမှတ် (၁/၂၀၁၃)

၁။	ငါးမှုန့်	ပိဿာ	၁၉၈၀
၂။	ပြောင်းမှုန့်	။	၁၉၈၀
၃။	ပဲဖတ်မှုန့်	။	၁၆၅၆
၄။	နှမ်းဖတ်မှုန့်	။	၃၃၆
၅။	ဂျုံဖွဲ	။	၃၀၀၀
၆။	ဖွဲနု	။	၂၃၁၆
၇။	ပဲမှုန့်စိမ်း	။	၁၉၈၀
၈။	ဆန်မှုန့်စိမ်း	။	၁၉၈၀
၉။	ဆန်ကွဲ	တင်း	၂၄

တင်ဒါအမှတ် (၂/၂၀၁၃)

၁။	ကန်စွန်းရွက်	ပိဿာ	၂၉၂၀

တင်ဒါအမှတ် (၃/၂၀၁၃)

၁။	ကောက်ရိုးအသစ်	ပေါင်	၁၈၀၀
၂။	စက်ထိုးရွှေဘော်စာ	ပိဿာ	၁၈၀၀

တင်ဒါဈေးနှုန်းတင်သွင်းလိုသူများသည် တင်ဒါစည်းကမ်းများကို ရုံးချိန်အတွင်း ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)တွင် စုံစမ်းပြီး ငွေကျပ် ၁၀၀၀(တစ်ထောင်ကျပ်)ဖြင့် ဝယ်ယူနိုင်ပါသည်။ တင်ဒါဖွင့်မည့်ရက်ကို ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)
အမှတ် (၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

မြေဝယ်ယူလိုသည်

အမှတ်(၁)ဆေးဝါးစက်ရုံ (ရန်ကုန်)တွင် မြေဆိပ်ဖြေဆေး ထုတ်လုပ်ရန်အတွက် မြွေပွေး၊ မြွေဟောက်အရှင်များကို ညှိနှိုင်းဈေးဖြင့် ရသလောက်ဝယ်ယူလိုပါသည်။ ရောင်းချလိုသူများမှ အောက်ဖော်ပြပါလိပ်စာသို့ ဆက်သွယ်အကြောင်းကြားပါက စက်ရုံအစီအစဉ်ဖြင့် လာရောက်သယ်ယူ၍ လက်ငင်းငွေချေစနစ်ဖြင့်ဝယ်ယူမည်ဖြစ်ပါသည်။ အသေးစိတ်သိလိုပါက ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်)
ဆေးဝါးစက်ရုံလမ်း၊
ကြို့ကုန်းအနောက်ရပ်ကွက်၊
အင်းစိန်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၁-၆၄၆၂၇၃၊ ၀၁-၆၄၆၂၈၃

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ငူမြို့၊ (၁၄)ရပ်ကွက်၊ မြစည်းခုံဘုရားလမ်းကြား၊ အမှတ် ၁၄/၁၅၁နေ သမီး မသဲစုကိုနိုင် ၁၂/သကတ(နိုင်)၁၇၄၇၆၄သည် မိဘနှင့်မိသားစု ခွင့်မလွှတ်နိုင်သည့်ကိစ္စမျိုးပြုလုပ်ပြီး နေအိမ်မှဆင်းသွားသဖြင့် အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သမျှကိစ္စအဝဝကို တာဝန်ယူမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းနိုင်ပါသည်။)**

မိဘ-ဦးကိုကိုနိုင်-ဒေါ်မြင့်မြင့်အေး(တောင်ငူ)

အမည်မှန်

မိုးမောက်မြို့နယ်၊ အထကမြို့သစ် သတ္တမတန်း(B)တွင် ပညာသင်ကြားနေသော ဦးဝင်းနိုင် ၁/မမန(နိုင်)၀၀၀၈၄၆ ၏သမီး မနှင်းအိဇာလင်း၏ အမည်မှန်မှာ မစပယ်ဖြူ ဖြစ်ပါသည်။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ယ/၁၉၇၉၁၊ DAYANG DREAM 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်လင်းလင်းဇင်၁/ဗမန(နိုင်)၀၅၉၄၉၉က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ဗန်းမော်)၊ ဗန်းမော်မြို့

အမွေပြတ်စွန့်လွှတ်ခြင်း

ပြင်ဦးလွင်မြို့၊ ရကက(၇)နေ ဦးသိန်းမြင့်-ဒေါ်မာမာဌေးတို့၏သား မောင်တင်ဦးကျော် ၄/ပဥလ(နိုင်)၀၃၃၄၂၉သည် မိဘတို့၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိဘများကို စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် အမွေခံသားအဖြစ်မှ အပြီးပိုင်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ပြဿနာကိစ္စအားလုံး တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ကြော်ငြာ

၂၀၁၃ခုနှစ် (ဒုတိယအကြိမ်)
မိဘမဲ့ကလေးများ၊ ကိုတ္တိမသားများနှင့် ဆင်းရဲနွမ်းပါးသည့် ကလေးများ ရှင်သာမဏေအပါး (၂၀၀)စုပေါင်းရှင်ပြုပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်ကျေးရွာအုပ်စု၊ သီတဂူလမင်းထေရဝါဒ ဗုဒ္ဓသာသနာ့အကျိုးတော်ဆောင်အသင်းကြီးမှကြီးမှူး၍ မိဘမဲ့ကလေးများ၊ ကိုတ္တိမသားများနှင့် ဆင်းရဲနွမ်းပါးသည့်ကလေးများအား သာသနာ့ဘောင်သို့သွတ်သွင်းပေးမည့် ရှင်အပါး(၂၀၀) စုပေါင်းရဟန်းခံ၊ ရှင်ပြုအလှူတော်မင်္ဂလာပွဲကြီးကို ၃၀-၃-၂၀၁၃ရက်နှင့်၃၁-၃-၂၀၁၃ရက်များတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။သို့ပါ၍ **သာသနာ့အမွေခံယူလိုကြသောသူတော်ကောင်းအပေါင်းတို့မှ** အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါကြောင်းနှင့်ရှင်သာမဏေများ၊ရဟန်းများအဖြစ် ငွေကြေးလုံးဝထည့်ဝင်ရန်မလိုဘဲ သာသနာ့ဘောင်သို့ ဝင်ရောက်နိုင်ကြမည် ဖြစ်ပါသောကြောင့် ဝင်ရောက်လိုသူများလည်း ဆက်သွယ်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။ **ဖုန်း-၀၁-၆၃၆၅၀၄၊ ၀၉-၄၃၁၄၂၀၁၄၊ ၀၉-၄၉၃၄၈၉၇၀**

(သီတဂူလမင်းထေရဝါဒ ဗုဒ္ဓသာသနာ့အကျိုးတော်ဆောင်အသင်း)

ယုဇနပလာဇာအရှေ့မျက်နှာစာတန်း မြေညီထပ်ရှိ ဆိုင်ခန်းအား လူကြီးမင်းတို့ထံမှ ငှားရမ်းလိုပါသည်။

ဆက်သွယ်ရန်-

ဖုန်း-၀၉-၇၃၁၀၀၃၈၅၊ ၀၉-၄၂၁၁၆၈၄၁၂

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၁)၊ မြေကွက်အမှတ် ၄၉၄၊ ခတ္တာလမ်း၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧက၊ ပေ(၄၀×၆၀) အကျယ်အဝန်းမြေနှင့် ၎င်းမြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်တင်တင်ချို ၁၂/တမန(နိုင်)၀၁၀၉၁၃ ထံမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှ ၇ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒေါ်စန္ဒာဝင်း
၅၀(A)၊ ဖိုးစိန်လမ်း၊ တာမွေမြို့နယ်၊
ဖုန်း-၀၁-၅၄၄၃၅၆

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်း-၂၀)
မြိတ်ခရိုင်တရားရုံးတော်၌
၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁

ဒေါ်တင်ကြည် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ခင်ဌေးနွယ်) **နှင့်**

၁။ ဦးစိုးမိုးဇော် ဆေးရုံလမ်း အမှတ်(၄)ရပ်ကွက်၊ ပုလောမြို့။	၂။ ဦးသိန်းလင်း သစ်လှတောကျေးရွာ တောင်ယာကမ်းကျေးရွာ ပုလောမြို့
၃။ ဦးအောင်ထွန်း သက်နိုးမော်ကျေးရွာ တောင်ယာကမ်းကျေးရွာ ပုလောမြို့	၄။ ဦးဖစိုး နန်းပရုပ်ကျေးရွာ ထမင်းမစားကျေးရွာ အုပ်စု၊ ပုလောမြို့
၅။ ဦးတင်မောင်စိုး မြဝတီလမ်း၊ အမှတ်(၁)ရပ်ကွက် ပုလောမြို့	၆။ ဦးဝင်းထိုက် မော်ကြောင်းကျေးရွာ လက္ကျူးကျေးရွာ၊ ပုလောမြို့
၇။ ဦးခင်ဇော် မော်ကြောင်းကျေးရွာ လက္ကျူးကျေးရွာ၊ ပုလောမြို့	၈။ ဦးနိုင်ကိုထွန်း မော်ကြောင်းကျေးရွာ လက္ကျူးကျေးရွာ၊ ပုလောမြို့
၉။ ဦးဇော်ရဲ မော်ကြောင်းကျေးရွာ လက္ကျူးကျေးရွာ၊ ပုလောမြို့	၁၀။ ဦးကျော်လွင်ဦး မော်ကြောင်းကျေးရွာ လက္ကျူးကျေးရွာ၊ ပုလောမြို့
၁၁။ ဦးဖြိုး မော်ကြောင်းကျေးရွာ လက္ကျူးကျေးရွာ၊ ပုလောမြို့	၁၂။ ဦးကျော်မင်းထွေး မော်ကြောင်းကျေးရွာ လက္ကျူးကျေးရွာ၊ ပုလောမြို့
၁၃။ ဦးရဲလင်းဝင်း မော်ကြောင်းကျေးရွာ လက္ကျူးကျေးရွာ၊ ပုလောမြို့	၁၄။ ဦးဖြိုးပိုင် မော်ကြောင်းကျေးရွာ လက္ကျူးကျေးရွာ၊ ပုလောမြို့

တရားလို **တရားပြိုင်များ**

အထက်ပါအမှုမှ တရားပြိုင်များဖြစ်ကြသော (၂) ဦးသိန်းလင်း၊ (၃)ဦးအောင်ထွန်း (၄) ဦးဖစိုး၊ (၅) ဦးတင်မောင်စိုး၊ (၆) ဦးဝင်းထိုက်၊ (၇)ဦးခင်ဇော်၊ (၈) ဦးနိုင်ကိုထွန်း၊ (၉) ဦးဇော်ရဲ၊ (၁၀) ဦးကျော်လွင်ဦး၊ (၁၁) ဦးဖြိုး၊ (၁၂) ဦးကျော်မင်းထွေး၊(၁၃) ဦးရဲလင်းဝင်း၊ (၁၄) ဦးဖြိုးပိုင်(ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက နစ်နာကြေးငွေ ကျပ်သိန်း ၅၀၀ ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် မတ်၁၅ရက်(၁၃၇၄ ခုနှစ် တပေါင်းလဆန်း ၄ရက်) မွန်းမတည့်မီ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

တင်ထူး
ဒုတိယခရိုင်တရားသူကြီး၊ မြိတ်ခရိုင်တရားရုံး၊ မြိတ်မြို့

မွေးနေ့ဆုတောင်း
တစ်ဦးတည်းသော ချစ်သမီးလေး သုသုမင်းဦး

၃-၃-၂၀၁၃ရက်တွင် ကျရောက်သော မွေးနေ့မှစ၍ နှစ်ပေါင်းများစွာတိုင်အောင် စိတ်ချမ်းသာ ကိုယ်ကျန်းမာခြင်းတို့နှင့်ပြည့်စုံပြီး ဖေဖေ မေမေ ဦးဦး တီတီတို့နှင့်အတူ ပျော်ရွှင်ချမ်းမြေ့သောဘဝကို လျှောက်လှမ်းနိုင်ပါစေ။

ဖေဖေ - ဗိုလ်မှူးကြီးမင်းဦး
မေမေ - ဒေါ်ဝင်းဝင်းမြင့်
ဦးဦး - ဦးသန်းထွန်း
တီတီ - အန်တီဖြူ

နှစ်(၃၀)ပြည့် ပုလဲရတုမင်္ဂလာဆုတောင်း

ဖေဖေ တပ်ကြပ်ကြီး/စာရေးထွန်းဝင်း(ငြိမ်း)-မေမေ ဒေါ်ခင်ဝင်းမြင့်တို့၏ ၃-၃- ၂၀၁၃ ရက်တွင် ကျရောက်သော နှစ်(၃၀)ပြည့် ပုလဲရတုမင်္ဂလာမှသည် ရတုများစွာတိုင် ချစ်သော သား၊သမီးတို့နှင့် အတူ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် သာသနာအကျိုး၊ တိုင်းပြည်အကျိုး ထမ်းဆောင်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်-

သမီးကြီး -မနွယ်နီမြင့် M.E (EC), MCPT နေပြည်တော်
သမီးလတ်-မစုစန္ဒာထွန်း (နည်းပြအရာရှိ) B.E (MC),ITC ဆင်တဲ
သားငယ် -ဗိုလ်ကြီးအောင်လှိုင်ဖြိုး B.C.Sc(D.S.A)



အမည်ပြောင်း

ဦးဝင်းမြင့်၏သား ဒုတိယနှစ် ဆေးတက္ကသိုလ်ဆေး(၁)မှ မောင်အောင်ခြိမ့်မင်း ၁၂/ဒဂန(နိုင်)၀၃၅၂၈၅ အားယနေ့မှစ၍ မောင်ကောင်းခန့်လင်းဟုပြောင်းလဲခေါ်ပါရန်။

မောင်ကောင်းခန့်လင်း

ပျောက်ဆုံးကြောင်း

ကျွန်တော် အောင်ဆွေအေး ၉/မနမ(နိုင်)၀၀၇၇၀၄၏နိုင်ငံကူးလက်မှတ် အမှတ်-၅၉၀၆၄၀ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါ။

ဖုန်း-၀၉-၂၀၃၃၃၁၅





အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၇)ရပ်ကွက်၊ အမှတ် ၂၈၂၊ ဦးခင်ဝင်း အမည်ပေါက်၊ (၁၅၇)ရပ်ကွက်၊အမှတ်၁၇၈၊ဦးရဲထွန်း အမည်ပေါက်၊ အမှတ်၅၇၊ ဦးမောင်ညိုအမည်ပေါက်၊ (၁၅၈)ရပ်ကွက်၊ အမှတ် ၅၃၇၊ ဦးအောင်ကြည် အမည်ပေါက် ပေ(၄၀×၆၀) (ပါမစ်မြေ)အမျိုးအစား မြေကွက်များကို ကျွန်ုပ်၏မိတ်ဆွေဦးဖြိုးအောင် ၁၂/စခန(နိုင်)၀၁၉၃၄၆ မှ လက်ရောက်ဝယ်ယူရရှိပိုင်ဆိုင်ထားသည်မှာ ယနေ့ထက်တိုင်အောင် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါမြေကွက်များကို အခြားသူများအနေဖြင့် တစ်ဆင့်လွှဲပြောင်းရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းခြင်းတို့ကို မပြုလုပ်ကြရန် သတိပေးအပ်ပါသည်။ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ပါက ပြုလုပ်သူတို့အား တည်ဆဲဥပဒေများနှင့်အညီ ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အတိအလင်းသတိပေးကြေညာအပ်ပါသည်။

ဦးဇော်ကျော်အောင်(စဉ်-၃၄၄၉၀) **ဒေါ်ကြည်သာဝင်း(စဉ်-၂၉၅၅၃)**
LL.B,C.B.L **L.L.B, LL.M**

အထက်တန်းရှေ့နေများ (ရွှေဟသာ အိမ်ခြံမြေဥပဒေအကျိုးဆောင်)
အမှတ် ၈၆၄၊ ပင်လုံလမ်း၊ (၃၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၀၈၉၂၁၃၊ ၀၉-၄၃၁၃၃၇၅၁

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊
မြေတိုင်းဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာန(နေပြည်တော်)ရုံးဝင်းအတွင်းတွင် မြေယာရှုခင်းလုပ်ငန်းများဆောင်ရွက်လိုပါသည်။
၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၁၂-၃-၂၀၁၃ရက်(အင်္ဂါနေ့)ညနေ ၃ နာရီ နောက်ဆုံးထား၍ လက်ခံမည်ဖြစ်ပါသည်။

ပစ္စည်းဝယ်ယူမှုစိစစ်ရေးနှင့်တည်ဆောက်ရေးလုပ်ငန်းစိစစ်မှုကော်မတီ
မြေတိုင်းဦးစီးဌာန(မြို့ပတ်လမ်း)
ဥတ္တရသီရိမြို့နယ်၊နေပြည်တော်
ဖုန်း-၀၆၇-၄၁၃၄၃၃

ပျောက်ဆုံးကြောင်း

ကျွန်တော် ဒေါက်တာကျော်လတ် ၁၂/ဗဟန(နိုင်)၀၅၆၆၂၂ ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် ၆၄၇၅၆၂ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၁-၅၃၄၂၉၁**

သံသရာလမ်းညွှန်အဘိဓမ္မာသင်တန်းများ မကြာမီ စတင်ဖွင့်လှစ်ပါမည်

သင်တန်းနေရာ	စတင်ဖွင့်လှစ်မည့်ရက်	အချိန်
၁။ စိန္တာမယမေ္ဘာရုံ ကျောက်မြောင်းလမ်း (အောင်မင်္ဂလာလမ်းမှဝင်ရန်) ၀၉-၇၃၀၁၇၇၁၆၊၀၉-၅၀၂၀၀၆၂ ၀၉-၅၀၂၈၅၂၈၊၀၉-၄၉၂၅၃၅၇၁	၉-၃-၂၀၁၃(စနေနေ့) (အပတ်စဉ် စနေ၊ တနင်္ဂနွေ၊ ကြာသပတေး၊သောကြာနေ့များ)	ညနေ၆နာရီမှ ၈ နာရီထိ
၂။ ပန်းလှိုင်ဓမ္မာရုံ၊ဟုမ်းလမ်း (အာရှတော်ဝင်ဆေးရုံရှေ့တည့်တည့်မှဝင်ရန်) ၀၉-၅၁၅၁၈၁၈၊၀၉-၇၃၀၀၃၅၂၅	၁၂-၃-၂၀၁၃(အင်္ဂါနေ့) (အပတ်စဉ်၊ အင်္ဂါ၊ ဗုဒ္ဓဟူး)	ညနေ၆နာရီမှ ၈ နာရီထိ
၃။ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဓမ္မာရုံ ရွှေတိဂုံဘုရားလမ်း၊ မဟာဝိဇယစေတီတော်ရှေ့၊ ဖုန်း-၀၉-၅၁၄၉၀၉၇ ၀၉-၄၃၁၉၁၀၅၇၊၀၉-၅၀၀၀၄၈၇	၁၆-၃-၂၀၁၃(စနေနေ့) (အပတ်စဉ်၊ စနေ၊တနင်္ဂနွေ)	မွန်းလွဲ၂နာရီမှ ညနေ၄ နာရီထိ

သာသနာရေးဦးစီးဌာနမှ ကျင်းပသည့် အစိုးရအဘိဓမ္မာစာမေးပွဲကို ဝင်ရောက်ဖြေဆိုနိုင်သည်အထိ ဓမ္မဒါနပို့ချမည်ဖြစ်ပါ၍ မည်သူမဆိုတက်ရောက်နိုင်ပါသည်။ စတင်တက်ရောက်မည့်လူသစ်များ သင်တန်းဖွင့်ပွဲနေ့သို့ ဆက်ဆက်ကြွရောက်ရန် လိုအပ်ပါသည်။**သင်တန်းနည်းပြဆရာမ-ဒေါ်ငွေရည်ဦး**



ကြော်ငြာ



ပြည်နယ်အစိုးရအဖွဲ့၊ မွန်ပြည်နယ်
မွန်ပြည်နယ်အတွင်းရှိ လမ်း-တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်း လုပ်ကိုင်ခွင့် လေလံတင်ရောင်းချရန်ကြော်ငြာ

မွန်ပြည်နယ်အတွင်း လမ်း-တံတားအသုံးပြုခကောက်ခံနေသော လမ်းအသုံးပြုခကောက်ခံရေးဂိတ်(၂)ခုနှင့် တံတားအသုံးပြုခကောက်ခံရေးဂိတ်(၄)ခု၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ၁-၄-၂၀၁၃ ရက်မှ ၃၁-၃-၂၀၁၄ရက်အထိ (၁)နှစ် လမ်း-တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း လေလံ(မဲစနစ်)ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

(က) **လေလံရောင်းချမည့် လမ်းအသုံးပြုခကောက်ခံရေးဂိတ်များ**

(၁)	သံဖြူဇရပ်ဂိတ်	(သံဖြူဇရပ်မှရေးအထိ)	(သံဖြူဇရပ်မြို့)
(၂)	ရေးဂိတ်	ရေးမှ သံဖြူဇရပ် ရေးမှ ရေးနယ်စပ် ရေးနယ်စပ်မှရေး	(ရေးမြို့)

(ခ) **လေလံတင်ရောင်းချမည့် တံတားအသုံးပြုခကောက်ခံရေးဂိတ်များ**

(၁)	ရေးချောင်းတံတား	(ရေးမြို့)
(၂)	ကြိုးတန်းတံတား	(လမိုင်းမြို့နယ်ခွဲ)
(၃)	ကွမ်ကျိုက်တံတား	(လမိုင်းမြို့နယ်ခွဲ)
(၄)	ကလောပိတံတား	(သံဖြူဇရပ်မြို့နယ်)

(ဂ) **လေလံလျှောက်လွှာစတင်ဝယ်ယူနိုင်မည့်နေ့ရက်၊ နေရာ**
၇-၃-၂၀၁၃ ရက် (ကြာသပတေးနေ့)
မွန်ပြည်နယ်၊ ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး၊ မော်လမြိုင်မြို့။
ဖုန်း-၀၅၇-၂၄၉၁၈၊ ၀၅၇-၂၁၃၁၈

(ဃ) **လေလံလျှောက်လွှာတင်သွင်းရမည့်နောက်ဆုံးနေ့ရက်၊ အချိန်၊ နေရာ**
၁၄-၃-၂၀၁၃ ရက် (ကြာသပတေးနေ့) ညနေ ၁၆:၀၀နာရီ
မွန်ပြည်နယ်၊ ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး၊ မော်လမြိုင်မြို့။

(င) **လေလံဖွင့်လှစ်မည့်နေ့ရက်၊ အချိန်၊ နေရာ**
၁၅-၃-၂၀၁၃ ရက် (သောကြာနေ့) နံနက် ၉:၀၀နာရီ
မွန်ပြည်နယ်၊ ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး၊ မော်လမြိုင်မြို့။

မှတ်ချက်။ ။ လေလံလုပ်ကိုင်ခွင့်ရယူလိုသည့် ပုဂ္ဂိုလ်လုပ်ငန်းရှင်များသည် နိုင်ငံသားများဖြစ်ရမည်။ လေလံလုပ်ကိုင်ခွင့်ပေးမည့်စနစ်နှင့် လေလံစည်းကမ်းချက်များကို မွန်ပြည်နယ်၊ အင်ဂျင်နီယာမှူးကြီးရုံးတွင် ရယူနိုင်ပါသည်။

မွန်ပြည်နယ်၊ အစိုးရအဖွဲ့
လေလံလုပ်ကိုင်ခွင့်ကြီးကြပ်ရေးကော်မတီ

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ဦးမောင်မောင်အေး(ဒုတိယဌာနမှူး၊ ထုတ်လုပ်ရေးဌာန၊ ရန်ကုန်မြို့တော်စည်ပင်)-ဒေါ်အေးဇင်စိုး(ဥပဒေအကြံပေး၊ ရန်ကုန်မြို့တော်စည်ပင်)တို့၏သားကြီး
မောင်ခန့်စိုးမောင် M.B.,B.S(YGN)
အလုပ်သင်ဆရာဝန်(ရန်ကုန်ကလေးဆေးရုံကြီး)
နှင့်
ရန်ကုန်မြို့နေ ဒေါက်တာခင်ဝင်း-ဒေါ်ခင်ညိုဝင်း (ဦးညီလေးငွေထည်ဆိုင်၊ ဗိုလ်ချုပ်အောင်ဆန်းဈေး)တို့၏သမီးကြီး
မယွန်းစန္ဒီဝင်း Final Year (English)
တို့သည် ၂-၃-၂၀၁၃ရက် (တောင်သူလယ်သမားနေ့) စနေနေ့တွင် နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ခန့်စိုးမောင်-မယွန်းစန္ဒီဝင်း

ဓမ္မဂုဏ်ရည်စာပေဆု ဆုရစာရင်းထုတ်ပြန်

စစ်မှန်သော ထေရဝါဒဗုဒ္ဓသာသနာတော် တည်တံ့ပြန့်ပွားရေးအတွက် ဦးတည်ကျင်းပပြုလုပ်သော **ဓမ္မဂုဏ်ရည်စာပေဆု** ဆုရစာရင်းကို အောက်ပါအတိုင်း ထုတ်ပြန်လိုက်ပါသည်-

ဒုတိယဆု - ဓမ္မာစရိယလွှမ်းအောင်၏ **မိစ္ဆာဒိဋ္ဌိ ၆၂ ပါး**
တတိယဆု - ပါမောက္ခဒေါက်တာချိုချိုတင့်၏ **ကပိလဝတ္ထုဏာကျမ်းလာ ဘာသာရေးဆိုင်ရာ သတ်ပုံသံပေါက်အဖွင့်**

ဆုရသူများသည် အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းပါရန် -

ဓမ္မဂုဏ်ရည်ဆရာတော်
အရှင်ဝိလာသ(ဝေမိုး-ကျွန်းလှ)
ဓမ္မဂုဏ်ရည်ကျောင်းတိုက်၊ ရွှေပြည်သာ
ဖုန်း-၀၉-၅၀၂၄၆၉၄၊ ၆၁၂၈၃၆၊ ၆၁၂၈၄၈

အမည်ပြောင်း

လွယ်ဂျယ်မြို့၊ အောင်သီရိရပ်ကွက်နေ ဦးဝင့်ချမ်း ၁/ဗမန(နိုင်)၀၄၄၂၂၉၏သမီး အထကလွယ်ဂျယ်အဌမတန်းမှ မလီခွမ်းအား မစုစုလေးဟု ပြောင်းလဲခေါ်ဆိုပါရန်။

ပျောက်ဆုံး

ကျွန်တော် အာကာလင်းမင်း ၃/ကကရ(နိုင်)၁၂၇၃၃၆ ၏ ပတ်စ်ပို့အမှတ်-၇၅၄၇၄၀ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါကအကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၀၀၅၁၀၄

တစ်ဦးတည်းဖြစ်ပါကြောင်း

မောင်သက်ပိုင်စိုး၇/လပတ(နိုင်)၁၂၅၉၀၂ ၏ ဖခင်အမည်မှန်မှာ ဦးအောင်မြ(ခ) ဦးအောင်မြတ် ၇/လပတ(နိုင်)၀၈၃၄၇၇ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးအောင်မြ(ခ)ဦးအောင်မြတ်

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအောင်ရဲပိုင် S/OKA - ၁၂၃၃၁၄၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၀၀၃၃၁၈၆**

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မြိုင်သာယာကွက်သစ်၊ မြေကွက်အမှတ် (၃၀၉) အမည်ပေါက် ဦးတင်ကြိုင် AA-၀၉၄၉၆၈ ၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးအောင်စိန် ၁၂/လမတ(နိုင်)၀၂၁၉၉၀က မြေကွက်စလစ်(မူရင်း)နှင့် ငွေသွင်းချလန်(မူရင်း) တင်ပြပြီး မြေပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)
မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်းကွက်သစ်၊ မြေကွက်အမှတ် (၅၃၃) အမည်ပေါက် ဒေါ်ကျင်ငွေ ၁၂/သလန(နိုင်)၀၃၅၇၆၅၏မြေကွက်ကို လက်ရှိဝယ်ယူ ပိုင်ဆိုင်သူ ဦးအောင်သူထွန်း ၉/ပကခ(နိုင်)၀၀၀၄၇၆က မြေကွက်စလစ်(မူရင်း) တင်ပြပြီး မြေပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)
မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဋ္ဌပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ကြီးခရိုင်တရားရုံး၊ ၂၀၁၃ ခုနှစ် တရားမကြီးအမှုအမှတ်-၂၄

ဦးကျော်မြင့်	နှင့်	၁။ ဦးတုန်းလှိုင် ၂။ ဒေါ်ဆိုင်းသောင်
တရားလို		**တရားပြိုင်များ**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ ကမ္ဘောဇလမ်းခွဲ(၁)၊ အမှတ် ၄၇/၄၈/၁၂ နေ ဦးတုန်းလှိုင်၊ ဒေါ်ဆိုင်းသောင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ် ၃၄၃၈၅၅၀၀ိ/ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် မတ် ၁၃ ရက် (၁၃၇၄ခုနှစ် တပေါင်းလဆန်း ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များ ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းအစရှိသည်များနှင့် သင်က ထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်စိုးယု)
ဒုတိယခရိုင်တရားသူကြီး
တောင်ကြီးခရိုင်တရားရုံး







ကြော်ငြာ

အမွေဆက်ခံခွင့် သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၃ခုနှစ် တရားမအထွေထွေမှုအမှတ်-၄၉
ကွယ်လွန်သူဦးသန်းညွန့်(၁၂/စခန(နိုင်)၀၂၈၆၁၉) ၏ ကျန်ရှိရစ်သောပစ္စည်းအကြောင်း

ဒေါ်ရင်မေ **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ သီရိလမ်း၊ အမှတ်(၇၄)နေ ကွယ်လွန်သူဦးသန်းညွန့်၏ဇနီးဖြစ်သူ ဒေါ်ရင်မေကကွယ်လွန်သူ (ခင်ပွန်း) ဦးသန်းညွန့် စုဆောင်းကျန်ရှိရစ်သည့် စုဆောင်းငွေများအပေါ်အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ အမွေဆက်ခံခွင့်လက်မှတ်စာရလိုကြောင်း လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့လျှောက်ထားကြောင်းအများသူငှာတို့သိစေခြင်းငှာ ကြော်ငြာသည်မှာ ကွယ်လွန်သူ ဦးသန်းညွန့် ကျန်ရှိရစ်သောပစ္စည်းများအပေါ်၌ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၃ ခုနှစ် မတ် ၁၄ရက်(၁၃၇၄ခုနှစ် တပေါင်းလဆန်း ၃ရက် နံနက် ၁၀း၀၀နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူ ဒေါ်ရင်မေ၏လျှောက်ထားချက်ကို ကြားနာ၍ အမွေဆက်ခံခွင့်လက်မှတ်စာ ရသင့်/မရသင့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်သစ်ဆွေ)
ဒုတိယခရိုင်တရားသူကြီး(၈)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ကြီးခရိုင်တရားရုံး
၂၀၁၃ခုနှစ် တရားမကြီးအမှုအမှတ်-၂၁

ဦးစန်းရီ(ခ)မင်းအောင်(ခ)ကျိန်လျှံ **နှင့်** ၁။ ဦးတုန်းလှိုင်
၂။ ဒေါ်ဆိုင်းသောင်

တရားလို **တရားပြိုင်များ**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ ကမ္ဘောဇလမ်းခွဲ (၁)၊ အမှတ် (၄၇၊ ၄၈/၁၂)၊ (ယခုနေရပ်လိပ်စာမသိ) ဦးတုန်းလှိုင်နှင့်ဒေါ်ဆိုင်းသောင် သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ် ၁၁၃၉၄၆၀၀ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် မတ် ၁၅ရက် (၁၃၇၄ခုနှစ် တပေါင်းလဆန်း ၄ရက်) မွန်းမတည့်မီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေ ရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(လှသောင်းရီ)
ဒုတိယခရိုင်တရားသူကြီး(၂)
တောင်ကြီးခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
သာကေတမြို့နယ်တရားရုံး၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၁

ဒေါ်တင်တင်လှိုင် **နှင့်** ဦးစန်းမြင့်

တရားလို **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၃/ရန်ပြေရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ် ၃၁နေ တရားပြိုင်ဖြစ်သော ဦးစန်းမြင့်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်တင်တင်လှိုင်က **သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ-၁၂အရ ကတိပဋိညာဉ်အတိုင်း အိမ်နှင့်မြေ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ ဂရန်အမည်ပေါက်သည်အထိ ဆောင်ရွက်ပေးစေလိုမှု**လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၃ခုနှစ် မတ် ၁၄ရက် (၁၃၇၄ခုနှစ် တပေါင်းလဆန်း ၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အေးမြစန္ဒာချို
ဒုတိယမြို့နယ်တရားသူကြီး(၂)
သာကေတမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၁၆၈/၅)ရပ်ကွက်၊ မြေကွက်အမှတ် ၅၂/က၊ အမည်ပေါက် ဦးမြင့်စိန် ၁၂/လကန(နိုင်)၀၀၆၉၄၈ ပိုင်ဆိုင်သည့် မြေစလစ်ပြား ပျောက်ဆုံးသွားပြီး မြေပါမစ်ထုတ်ယူရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ၁၅ ရက်အတွင်းနောက်ဆုံးထား၍ မြေယာရုံးခွဲ ၁၂၊ ဒဂုံ(တောင်+ဆိပ်ကမ်း)သို့ အထောက်အထားအပြည့်အစုံတင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါသည်။

မြေယာရုံးခွဲ ၁၂၊ မြေနှင့်အခွန်ဌာနခွဲ
ဒဂုံမြို့သစ်(တောင်+ဆိပ်ကမ်း)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် လေးဒေါင့်ကန်၊ မြေကွက်အမှတ် ၇၉၆၊ မြေကွက်တည်နေရာအမှတ် ၂၅၊ ရိပ်သာလမ်း၊ လေးဒေါင့်ကန်လမ်း၊ သဃ်္ဃန်းကျွန်းမြို့နယ် ဦးထွန်းအမည်ပေါက် မြေချပါမစ်မြေအား အမည်ပေါက် ဦးထွန်းထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်ယဉ်အေး ၁၂/ကခက(နိုင်)၀၀၃၀၂၉က မြေချပါမစ် ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးထောက်ခံစာများတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်အေးအေးသန်း(စစ်တွေ)
အသက်(၅၉)နှစ်

ရခိုင်ပြည်နယ်ဓမ္မာရုံ(ရန်ကုန်မြို့)ဘဏ္ဍာရေးမှူး ဦးဦးလှမောင်၏ဇနီးဖြစ်သူ ဒေါ်အေးအေးသန်း အသက်(၅၉)နှစ်သည် ၂၅-၂-၂၀၁၃ရက် တပို့တွဲလပြည့်နေ့တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။

အလုပ်အမှုဆောင်အဖွဲ့
ရခိုင်ပြည်နယ်ဓမ္မာရုံ (ရန်ကုန်မြို့)

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်အေးအေးသန်း(စစ်တွေ)
အသက်(၅၉)နှစ်

ရခိုင်ကမ်းရိုးတန်းကုန်ပို့သူများကော်မတီဥက္ကဋ္ဌ ဦးဦးလှမောင်၏ဇနီးဖြစ်သူ ဒေါ်အေးအေးသန်း အသက်(၅၉)နှစ်သည် ၂၅-၂-၂၀၁၃ရက် တပို့တွဲလပြည့်နေ့တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။

ရခိုင်ကမ်းရိုးတန်းကုန်ပို့သူများကော်မတီ
(ရန်ကုန်မြို့)

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်းကွက်သစ်၊ မြေကွက်အမှတ်(၃၂၁) အမည်ပေါက် ဦးအေးလှိုင် ၁၂/သလန(နိုင်) ၀၀၈၇၅၁ ၏မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်အေးအေးမော် ၉/မထလ(နိုင်)၁၇၀၀၄၈က မြေကွက်စလစ် (မူရင်း)တင်ပြပြီး မြေချပါမစ် ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မြိုင်သာယာကွက်သစ်၊ မြေကွက်အမှတ်(၁၂၅၄)၊ အမည်ပေါက် ဒေါ်စိန်သောင်း၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်ခင်မိုးအေး ၁၂/ကမတ(နိုင်)၀၄၆၂၁၅က မြေကွက်စလစ်(မူရင်း)နှင့် ငွေသွင်းချလန်(မူရင်း)တင်ပြပြီး မြေပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်ရက်မှစ၍၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေပါမစ်ထုတ်ပေးရန်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ကြီးခရိုင်တရားရုံး
၂၀၁၃ခုနှစ် တရားမကြီးအမှုအမှတ်-၂၃

ဦးကျော်မြင့် **နှင့်** ဒေါ်စန္ဒာ

တရားလို **တရားပြိုင်**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ မြသီတာလမ်း၊ အမှတ်(၂၀/၁)၊ (ယခုနေရပ်လိပ်စာမသိ) ဒေါ်စန္ဒာ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ် ၂၆၀၂၅၀၀၀ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် မတ် ၁၅ရက် (၁၃၇၄ခုနှစ် တပေါင်းလဆန်း ၄ရက်) မွန်းမတည့်မီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ် ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(လှသောင်းရီ)
ဒုတိယခရိုင်တရားသူကြီး(၂)
တောင်ကြီးခရိုင်တရားရုံး

ဦးစိုးမိုးဝင်း (ဘ) ဦးစိန်ဝင်း၊ အင်းတိုင်ကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

သိစေရန် ကြေညာခြင်း

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ဘောလုံးကွင်းရပ်ကွက်နေ (ဘ) ဦးကျော်မောင်၏သမီး ဒေါ်ထွေးထွေးဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

လူကြီးမင်းနှင့် ဒေါ်ထွေးထွေးဝင်းတို့သည် စစ်တွေမြို့၌ တရားဝင်အကြင်လင်မယားအဖြစ်ပေါင်းသင်းနေထိုင်ခဲ့ကြပြီး မေမိုးသူဟုအမည်တွင်သောသမီးတစ်ဦး မွေးဖွားခဲ့ပါသည်။

သမီးမေမိုးသူ လမ်းလျှောက်တတ်စအရွယ်ခန့်က အလုပ်အကိုင်ရှာဖွေရန်ဟုအကြောင်းပြလျက် လူကြီးမင်းသည် ဇနီးနှင့်သမီးအား ထားရှိခဲ့ကာ နေအိမ်မှထွက်ခွာသွားခဲ့ပါသည်။

ထိုအချိန်မှစ၍ ဆက်သွယ်မှု၊ ပေးကမ်းထောက်ပံ့မှုလုံးဝမပြုခဲ့ဘဲ စွန့်ပစ်ထားခဲ့သည်မှာ ယနေ့အချိန်အထိဖြစ်ကြောင်းကို လူကြီးမင်းကိုယ်တိုင် အသိဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လူကြီးမင်းမှ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၀ ရက်အတွင်း မိသားစုထံသို့ ကျိုးကြောင်းဆက်သွယ် အသိပေးစေလိုပါသည်။

ပျက်ကွက်ပါက လူကြီးမင်း၏ ဇနီးနှင့်သမီးအပေါ် ရက်စက်စွာ စွန့်ပစ်မှုနှင့်ပတ်သက်၍ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မေသက်ခိုင်	**ဦးသန်းထွန်း (မောင်တော)**
အထက်တန်းရှေ့နေ (စဉ်-၂၈၃၀၉)	**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၀၂၂)**
	အမှတ် (၀ပ-၂၂)၊ ငပိန်လမ်း၊ ရူပမြောက်ရပ်ကွက်၊
	စစ်တွေမြို့၊ ရခိုင်ပြည်နယ်၊
	ဖုန်း-၀၉-၈၅၀၀၃၂၅၊ ၀၄၃-၂၁၇၀၈

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဦးစီးပဓာနနာယကဆရာတော်
ဘဒ္ဒန္တရေဝတ (ဓမ္မာစရိယ)
သက်တော်(၁၀၀)၊ သိက္ခာတော်(၈၀)

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ ပခန်းငယ်(ပုဂံငယ်)ကျေးရွာ၊ လည်ပေါ်ကျောင်းတိုက် ဦးစီးနာယကဆရာတော် ဘဒ္ဒန္တရေဝတမဟာထေရ် (မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် အာဂမနယူပဒေသကျောင်း ဆရာတော် ဘဒ္ဒန္တဝိစိတ္တာဘိဝံသ (၁၂၉၆-၁၃၁၆)၏တပည့်သည် (ပြာသိုလဆန်း ၁၃ရက်) (ကြာသပတေးနေ့) နံနက် ၇နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၄ခုနှစ် တပို့တွဲလပြည့်ကျော် ၈ရက်) ၅-၃-၂၀၁၃ရက်တွင် စံကျောင်းချပြီး (တပို့တွဲလပြည့်ကျော် ၉ရက်) ၆-၃-၂၀၁၃ရက်တွင် အန္တိမအဂ္ဂိဈာပန ပြုလုပ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးရှိ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများနှင့်
ဥတ္တရထွန်း အီလက်ထရောနစ်မိသားစု (ချောက်-ချမ်းမြသာစည်)

ဝမ်းနည်းကြေကွဲခြင်း

ဦးချစ်စိန် (ကျိုက်လတ်)
အသက်(၉၆)နှစ်

ဦးမျိုးတင့်(ခ)ဦးဖိုးပါကြီး-ဒေါ်ခင်ညိုစိမ့်(ရွှေဒင်္ဂါးရွှေဆိုင်)တို့၏ဖခင်ကြီး ဦးချစ်စိန်(ကျိုက်လတ်)သည် ၂၆-၂-၂၀၁၃ ရက်(အင်္ဂါနေ့)နံနက် ၁၁ နာရီတွင် ကျိုက်လတ်မြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးအေးလင်း-ဒေါ်စန္ဒာဝင်း
မြနန္ဒာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

ဦးသောင်းညွှန့် ဒုရဲမှူး(ငြိမ်း) လ/၅၆၁၃၈ တေဇ(၁)၊ ဗဝတ(ဖောင်ကြီး)

သွားတော့သူငယ်ချင်း---
- သူပြီးတော့မင်း-
  မင်းပြီးတော့ နောက်တစ်ယောက်
- ဒို့တစ်တွေ (၁၅၄)ယောက်
  ကွယ်ပျောက်သွားတာ တစ်ဝက်ကျော်
- သူခေါ်ရင် ပြေးမရ-
  တရားသဘော အလိုကျ။
- အလှည့်ကျတော့-နွဲ့လို့မရပါသူငယ်ချင်း။

တင်ဇော်
တေဇ(၁) သင်တန်းဆင်းများ

ကျေးဇူးတင်ရှိခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်နွဲ့နွဲ့ (MINNIE SEIK)
စား/ထွေ (ငြိမ်း)
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်ရိပ်သာ၊ တိုက် ၁၁၊ အခန်း ၁၈နေ ဝဏ္ဏကျော်ထင်ဦးဆိတ်(အငြိမ်းစား၊ ထောင်ပိုင်ဝန်)-(ဒေါ်သာသာ)တို့၏သမီးကြီး၊(ဦးသိန်းရွှေ၊ ရန်ကုန်သ/မ၊ ငြိမ်း)၏ဇနီး၊ ဒေါက်တာကျော်မင်းလွင် (မျက်စိအထူးကုဆရာဝန်ကြီး၊ အလုပ်သမားဆေးရုံကြီး၊ ရန်ကုန်)-ဒေါ်နှင်းဆီ (လ/ထ ကထိက(ငြိမ်း)၊ ရန်ကင်းပညာရေးကောလိပ်)၊ ဦးကျော်ဇေလင်း(ခေတ္တ-ဂျပန်)တို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ခင်နွဲ့နွဲ့ မကွယ်လွန်မီက စောင့်ရှောက်ကူညီဆောင်ရွက်ပေးခဲ့ကြပါသော သမားတော်ကြီး၊ ဆရာဝန်ကြီးများနှင့် နာရေးကိစ္စတွင် လိုလေသေးမရှိ အစစကူညီဆောင်ရွက်ပေးခဲ့ကြပါသော အရင်းနှီးဆုံးမိတ်ဆွေ သူငယ်ချင်းများ၊ ဆွေမျိုးများ၊ ရပ်ဝေးရပ်နီးမှဝမ်းနည်းကြောင်းသဝဏ်လွှာ၊ ကြေးနန်း၊ ဖုန်းများဖြင့်ပေးပို့မေးမြန်းပါသောလူကြီးမင်းပုဂ္ဂိုလ်များ၊ မိခင်ကြီး၏နာရေးသို့လိုက်ပါပို့ဆောင်၍ ကူညီဆောင်ရွက်ပေးခဲ့ကြပါသောလူမှုကူညီရေးအသင်း(ရန်ကုန်)၊ဆွေမျိုးမိတ်သင်္ဂဟများနှင့်ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။ **ကျန်ရစ်သူသားသမီးများ၊ မောင်နှမများနှင့်မိသားစု**

ဝမ်းနည်းကြေကွဲခြင်း

ဦးဇော်ကိုကို
အသက်(၄၉)နှစ်

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ (၇)ရပ်ကွက်၊ မန္တလေး-လားရှိုးလမ်း၊ အိမ်အမှတ် ၃၆နေ အရာခံဗိုလ်(ဦးကိုကိုလေး)စစ်တက္ကသိုလ်-ဒေါ်လှလှနွဲ့တို့၏ချစ်လှစွာသောသားငယ်၊ (ဦးဇော်မင်းဦး)-ဒေါ်မဥ္ဇူသက်၊ ဦးဇော်မင်းကိုတို့၏ညီ၊ ဗိုလ်မှူးတင်မောင်တိုး (ငြိမ်း)-ရှေ့နေ ဒေါ်လှယဉ်ဝင်း၊ ဒေါ်လှယဉ်သင်း၊ ဗိုလ်ကြီးစိုင်းခမ်းဇက်(ငြိမ်း)- ဒေါ်မြင့်မြတ်ဝင်း၊ ဗိုလ်မှူးသန်းထွန်းဦး(တပ်မှူး၊ နပဆခွဲ-၄)-ဒေါ်မေသူကိုတို့၏ အစ်ကိုသည် ၂၇-၂-၂၀၁၃ ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **အရာရှိစစ်သည်မိသားစုများ၊ နပဆခွဲ(၄)၊ ရွှေညောင်မြို့**

ဝမ်းနည်းကြေကွဲခြင်း

ဦးဉာဏ်မြင့်
B.Econ(Stats), M.A(Demography) Australia,
ENVIPRO လ/ထ ကထိက(ငြိမ်း)၊ စီးပွားရေးတက္ကသိုလ်
အသက်(၅၆)နှစ်

စီးပွားရေးတက္ကသိုလ် လ/ထ ကထိက(ငြိမ်း) ဆရာဦးဉာဏ်မြင့်သည် ၂၅-၂-၂၀၁၃ရက်(တနင်္လာနေ့) ညနေ ၃ နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

စီးပွားရေးတက္ကသိုလ် ၁၉၈၀ ခုနှစ်
ဘွဲ့ရကျောင်းသား ကျောင်းသူများ

ဝမ်းနည်းကြေကွဲခြင်း

တပ်ကြပ်ကြီးကျော်ငွေးလင်း
အသက်(၄၅)နှစ်

မြစ်ကြီးနားမြို့၊ ခလရ-၂၉မှ တပ်ကြပ်ကြီးကျော်ငွေးလင်းသည်တာဝန်ထမ်းဆောင်ရင်း ၂၅-၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒုအရာခံဗိုလ် စံလွင်(ငြိမ်း)နှင့်ညီအစ်ကိုများ
အင်းတကော်

မြန်မာ့ဘောလုံးနှင့် ဆီးဂိမ်း

ကျွန်းဆွယ်(ဆီးဂိမ်း)အားကစားပြိုင်ပွဲအကျဉ်းကို ကနဦးရေးပါရစေ။ ဆီးဂိမ်းအားကစားပြိုင်ပွဲတွင် အားကစားမျိုးစုံပါဝင်ပြီး ဘောလုံးပြိုင်ပွဲလည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။ တိုင်းပြည်တိုင်းကလည်း စိတ်ဝင်စားကြပါတယ်။ နှစ်နှစ်တစ်ကြိမ်ကျင်းပတဲ့ ပြိုင်ပွဲကြီးပါ။ ဘောလုံးပြိုင်ပွဲ တစ်မျိုးတည်းရေးပြရရင်၁၉၆၃ခုနှစ် ရန်ကုန်မှာကျင်းပတုန်းက မလေးရှားကပထမ၊ မြန်မာက ဒုတိယရခဲ့ပါတယ်။ ၁၉၆၅ခုနှစ် ကွာလာလမ်ပူ၊ ၁၉၆၇ခု ဗန်ကောက်နှင့် ၁၉၆၉ခုနှစ် ရန်ကုန်မှာ ကျင်းပခဲ့စဉ်က မြန်မာဘောလုံးအသင်း သုံးကြိမ်ဆက်တိုက်ဗိုလ်စွဲခဲ့ပါတယ်။ ဒါကြောင့် ကျွန်းဆွယ်ဘောလုံးပြိုင်ပွဲမှာ မြန်မာဘောလုံးအသင်း ခြောက်နှစ်တာကာလ တစ်လျှောက်လုံး သရဖူဆောင်းထားနိုင်ခဲ့ပါတယ်။ ဒီသမိုင်းကြောင်းကို ယခုခေတ်လူငယ်တွေ၊ လက်ရှိနိုင်ငံကိုယ်စားပြု ဘောလုံးသမားတွေ သိစေချင်ပါတယ်။

မြန်မာ့ ဘောလုံးအသင်း ယှဉ်ပြိုင်ခဲ့သည့်ပွဲတွေကို ကြည့်ပြီး လိုအပ်ချက်တွေကို ရေးပြချင်ပါတယ်။ အနီးကပ်ဆုံး ယှဉ်ပြိုင်ခဲ့တဲ့ ဆူဇူကီးဖလားလုပွဲကို ရေးပြပါရစေ။ ထိုဖလားလုပွဲဟာ အင်နဲ့အားနဲ့ ယှဉ်ပြိုင်ရပြီး သူတင် ကိုယ်တင်၊ ရေကုန်ကစားရသည့်ပွဲလည်း ဖြစ်ပါတယ်။ အထူးသဖြင့် မြန်မာနှင့်ထိုင်းအသင်းတို့ ပွဲကိုကြည့်လျှင် လိုအပ်ချက်တွေ မြင်တွေ့နိုင်ပါတယ်။ ဥပမာရေးရလျှင် ဂိုး-ဖျတ်လတ်မှု အားနည်းသည်။ ဟန်လုံးဝမရှိပါ။ ဟိတ်၊ ဟန်၊ မာန်ရှိခဲ့ရင် တစ်ဖက်ဂိုးသွင်းမယ့်လူ ဖြိုသွားနိုင်ပါတယ်။ ကွန်မင်းပေးတာ အားနည်းခြင်း၊ နောက်ကနေ ကွန်မင်းပေးနိုင်ရပါမယ်။ (နမူနာအဖြစ် ထိုင်းဂိုးသမားကိုကြည့်ပါ။)

နောက်တန်း ကစားသမားများ တစ်ဖက်အသင်းမှ တိုက်စစ်ဆင်လာတဲ့အခါ နေရာယူမှု ကျဲလွန်းသည်။ အလယ်ကိုချဲ့ပေးသင့်ပါတယ်။ ကြားကပေါက်ထွက်သွားမှာ စိုးရပါတယ်။ နောက်တန်းဝဲ၊ ယာလူများ ကိုယ့်လူကိုယ်ထိန်းနိုင်ရပါမယ်။ အလယ်ထောင်တင်ဘောလုံးတွေကို တားနိုင်ရပါမယ်။ တစ်ဖက်မှ မိမိအား လိမ်ဆွဲပြေးတာမျိုးမခံရအောင် ကာကွယ်ထားနိုင်ရမယ်။ နောက်တန်းအလယ်လူ (စင်တာဘက်များ) နေရာယူမှု၊ တစ်ဦးနဲ့တစ်ဦး နားလည်မှု၊ တစ်ဦးနဲ့တစ်ဦး နှုတ်ဖြင့် သတိပေးမှု၊ ဉာဏ်သုံးမှုများ အလွန်ရင့်ကျက်ရပါမယ်။ ဒါမှ ကျစ်လျစ်သော နောက်တန်း တစ်ခုဖြစ်ပါမယ်။

အလယ်တန်း ကစားသမားများ၊ နေရာယူမှု အားနည်းပါတယ်။ ဘောလုံးရသူက လူရှာနေရတယ်။ အချိန်မပေးနိုင်ပါ။ မြန်မာနံပါတ်(၆) ဖောင်းပလေးများသည်။ ဖောင်းပလေးနည်းအောင် ကစားနိုင်ရမည်။ ကွင်းလယ်လူများ၊ ဘောလုံးဖမ်းတာ၊ တွန်းတာ၊ ပို့တာမကောင်းဘူး၊ အမှားများတယ်။ မောလို့လား မသိဘူး၊ ဒီလိုဆိုမောနေတဲ့ အချိန်မှာ ခြေမှန်အောင်လေ့ကျင့်ဖို့ လိုလိမ့်မယ်။ ချိန်ကြည့် ရင် ထိုင်းအသင်းက မြန်မာအသင်းထက် ဘောလုံး အခြေခံပိုညက်တာ တွေ့ရတယ်။ အတုယူသင့်ပါတယ်။

မြန်မာ့ရှေ့တန်း တိုက်စစ်ဆင်ရာတွင် ကြည်လင်းတစ်ဦးတည်း အားကိုးကစားသည့် ပုံစံဖြစ်နေပါတယ်။ ကြည်လင်းကစားပုံ ကောင်းတယ်။ ဘောလုံးပညာနဲ့ ဉာဏ်အားကောင်းပါတယ်။ ကြည်လင်းဂိုးသွင်းနိုင်အောင် အခွင့်အရေးဖန်တီးပေးမှု နည်းနေပါတယ်။ ပွဲတွင် မိမိတစ်ဦးတည်းဖန်တီးဂိုးသွင်းနေရတယ်။ မြန်မာအသင်းကို နိုင်ချင်လျှင်ကြည်လင်းတစ်ယောက်ကို အပိုင်ကပ်ထားလိုက်ဆိုပြီး အခြားပြိုင်ဘက်အသင်းတွေက ကျွမ်းကျွမ်းကျင်ကျင်နဲ့ မြင်မှာပဲ၊ ကစားမှာပဲ။ ဒါ့ဆိုတိုက်စစ်မှူးကြည်လင်းတစ်ဦးတည်းနဲ့မလုံလောက်ဘူးပေါ့။ ဒါ့အပြင် နံပါတ်၁၀ခြေမပေါ်ပါ။ ၁၀ ဦးနဲ့ ၁၁ဦး ကစားနေရသလို ဖြစ်နေပါတယ်။ မြင်လျှင်မြင်ချင်းပြုပြင်ဖို့လိုပါတယ်။

ဒုတိယပိုင်းမှ ပွဲပြီးသည်အထိ ထိုင်းဘောလုံးအသင်းက မြန်မာအသင်းကို လေးဂိုး-တစ်ဂိုးနဲ့ နိုင်သွားတာပါပဲ၊ ဖြစ်ရမှာက မြန်မာအသင်း၊ ကိုယ့်ကွင်း၊ ကိုယ့်ပရိသတ်ရှေ့မှာလှလှပပ ကစားပြသွားရမယ့်ပွဲဖြစ်ရမှာပါ။ ဆီးဂိမ်းပြိုင်ပွဲကြီးကျင်းပရန် အချိန်နီးလာပြီဖြစ်ရာ နည်းပြများနှင့် ကစားသမားများ အသင်းအတွက်လိုအပ်ချက်၊တစ်ဦးချင်းလိုအပ်ချက်များကို ပြင်ဆင်လေ့ကျင့်နိုင်ပါသေးသည်။ အထူးသဖြင့် အောင်နိုင်ရေး စိတ်ဓာတ်အကောင်းဆုံးဖြစ်အောင် ခြေစမ်းပွဲတွေမှစပြီး မွေးမြူရန်လည်း လိုအပ်ပါတယ်။

အားကစားဝန်ကြီးကဆီးဂိမ်းမှာမြန်မာဘောလုံးနိုင်ရင် တစ်နိုင်ငံလုံးပျော်မှာပဲလို့ ပြောသွားခဲ့ပြီးပါပြီ။ ဒါကြောင့် တစ်နိုင်ငံလုံး ပျော်ရွှင်နိုင်အောင် မြန်မာဘောလုံးအသင်း ရွှေတံဆိပ်ဆုဆွတ်ခူးပြီး ဆီးဂိမ်းသမိုင်းမှတ်ကျောက်ပြန်တင်နိုင်ပါစေဗျာ။

စိုးမြင့်

လက်ရွေးစင်ဘောလုံးသမားဟောင်း

ပြည်တွင်းသတင်းနှင့်မှုခင်း

ကျုံ့ဒိုးမြို့နယ်၌ ယာဉ်တိမ်းမှောက် ၁၁ဦး ဒဏ်ရာရရှိ

ကျုံ့ဒိုး မတ် ၂

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကျုံ့ဒိုးမြို့နယ်၌ ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၄ နာရီခန့်က ကျုံ့ဒိုးအနောက်ဘက်ကမ်းနှင့် ကမ်းနီကျေးရွာသွားသော ကွန်ကရစ်လမ်းတွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွား၍ ခရီးသည် ၁၁ဦး ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာကျုံ့ဒိုးမြို့နယ်၌ ဖေဖော်ဝါရီ ၂၃ရက် ညနေ၄ နာရီခန့်က ကျုံ့ဒိုးအနောက်ဘက်ကမ်းနှင့် ကမ်းနီကျေးရွာသွားသော ကွန်ကရစ်လမ်းတွင် ဦးကိုလာ (၅၄)နှစ် ကျုံ့ဒိုးမြို့နေသူ မောင်းသော ၃ခ/. . . Hilux (Mighty-x) ခဲရောင်ယာဉ်သည် အနောက်ဘက်ကမ်းမှ ဖားဘုတ်ရွာသို့ ခရီးသည် ၁၅ ဦးခန့်ဖြင့် အသွား သရက်ခြံကွေ့အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ညာဘက်ခြမ်းသို့ တစောင်းလဲကျ တိမ်းမှောက်သွားခဲ့သဖြင့် ယာဉ်မောင်းဦးကိုလာအပါအဝင် အမျိုးသားလေးဦး၊ အမျိုးသမီးခုနစ်ဦး စုစုပေါင်း ၁၁ ဦး ဒဏ်ရာရရှိသဖြင့် ကျုံ့ဒိုးမြို့ ပြည်သူ့ဆေးရုံတွင် ကုသခဲ့ပြီး ဒဏ်ရာပြင်းထန်သော ခရီးသည် ခြောက်ဦးကို ကျုံ့ဒိုးနာ ရေးကူညီမှုအသင်းမှ ကော့ကရိတ် ပြည်သူ့ဆေးရုံသို့ အရေးပေါ်ပို့ဆောင်ကုသခဲ့ရသည်။ ကော့ကရိတ် ဆေးရုံမှ ရန်ကုန်ဆေးရုံသို့ ခရီးသည် တစ်ဦးကို ပို့ဆောင်ကုသရာ အခြေနေ ပြန်လည်ကောင်းမွန်လာပြီဖြစ်ကြောင်း ထပ်မံသိရှိရသည်။ အထက်ပါ ဖြစ်စဉ်နှင့် ပတ်သက်၍ ကျုံ့ဒိုးရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ်အောင်မြင့်ဝင်းက ယာဉ်မောင်းဦးကိုလာ ကျုံ့ဒိုးမြို့နေသူအပေါ် ဥပဒေအရအရေးယူ ပေးပါရန် တရားလိုပြုလုပ်တိုင်ကြားခဲ့ရာ ကျုံ့ဒိုးရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

နိုင်နိုင်ထွန်း(ကျုံ့ဒိုး)

ကလေးမြို့ တိုးချဲ့လေယာဉ်ကွင်းအနီး မြေထိန်းနံရံတည်ဆောက်ပေးစေချင်

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့ရှိ လေယာဉ်ကွင်းပြေးလမ်းသည် လက်ရှိ ပေ ၅၅၀၀ ရှိရာမှ ထပ်မံ၍ ပေ ၂၀၀၀ တိုးချဲ့လျက်ရှိသည်။ တိုးချဲ့နေသော လေယာဉ်ကွင်းဧရိယာအတွင်းမှ မလွတ်သည့် ဥပုသ်ချောင်းကြီးကို တပ်ဦးသီတာရပ်ကွက် အတွင်းသို့ ရေလွှဲမြောင်းတူးဖော်၍ ရေလွှဲလျက်ရှိပြီး လုပ်ငန်းဆောင်ရွက်မှုများသည် ပြီးစီးလုနီးပါးဖြစ်ပေသည်။

အရှည်ပေ ၂၀၀၀၊ အမြင့်ပေ ၂၀ ခန့်ရှိသော အဆိုပါရေလွှဲမြောင်းကြီးအဆုံးသတ်သည့် နေရာတစ်ဝိုက်ရှိ မြေများသည် ရေတိုက်စားခြင်းခံရသောဒဏ်ကြောင့် ပြိုကျပျက်စီးသည့် မြေဖြစ်ပြီး ယင်းနေရာတွင် မြေထိန်းနံရံတစ်စုံတစ်ရာ ဆောင်ရွက်မှုမရှိပါ။ မိုးတွင်းကာလတွင် ယခုအသစ် ဖောက်လုပ်သည့် ပေ ၂၀၀၀ ရှည်သော ရေလွှဲမြောင်းသည် ပြည်သူများနေထိုင်သော ရပ်ကွက်ဘက်သို့ ဦးတည်လျက် အရှိန်အဟုန်ပြင်းစွာဖြင့် တိုက်စားမည့် အခြေအနေကြောင့် နေအိမ်၊ ဝင်းခြံများစွာ ပြိုကျပျက်စီးနိုင်သည့် အန္တရာယ်နှင့်ရင်ဆိုင်ရလျက်ရှိသည်။

ရပ်ကွက်အတွင်း အများပြည်သူများ အေးချမ်းစွာနေထိုင်နိုင်ရေးကို ရှေးရှု၍ ရေလွှဲမြောင်းသစ် အဆုံးသတ်နေရာတစ်ဝိုက်ရှိ ပြိုကျနေသည့် မြေကို မြေထိန်းနံရံ အခိုင်အမာတည်ဆောက်ပေးရန် ရပ်ကွက်နေပြည်သူများက လိုလားနေကြကြောင်း သိရသည်။

ပီတာမောင်(ကလေး)

ထိုက်ထိုက်တန်တန်

ဈေး၊ ကျောင်း၊ ကားဂိတ်နီး၊ လမ်းမကြီးကျောကပ်လမ်း၊ သစ်သားအိမ်လှလှပပ ခိုင်ခိုင်ခန့်ခန့်၊ ရေ၊ မီးစုံ ပေ(၂၀×၆၀)၊ (၇၂)ရပ်ကွက်၊ တောင်ဒဂုံ၊ ငွေကျပ် ၁၃၅ သိန်း၊ (၇၂)ရပ်ကွက်၊ ပေ(၂၄×၆၀)၊ ထောင့်ကွက်၊ ငွေကျပ် ၁၅၅သိန်း၊ မြေသီးသန့် ငွေကျပ် သိန်း ၇၀၊ တောင်/မြောက်လမ်းဆုံအနီး၊ အောင်ဇေယျအိမ်ရာတိုက်ခန်းများနှင့် တောင်ဒဂုံ၊ မြောက်ဒဂုံအတွင်းရှိ အိမ်၊ ခြံ၊ မြေများ ရောင်း၊ ဝယ်၊ ငှားရမ်းနိုင်ပါသည်။

ဖုန်း-၀၉-၇၃၁၀၆၅၇၄၊ ၇၃၁၂၅၇၅၉

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးသိန်းလွင် ၁၂/ကတတ(နိုင်)၀၀၆၄၀၁၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၀၀၂၈၈၉၉

စာအုပ်လှူမလား

အုပ် ၄၀၀ကို ငွေတစ်သိန်းကျပ်ဖြင့် ကျေးရွာစာကြည့်တိုက်များအတွက် ဝတ္ထု၊ ပုံပြင်၊ ဟာသ၊ ဘာသာရေး၊ အင်္ဂလိပ်ဝတ္ထု၊ သုတ၊ ကာတွန်းစုံလင် သက်သာစွာ ပို့ပေးပါမည်။ ဆက်သွယ်ပါ။ မိုးမြင့်စာပေ။

ဖုန်း-၀၁-၅၄၃၁၄၃၊ ၀၁-၄၀၀၉၃၁



ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂(ဘီ)၊ လူနေရပ်ကွက်အမှတ် (ပျဉ်းမပင်မြောက်)၊ မြေကွက်အမှတ် ၂၇၅၊ နေကြာလမ်း၊ မြေဧရိယာ ၀ ဒသမ ၀၈၂ ဧက၊ (ပေ ၆၀× ပေ ၆၀)ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့သည် မြို့မြေစာရင်းတွင် ဦးတင်မြင့် ၁၂/တမန(နိုင်)၀၂၂၇၄၈ အမည်ပေါက်ပါသည်။ ၎င်းထံမှ ယခုရောင်းချသူက အရောင်းအဝယ်ကတိစာချုပ် အဆက်အစပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ၎င်းထံမှ ကျွန်ုပ်မိတ်ဆွေက တရားဝင်အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ယခုကြော်ငြာပါပြီးသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို အပြီးတိုင်ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသာလှိုင်(အထက်တန်းရှေ့နေ)

အမှတ် ၃၉၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၉-၅၀၄၉၃၇၆၊ ၀၉-၅၁၄၉၇၆၃

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ လူနေရပ်ကွက်အမှတ် ၃၊ မြေတိုင်းရပ်ကွက်အမှတ် ၈၀၊ မြေကွက်အမှတ် ၉၉၊ အကျယ်အဝန်း ပေ(၂၅×၄၉)၊ ဧရိယာ ၀ဒသမ၀၂၈ဧက၊ စတုရန်းပေ ၁၂၂၅ရှိ နှစ် ၆၀ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ခိုင်ရွှေဝါဗဟိုလမ်း၊ အမှတ် (၉၅)ဟု ခေါ်တွင်သော အိမ်နှင့်မြေ၏ အကျိုးခံစားခွင့် အရပ်ရပ်ကို အမည်ပေါက် ပိုင်ရှင်များဖြစ်ကြသော ၁။ ဦးစိုးမြိုင် BHO -၀၀၀၈၃၁၊ ၂။ ဒေါ်စန်းမြိုင် AD-၀၂၈၃၂၆၊ ၃။ ဦးလှတိုး ISN-၂၇၁၀၆၃၊ ၄။ ဦးဌေးဝင်း B/RGN-၀၂၀၀၁၆၊ ၅။ ဦးကျော်မြင့် B/RGN-၀၂၀၁၆၀၊ ၆။ ဦးမြင့်ဦး ၁၂/ထတပ(နိုင်)၀၀၇၀၆၃ ၇။ ဒေါ်စန်းစန်းမော် KMYT-၀၀၄၂၆၅၊ ၈။ ဒေါ်မြင့်မြင့်မော် KMYT-၀၀၄၂၆၆၊ ၉။ ဦးသိန်းထွေး ၁၂/ကမရ(နိုင်)၀၃၀၅၅၄တို့ထံမှ အရောင်းအဝယ်ပြုလုပ်ရန် သဘော တူညီလျက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းချသောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှ ၁၀ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ရုံး၊ အမှတ် (၅၀)စီ/၃၊ ပထမထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၃၃၁၇၂

ဦးလှမင်း(ပေါင်းတည်) LL.B (ADVOCATE) တရားလွှတ်တော်ရှေ့နေ (၅၅၅၅)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း၊ Olympic Tower, တိုက်အမှတ်(၂၂၅/၂၂၇)၊ အခန်းအမှတ်(၁၃၀၂)၊ အကျယ်အဝန်း ၁၅၀၀စတုရန်းပေခန့်ရှိ ၁၃ လွှာ ကွန်ဒိုတိုက်ခန်း ရေ၊ မီးအစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးယာကူး(ဗ်)(ခ)ယာကွတ်(ခ)စိုးမိုးနိုင် ၁၂/ပဘတ(နိုင်)၀၀၂၆၀၄ထံမှ ကျွန်ုပ်၏ မိတ်ဆွေများက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤနို့တစ်စာထုတ်သည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခိုင်မာနွယ်ဝင်း (စဉ်-၃၃၃၈၈)

LL.B., LL.M, M.Res

အထက်တန်းရှေ့နေ

အမှတ် (G-1)၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၉-၅၁၈၆၀၄၅၊ ၃၉၄၀၈၀

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ၊ လူနေရပ်ကွက်အမှတ် (ပျဉ်းမပင်မြောက်)၊ မြေကွက်အမှတ် ၂၇၆၊ နေကြာလမ်း၊ မြေဧရိယာ ၀ ဒသမ ၀၈၂ဧက၊ ပေ(၆၀×၆၀)ရှိ နှစ် ၆၀ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အားလုံးတို့သည် မြို့မြေစာရင်းတွင် ဒုတိယဗိုလ်မှူးကြီးအောင်စိုး(စီဂျီ-၀၆၅၁၅၇)အမည်ပေါက်ပါသည်။ ၎င်းထံမှ ယခုရောင်းချသူက အရောင်းအဝယ်အရပ်ကတိစာချုပ်အဆက်အစပ်များဖြင့်တရားဝင် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ၎င်းထံမှ ကျွန်ုပ်မိတ်ဆွေက တရားဝင်အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါမြေအိမ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ယခုကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုအပြီးတိုင်ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသာလှိုင်

အထက်တန်းရှေ့နေ

အမှတ် ၃၉၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၉-၅၀၄၉၃၇၆၊ ၀၉-၅၁၄၉၇၆၃

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတွင် မြန်မာ့ဆိုင်းပညာရှင်များ လက်စွမ်းပြမည်

မြန်မာနိုင်ငံတွင် ဒီဇင်ဘာလအတွင်းကျင်းပမည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးအတွက် အားကစားကဏ္ဍအလိုက် အောင်နိုင်ရေး ကြိုတင်ပြင်ဆင် လေ့ကျင့်မှုများကို ပြုလုပ်နေပြီဖြစ်သည်။

ထို့အတူ ဖွင့်ပွဲ၊ ပိတ်ပွဲကြီးတွင် မြန်မာတို့၏ ခမ်းနားထည်ဝါမှု၊ အစဉ်အလာကြီးမားမှု၊ မြန်မာတိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှု၊ ရိုးရာယဉ်ကျေးမှုများကို အရှေ့တောင် အာရှနိုင်ငံများ သာမက ကမ္ဘာကပင် ပို၍ သိအောင်ပြသရတော့မည့် အချိန်ကောင်းအခါကောင်းလည်း ဖြစ်ပေသည်။

ယဉ်ကျေးမှုဝန်ကြီးဌာနမှသတင်းထုတ်ပြန်ကြေညာသွားခဲ့သည့် Sea Games ဖွင့်ပွဲ၊ ပိတ်ပွဲတွင် မြန်မာ့ယဉ်ကျေးမှု အခမ်းအနားထည်ဝါမှုကိုဖော်ဆောင်ပြသနိုင်ရန်အတွက် မြန်မာ့ဆိုင်းဝိုင်းကြီး ၁၁ ဝိုင်းဖြင့် ထည့်သွင်း ဖျော်ဖြေသွားမည်ဖြစ်ရာ မြန်မာ့ဆိုင်းပညာရှင် ကြီးငယ် မဟူ၊ ကျား၊ မ မရွေး လျှောက်လွှာတင်နိုင်ကြောင်း ကြေညာထားခြင်းဖြစ်သည်။

ဤကိစ္စနှင့်ပတ်သက်၍ ဆို၊က၊ ရေး၊တီးပြိုင်ပွဲကြီးများတွင်နိုင်ငံတော်ရွှေတံဆိပ်ဆုပေါင်းများစွာ ရခဲ့သူ၊ တိုင်းဒေသကြီးအဆင့်တွင် ဆိုင်းပညာအကဲဖြတ် ပညာရှင်အဖြစ် ဆောင်ရွက်ခဲ့သူ နာမည်ကျော် ဆိုင်းပညာရှင် မွန်ပြည်နယ် ကိုကိုနိုင်နှင့် တွေ့ဆုံဆွေးနွေး မေးမြန်းဖြစ်ခဲ့ပါသည်။

မြန်မာ့အလင်း။ မြန်မာနိုင်ငံမှာ ပြုလုပ်မယ့် Sea Games ပြိုင်ပွဲကြီးမှာ မြန်မာ့ဆိုင်းဝိုင်းကြီးများနဲ့ ထည့်သွင်းဖြေဖျော်သွားမယ်လို့ သိရပါတယ်။ အဲဒီအပေါ် ဆရာ့အမြင်ကိုသိပါရစေ။

ကိုကိုနိုင်။ အလွန် ကောင်းတဲ့ စိတ်ကူးအစီအစဉ်ပါ။ မြန်မာ့ဆိုင်းဆိုတာ ရှေးမြန်မာရှင်ဘုရင်တွေလက်ထက်ကတည်းက ရှိခဲ့တာပါ။ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် စစ်စစ်ပါ။

မြန်မာ့အလင်း။ ဒါဖြင့် မြန်မာနိုင်ငံမှာ ဆိုင်းဝိုင်းပေါင်း ဘယ်လောက်ရှိပါသလဲ။

ကိုကိုနိုင်။ ရန်ကုန်၊ မန္တလေးနဲ့တင် ဝိုင်းကြီး ဝိုင်းလေးအားလုံးပေါင်း ၁၀၀နီးပါးလောက်ရှိမယ်။ သူ့နာမည်သူ့စန်းနဲ့ အခုထိအောင်မြင်နေတဲ့ သူတွေအများကြီး ရှိပါတယ်။

မြန်မာ့အလင်း။ အဲဒီလို အများကြီး ထဲက ဆိုင်းဝိုင်း ၁၁ ဝိုင်းကို ဘယ်လိုများဆန်ခါတင်ရွေးမှာလဲခင်ဗျား။

ကိုကိုနိုင်။ လျှောက်လွှာက ဧပြီ ၃၀ ရက် နောက်ဆုံးထားပြီး ခေါ်ထားပါတယ်။ အဲဒီကြားထဲမှာ လူကြီးတွေက စည်းမျဉ်း၊ စည်းကမ်း၊ မူဘောင်တွေ ရေးဆွဲပြီး သင့်တော်မယ့်သူတွေကို ရွေးချယ်သွားလိမ့်မယ်လို့ ထင်ပါတယ်။

မြန်မာ့အလင်း။ ဆိုင်းဝိုင်းကြီး တစ်ဝိုင်းကို ကျွန်တော်တို့ ကြည့်ရှုခံစားခွင့်ရတဲ့အခါ အတီး၊ အမှုတ်၊ အဆို၊ နောက်ထတွေနဲ့ဆို လူကအများကြီးပဲ။ အခုရှစ်ယောက်တည်းနဲ့ ဖျော်ဖြေတီးရမယ်ဆိုတော့ အဆင်ပြေပါ့မလား။

ကိုကိုနိုင်။ ဒါက အပြင်မှာညလုံးပေါက်တီးရတာကိုး။ အခုဟာက မိနစ်ပိုင်းလောက်ဆိုတော့ ဒီရှစ်ယောက်နဲ့ လုံလောက်ပါတယ်။

သတင်းဓာတ်ပုံ-တင်ဝင်းလေး (ကြည့်မြင်တိုင်)

မြန်မာ့အလင်း။ အဓိက ပါဝင်ရမယ့် ပညာရှင်တွေကို ပြောပြပေးပါလား…။

ကိုကိုနိုင်။ အတီး ခေါင်းဆောင်၊ နှဲ၊ ကြေး၊ မောင်း၊ ပတ်မ၊ လင်းကွင်း၊ စည်းဝါး၊ အဆိုအပြောပါ။ ဒါကလည်း (၁၉)ကြိမ်မြောက် ဆို၊ က၊ ရေး၊တီး ပုံစံအတိုင်းပဲ ဖြစ်ပါတယ်။

မြန်မာ့အလင်း။ တီးလုံး၊ တီးကွက် အနေနဲ့ရောဆရာ…။

ကိုကိုနိုင်။ အချိန် စောသေးတဲ့အတွက် အတိအကျတော့ မပြောနိုင်သေးပါဘူး။ ဒါပေမယ့် မြန်မာ့ဆိုင်းပညာဆိုတာ စိတ်ဓာတ်တွေမြင့်မားလာအောင်၊ နိုးကြွလာအောင် တီးနိုင်သလို ရင်ထဲမှာ နူးညံ့သွားအောင်လည်း လက်စွမ်းပြတီးနိုင်ပါတယ်။ ဒါပေမယ့် ဒီနေ့မှာတော့ ကျွန်တော့်အထင်ကိုပြောတာနော်။ မြန်မာ့ဇာတိသွေး၊ ဇာတိမာန်၊ အမျိုးဂုဏ်ရှိန်ကို မြင့်မားစေမယ့် တီးလုံး တီးကွက်တွေဖြစ်ဖို့များမယ်လို့ ထင်ပါတယ်။

မြန်မာ့အလင်း။ ရွေးချယ် ခံလိုက်ရတဲ့ ဆိုင်းဝိုင်းတွေကိုကော ဘယ်လို ထောက်ပံ့မှုမျိုးတွေ ရှိမလဲဆရာ…။

ကိုကိုနိုင်။ ။ ရွေးချယ်ခံလိုက်ရတဲ့ ဆိုင်းအဖွဲ့ကို ပွဲကြိုကာလ(တစ်ပတ်ခန့်) နဲ့ ဖွင့်ပွဲ၊ ပိတ်ပွဲကာလတစ်လျှောက်မှာ စားသောက်နေထိုင်ရေးနဲ့ သယ်ယူပို့ဆောင်ရေးအတွက် ပံ့ပိုးကူညီသွားမယ်လို့ ကြေညာချက်ထဲမှာ ပါပါတယ်။

မြန်မာ့အလင်း။ တကယ်လို့ ပေါ့ ဆရာ ရယ်…ဆရာ့အနေနဲ့များ ဒီလိုရွေးချယ်လိုက်တဲ့ ၁၁ ဝိုင်းထဲမှာ အရွေးချယ်ခံရမယ်ဆို ဆရာ့ရင်တွင်းက အကြိုခံစားချက်လေးများ ပြောပြနိုင်မလားဆရာ…။

ရှေးမြန်မာ ဘုရင်တွေလက်ထက်ကတည်းက ရှိခဲ့တာပါ။ မြန်မာ့ ယဉ်ကျေးမှု အမွေစစ်စစ်ပါ။
(မွန်ပြည်နယ်-ကိုကိုနိုင်)

ကိုကိုနိုင်။ အခုလို Sea Games မှာ မြန်မာ့ဆိုင်းပညာရှင် တစ်ဦးအနေနဲ့ နိုင်ငံ့ဂုဏ်ကိုဆောင်ပြီး မြန်မာ သိအောင်ပြသနိုင်ခွင့်ရမှာမို့ ဆိုင်းပညာရှင်များကိုယ်စား ဝမ်းမြောက် ဂုဏ်ယူမိမှာပါ။

မြန်မာ့အလင်း။ အခုလို ဖြေကြားပေးတဲ့အတွက် မွန်ပြည်နယ် ကိုကိုနိုင်ကို မြန်မာ့အလင်းသတင်းအဖွဲ့က ကျေးဇူးတင်ပါတယ်။

ကိုးထပ်ကြီးဘုရား ဗုဒ္ဓပူဇနိယပွဲတော်အောင်ပွဲကျင်းပ

ရန်ကုန် မတ် ၂

ရန်ကုန် အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ်အတွင်း တည်ထားကိုးကွယ်လျက်ရှိသော အတုလာဓိပတိမဟာမုနိသကျ ကိုးထပ်ကြီးဘုရား (၁၀၈) နှစ်ပြည့် လေးကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်အောင်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲပိုင်းက ဘုရားကြီး၏ရင်ပြင်တော်အတွင်း၌ ကျင်းပခဲ့သည်။ အခမ်းအနားကို ရန်ကုန် အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်၊ ဘုရားကြီး ဂေါပကနာယက ဦးသန်း၊ ဂေါပကအဖွဲ့ဝင် ဦးထွန်းနိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပင့်ဖိတ်ထားသော ဆရာတော် သံဃာတော်များထံမှ သီလခံယူဆောက်တည်ကြပြီး တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဘုရားကြီး ရင်ပြင်တော်အတွင်း၌သံဃာတော်အပါး ၉၀ တို့အား ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြပြီး ညနေပိုင်းတွင် နိဗ္ဗာန်စျေးတည်ခင်း၍ ဘုရားဖူးပရိသတ်များအား ကျွေးမွေးလှူဒါန်းခဲ့သည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များလှူဒါန်း

ပြည် မတ် ၂

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ပဲခူးတိုင်းဒေသကြီး အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးရွှေဝင်းက ပြည်ခရိုင် သဲကုန်းမြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရန်ရည်ရွယ်၍ စာအုပ်စာစောင် လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၁၀ နာရီက အမှတ်(၉၁) လက်သမားလမ်း ပြည်မြို့၌ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ပဲခူးတိုင်းဒေသကြီးအလုပ်အမှုဆောင်အဖွဲ့ဝင်က စာအုပ်စာစောင်များကို လှူဒါန်းရာ သဲကုန်းမြို့နယ် ပြန်ဆက်ဦးစီးမှူး ဦးနိုင်လင်းကလက်ခံပြီး **(အောက်ပုံ)** ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ အဆိုပါ လှူဒါန်းပွဲတွင် သုတ၊ ရသ၊ ဂျာနယ်၊ မဂ္ဂဇင်း စာအုပ်စာစောင် ၅၅၅ အုပ်၊ တန်ဖိုးငွေကျပ် သုံးသိန်းကျော်ဖြစ်ကြောင်း သိရသည်။

(ပြန်/ဆက်)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀(၁)
တောင်ဥက္ကလာပမြို့နယ်တရားရုံး
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၂

ဦးကျော်ဝင်း **နှင့်** ၁။ ဦးဟန်ညွန့်
အမှတ် (၉၅၃)၊ ကျော်သူလမ်း၊
(၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်
(ယခုနေရပ်လိပ်စာမသိ)
၂။ ဦးအောင်ရှိန်
အမှတ် (၅၅၅)၊ သရဖီ(၅)လမ်း၊ (၃၄)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်

တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူလမ်း၊ အမှတ် (၉၅၃)နေ ဦးဟန်ညွန့် (ယခုနေရပ်လိပ်စာမသိ)နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄) ရပ်ကွက်၊ သရဖီ(၅)လမ်း၊ အမှတ် ၅၅၅တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုကပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ (သို့တည်းမဟုတ်) ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် မတ် ၁၅ရက် (၁၃၇၄ခုနှစ် တပေါင်းလဆန်း ၄ရက်) (သောကြာနေ့)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးရှေ့သို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့ မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်ဝယ်ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၂၇ရက်တွင် ရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ချစ်ကိုကို)
မြို့နယ်တရားသူကြီး၊ တောင်ဥက္ကလာပမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရွှေပြည်သာမြို့နယ်၊ သာစုကန်စက်မှုဇုန်ဖော်ထုတ်ရေးအဖွဲ့မှ ကရဏာကြေးငွေများ ထုတ်ပေးလျက်ရှိရာ စက်မှုဇုန်မြေအတွင်းပါဝင်ခဲ့သည့် မူလသာစုကန်ကျေးရွာ ကွင်းအမှတ် ၅၅၃(၃)၊ ဦးပိုင်အမှတ် (၂၁)ရှိ ဦးရွှေဝင်းအမည်ပေါက် လယ်ခွန်ပြေစာထွက်ရှိထားသော လယ် ၉ ဒသမ ၂၃ ဧကအား ဒေါ်သိန်းလှိုင် ၁၂/ရပသ(နိုင်)၀၂၀၂၃၃ က လယ်လုပ်သူ ဦးရွှေဝင်း၏ တစ်ဦးတည်းသောဇနီးဖြစ်ပြီး ခင်ပွန်း ဦးရွှေဝင်းမှာ ကွယ်လွန်ခဲ့ပြီးဖြစ်ကြောင်း အဆိုပြု၍ ကရဏာကြေးငွေထုတ်ပေးရန်အတွက် တင်ပြထားခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ကရဏာကြေးပေးအပ်ခြင်းအား သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မာလွင်(LL.B, D.B.L)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)
ဖုန်း-၀၉-၅၁၈၉၆၈၉၊ ၀၉-၇၃၀၆၂၀၈၆

ရောင်းရန်ကြော်ငြာ

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၂ ခုနှစ် တရားမဇာရီမှုအမှတ်-၆၅

ဦးအောင်သန့်ဇင်(ခ) ပေါက်ပေါက် **နှင့်**
၁။ ဦးခင်မောင်စိုး ၅။ မထက်ထက်အေး
၂။ ဦးခင်မောင်ဝင်း ၆။ မောင်အောင်မင်းအေး
၃။ ကိုသက်နိုင်အေး ၇။ မောင်ဝင်းထွဋ်အေး
၄။ ကိုအောင်နိုင်အေး ၈။ ဒေါ်ဥမ္မာအောင်

တရားနိုင် **တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး(၁)ရုံး တရားမကြီးမှုအမှတ် ၁၀၅၁/၂၀၁၁အမှုတွင် တရားနိုင်က အမွေပုံပစ္စည်း၏ (လေးပုံတစ်ပုံ)ကို ရထိုက်ခွင့်ရှိကြောင်း အနိုင်ဒီကရီအရ အမွေပုံပစ္စည်းဖြစ်သည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို ၂၀၁၃ခုနှစ် မတ် ၂၉ ရက် (၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၃ရက်) နံနက် ၁၀နာရီတွင် ပစ္စည်းတည်ရှိရာနေရာ၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံဆွဲဝယ်သူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ကတရားဝင်လွှဲအပ်ထားသော ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၃-အေ၊ မြေကွက်အမှတ် ၃-ဘီ/၂၊ ဧရိယာ ၀ ဒသမ ၄၂၄ဧကရှိ မြေပေါ်တွင် ဆောက်လုပ်ထားသော ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ရေတာရှည်ရပ်ကွက်၊ အမှတ် ၅၇၊ ခြောက်ခန်းတွဲ၊ ခြောက်ထပ်တိုက်ရှိ

အခန်းအမှတ် အေ-၂ ကြမ်းခင်းဈေး ကျပ်သိန်း ၂၅၀
အခန်းအမှတ် ဘီ-၂ ကြမ်းခင်းဈေး ကျပ်သိန်း ၃၅၀
အခန်းအမှတ် ဘီ-၃ ကြမ်းခင်းဈေး ကျပ်သိန်း ၃၀၀

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြသော အချက်များမှာ တရားနိုင်က တရားရုံးတော်သို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။
၂။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
၃။ လေလံရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်။
၄။ ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်သူအဖြစ်သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးဝယ်သည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ယူဆလျှင် လက်မခံဘဲ ငြင်းပယ်ခွင့်ရှိသည်။
၅။ လေလံတင်ရောင်းချသည့်ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် ပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန် ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။
၆။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသူအရာရှိက သတ်မှတ်သည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။
၇။ ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ရက်မြောက်နေ့တွင် တရားရုံးသို့ အပြေအကျေပေးသွင်းရမည်။ ၁၅ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်ပါက ပထမ ရုံးဖွင့်သည့်ရက်တွင် ပေးသွင်းရမည်။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကိုလည်း ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စိုးလွင်)
ခရိုင်တရားသူကြီး၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ISUZU BIGHORN, 2000 model (ရုပ်ပြောင်း)၊ Connation 4/colour - gold, Kilo-တစ်သိန်းကျော် (၄ဃ/…)
ရောင်းဈေး ကျပ် ၁၉၉သိန်း (အလျှော့အတင်းမရှိ)၊
ဆက်သွယ်ရန် ဖုန်း-၀၉-၄၃၀၅၅၀၀၀

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်း-၂၂)
မူဆယ်ခရိုင်တရားရုံးတော်၌
၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၇နှင့် ဆက်သွယ်သည့်
၂၀၁၂ခုနှစ် တရားမဇာရီမှုအမှတ်-၇

ဒေါ်လှလှခိုင်
ကမတ/၂၉၊
ကောင်းမှုတုံရပ်ကွက်၊ မူဆယ်မြို့
နှင့် ၁။ ဒေါ်ညွန့်ညွန့်ရီ
အမှတ် ၆၄(က)၊ သဇင်လမ်း၊
နယ်မြေ(၁)၊ ရပ်ကွက်(၁)၊ လားရှိုးမြို့
၂။ ဒေါ်နော်ဒီးနာ
အမှတ် (ဟ/၁၀၀၂)၊
ဟိုမွန်ရပ်ကွက် (၄၅)ကုန်း၊ မူဆယ်မြို့
၃။ ဒေါ်ဆိုင်းတောင်
(ယခင်နေရပ်လိပ်စာ)
ခရစ်ယာန်ရပ်ကွက်၊ မူဆယ်မြို့
(ယခုနေရပ်လိပ်စာမသိပါ)

တရားနိုင် **တရားရှုံးများ**

အမှတ် (၃)တရားရှုံး ဒေါ်ဆိုင်းတောင် (ယခင်နေရပ်လိပ်စာ)၊ ခရစ်ယာန်ရပ်ကွက်၊ မူဆယ်မြို့နေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၇တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်လှလှခိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၃ခုနှစ် မတ် ၂၅ရက် (၁၃၇၄ခုနှစ် တပေါင်းလဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၁နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၂၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သန်းလွင်)
ဒုတိယခရိုင်တရားသူကြီး
မူဆယ်ခရိုင်တရားရုံး

ကြော်ငြာ

JAVA

Gusto
IT Professional Institute

Software Solution with JAVA

No. 26, 14th Street (Lower block), Lanmadaw Tsp; Yangon.Ph: 09-73031302, 01-224496

ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍ သတိပေးတားမြစ်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၅/၇ပြဟ္မစိုရ်လမ်း၊ (၇)ရပ်ကွက်၊ အမှတ်(၁၇/ခ)နေ ဦးလှထွန်း ၁၁/တကန(နိုင်)၀၀၂၈၁၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ငွေဘီ

အထက်ပါ ကုန်အမှတ်တံဆိပ်အမှတ်အသားသည် အထက်အမည်ပါ ကျွန်ုပ်မိတ်ဆွေ ဦးလှထွန်း တစ်ဦးတည်းက မိမိမူပိုင်တံဆိပ်အမှတ်အသားအဖြစ် ရန်ကုန်တိုင်းဒေသကြီး စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် (၄/၃၅၁၆/၂၀၀၃)ဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။ အဆိုပါအမှတ်တံဆိပ်ဖြင့် ကျား၊ မ၊ ကလေးဖိနပ် အမျိုးမျိုးတွင်လည်းကောင်း၊ ဖိနပ်အမျိုးမျိုးစသော ပစ္စည်းများထုပ်ပိုးရန်အတွက် ဘူးပုံစံ အမျိုးမျိုး၊ အိတ်အမျိုးမျိုး၊ သေတ္တာအမျိုးမျိုးတို့အပေါ်တွင် မိမိတစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြု၍ မြန်မာပြည်တစ်ဝန်းလုံးသို့ လက်လီလက်ကားဖြန့်ဖြူးရောင်းချလျက်ရှိနေပါသည်။

အထက်ပါကုန်အမှတ်တံဆိပ်ပါ ဖိနပ်များ၏ အမည်ကျော်ကြား လူသုံးများလာမှုများအား လူအချို့က အခွင့်ကောင်းယူ၍ အထက်ပါကုန်အမှတ်တံဆိပ်ကို ဆင်တူယိုးမှား၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှားပြုလုပ်၍လည်းကောင်း၊ ငွေအိုးအထူးချုပ်ဖိနပ်တံဆိပ်နှင့် ဆင်တူယိုးမှားတံဆိပ်ပြုလုပ်၍ ဈေးကွက်တွင် ဖြန့်ဖြူးရောင်းချနေခြင်းများအား မပြုလုပ်ကြပါရန် သတိပေးတားမြစ်လိုက်ပါသည်။ အတုပြုလုပ်၍ဖြစ်စေ ကုန်အမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ပုံတူကူးယူပြီးတုပခြင်းဖြင့်လည်းကောင်း၊ မထင်မရှား တုပ၍ သံတူကြောင်းကွဲစာလုံးများသုံးစွဲ၍ ဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း မပြုလုပ်ပါရန်နှင့် အကယ်၍ လိုက်နာခြင်းမရှိပါက ဦးလှထွန်း၏အကျိုးစီးပွား ထိခိုက်နစ်နာမှုအတွက် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ကျော်စိုး (စဉ်-၁၆၇၃၇)
B.A (Hist:), M.A (Q) II, H.G.P, D.B.L, D.M.L, D.A.Psy, B.D.S 4/2001
စီးပွားရေးနှင့် ဥပဒေရေးရာအကြံပေးဥပဒေအကျိုးဆောင်
အိမ်-အမှတ် (၈၄၄-ခ)၊ စာဂ ၁၆လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း - ၀၉-၇၃၂၀၈၅၁၃၊ ၀၉-၈၆၁၈၀၄၅၊ ၀၉-၇၃၁၇၁၉၂၅

ဒေါ်ဥမ္မာမြင့်(စဉ်-၈၃၅၁)
LL.B, D.B.L
(တရားလွှတ်တော်ရှေ့နေ)
ရုံး-အမှတ် (၉၉၉)၊ သစ္စာလမ်း(ဥပဒေရုံးအနီး) (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် တက/၄၈၁၈ ဟွန်ဒါဒရင်း ယာဉ်လက်ဝယ်ရှိသူ ဦးစက်တင် ၁၃/တကန(နိုင်)၁၃၀၈၄၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီး**

ကန့်ကွက်နိုင်ပါသည်

တောင်ကြီးမြို့၊ ကန်ရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၂)၊ အကွက်အမည်- ကန်ရှေ့ရပ်၊ ဦးပိုင်အမှတ် ၇၃၊ မြေကွက်အမှတ် ၁၁၁၊ ဧရိယာ ၀ဒသမ၁၁၅ဧကေ၊ မြေငှားဂရန်အမှတ်တွဲ အမှတ်(၂၁၀)၂၀၀၂/၂၀၀၃ဖြင့် ဒေါ်ခင်စန်းမေ(ခ)ဘဂဝမ်းကော ၁၃/တကန(နိုင်)၁၃၄၃၅၇+ဒေါ်ရှုဘီဆင်း ၉/မကန(နိုင်)၀၂၈၉၁၄တို့ ပိုင်ဆိုင်သော မြေငှားဂရန် ပျောက်ဆုံးသွားပြီး အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ၁၅ရက်အတွင်း တောင်ကြီးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း။
ဦးခင်မောင်ညွှန့်-ဒေါ်ခင်သန်းဝင်း

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၃၀၊ မြေကွက်အမှတ် ၁၄၆၅၊ မြေကွက်တည်နေရာအမှတ် ၁၄၆၅၊ (၁၃၀) ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် ဦးကျော်မြင့် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးကျော်မြင့် NBN-၁၆၅၁၇၃ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် $\frac{၉၄၁၂}{၃၁\cdot၅\cdot၁၁}$ ဖြင့် SP ရသူ ဦးစိုးမြင့်ထယ် ၁၂/ ဒဂရ(နိုင်) ၀၀၇၀၄၁ က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်မြေပုံကူး လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ ကာယဉာဏရပ်ကွက်၊ ဂရန်ပေးရေးစီမံချက်ရှိ မြေတိုင်းရပ်ကွက် အမှတ် ၅၃၂/စီ၁၊ မြေကွက်အမှတ် ၄/၃၆၀၊ ကာယ ၁၂ လမ်းရှိ တည်နေရာမြေကွက်အား ငယ်စာရင်းအမည်ပေါက်များ ဖြစ်ကြသည့် ဒေါ်သန်းသန်းချို ၁၂/ဒဂန(နိုင်)၀၀၄၂၉၇ နှင့် ဒေါ်စိုးရီ ၇/ပခန(နိုင်)၀၃၂၇၁၆ တို့က နှစ် ၆၀ မြေငှားဂရန် လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ သာစုကန်စက်မှုဇုန်ဖော်ထုတ်ရေးအဖွဲ့မှ ကရဏာကြေးငွေများထုတ်ပေးလျက်ရှိရာ စက်မှုဇုန်မြေအတွင်းပါဝင်ခဲ့သည့် မူလသာစုကန်ကျေးရွာ၊ ကွင်းအမှတ် ၅၅၃(၃)၊ ဦးပိုင်အမှတ်(၂၇)ရှိ ဦးတင်အောင် အမည်ပေါက် လယ်ခွန်ပြေစာထွက်ရှိထားသော လယ် ၇ ဒသမ ၆၈ ဧကအား ဖခင်ဖြစ်သူ ဦးတင်အောင်မှ အမှန်တကယ်လုပ်ကိုင်ခဲ့ကြောင်းနှင့် ဖခင် ဦးတင်အောင်နှင့် မိခင်တို့မှာ ကွယ်လွန်ခဲ့ပြီးဖြစ်၍ ကျန်ရှိခဲ့သည့် သမီးများဖြစ်သော ဒေါ်သက်သက်အေး၊ ဒေါ်လှဲ့လှဲ့ရည်၊ ဒေါ်စိုးစိုးမာတို့ကိုယ်စား ဒေါ်သက်သက်အေး ၁၂/ရပသ(နိုင်)၀၂၀၀၆၅ က ကရဏာကြေးပေးအပ်ရန်အတွက် တင်ပြထားခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ကရဏာကြေးပေးအပ်ခြင်းအား သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မာလွင်(LL.B, D.B.L)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)
ဖုန်း-၀၉-၅၁၈၉၆၈၉၊ ၀၉-၇၃၀၆၂၀၈၆

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ ဆင်မင်းအိမ်ရာ၊ တိုက်အမှတ် ၄ (ပထမထပ်)၊ အခန်း ၁၀၃၊ အကျယ်အဝန်း ပေ(၁၅×၆၀)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိတရားဝင်ပိုင်ဆိုင်သူဖြစ်သော ဒေါ်ခိုင် ၁/မကတ(နိုင်)၀၃၀၅၂၉ထံမှ ကျွန်ုပ်မိတ်ဆွေက တရားဝင်အရောင်းအဝယ်ပြုလုပ်၍ ငွေအပြီးအပြတ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါနေအိမ်တိုက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ယခုကြော်ငြာပါပြီးသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို အပြီးတိုင်ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသာလှိုင်
အထက်တန်းရှေ့နေ
အမှတ် ၃၉၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၄၉၃၇၆၊ ၀၉-၅၁၄၉၇၆၃

၂၃-၂-၂၀၁၃ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာ-အချပ်ပို(ဂ)တွင်ပါရှိသော ဒေါ်နော်မရီ၏ ကြေညာချက်အပေါ် ထပ်မံအသိပေးအကြောင်းကြား ရှင်းလင်းခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ လော်ကားလမ်း၊ အမှတ်(၄၄)နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လှမြင့် ၁၂/အလန(နိုင်)၀၂၄၄၃၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ထပ်မံအသိပေးအကြောင်းကြား ရှင်းလင်းအပ်ပါသည်။

အမှတ် ၆၀၊ မြေညီထပ်(ယာ)၊ သီတာလမ်း၊ သီတာရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင် ဦးစောအဲလ်ဘတ်(ခ)ဦးစောခိုအေးထံမှ ကျွန်ုပ်မိတ်ဆွေသည် ခိုင်လုံသော သက်သေခံစာရွက်စာတမ်းများနှင့်တကွ လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးစောအဲလ်ဘတ်နှင့် ဒေါ်ရင်ရင်မေတို့၏ အကြိမ်ကြိမ်တောင်းဆိုချက်အရ ကျွန်ုပ်မိတ်ဆွေသည် လူမှုရေးထောက်ရှု၍ အဆိုပါအခန်းကို (၆)လပြန်လည်ငှားရမ်းပေးခဲ့ခြင်းဖြစ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ အထက်ဖော်ပြပါတိုက်ခန်းဝယ်ယူစဉ်က လက်ရောက်ရရှိခဲ့သော ပိုင်ဆိုင်မှုခိုင်လုံသောစာရွက်စာတမ်းများအနက် ကြေညာသူ ဒေါ်နော်မရီသည် ဦးစောအဲလ်ဘတ်ထံ ပိုင်ဆိုင်မှုလွှဲပြောင်းထားသော စာရွက်စာတမ်းများအရ ဦးစောအဲလ်ဘတ်နှင့် ဒေါ်နော်မရီတို့ မောင်နှမတော်စပ်ကြောင်း ကျွန်ုပ်မိတ်ဆွေအနေဖြင့် ဝယ်ယူစဉ်ကတည်းက သိရှိခဲ့ပြီးဖြစ်ပါသည်။

ဦးစောအဲလ်ဘတ်အနေဖြင့် ကျွန်ုပ်မိတ်ဆွေပိုင် အဆိုပါတိုက်ခန်းအား ပြန်လည်လက်ရောက်မပေးအပ်လိုသော ၂၃-၂-၂၀၁၃ရက် ကြေညာချက်အပေါ် ဤကြော်ငြာပါ (၃)ရက်အတွင်း ပြန်လည်ရပ်သိမ်းပေးပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။ သို့ဖြစ်ပါ၍ လိုက်နာခြင်းမရှိပါက ကျွန်ုပ်မိတ်ဆွေအနေဖြင့် သက်ဆိုင်သူများအားလုံးကို ဥပဒေအရ အရေးယူဆောင်ရွက်ရတော့မည်ဖြစ်ကြောင်း ထပ်မံအသိပေးအကြောင်းကြားအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်မြတ်မြတ်စိုး
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၄၆၇)
အမှတ် (၇၁)၊ (၃/ခ)၊ ဌာနလမ်း၊ အလုံ၊ ရန်ကုန်၊ ဖုန်း-၀၉-၄၉၃၀၅၅၀၃၊ ၀၉-၇၃၀၄၃၁၅၂

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၄၉၆၊ မြေကွက်တည်နေရာ အမှတ် ၄၉၆၊ အလင်းရောင် ၄လမ်း၊ ကြည်စုရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးဝင်းကြည် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးဝင်းကြည်ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်သောင်းရီ ၁၂/ဒပန(နိုင်) ၀၀၅၂၄၉က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၆/အနောက်၊ မြေကွက်အမှတ် ၂၀၁ (က+ခ)၊ မြေကွက်တည်နေရာအမှတ် ၂၀၁ (က+ခ)၊ ဇမ္ဗူသီရိ ၆လမ်း၊ (၆)ရပ်ကွက်၊ သာကေတမြို့နယ် ဦးထွန်းကြည်အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးထွန်းကြည်(ဖခင်)နှင့် ဒေါ်စိန်ရီ(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁)ဒေါ်ခင်မြင့်ဦး၊ (၂)ဦးမောင်မောင်ကြီး၊ (၃)ဦးမောင်လင်း၊ (၄)ဦးမော်မော်အောင်တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ(၁၀၁၁/၁၃)ရရှိသူ ဦးချစ်ရွှေ ၁၄/မမက(နိုင်)၀၁၃၉၄၆က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ... ဦးတင်မောင်လ ... (ဒေါ်မြမြ) တို့၏ သား

မောင်သန့်ဖြိုးဝင်း

B.C.Sc. (Hons.) (UCSY), KTTI

Phyo Mobile Sales & Services, Phyo IT & Network Solution

နှင့်

ရန်ကုန်မြို့၊ ... ဦးအေးမြင့် ... ဒေါ်ခိုင်နှယ်ဦး ... တို့၏ သမီး

မချိုစုစုနိုင်

B.Sc. (Hons.) (Computing & Information Systems) (NCC, UK), B.C.Sc. (Hons.), M.C.Sc. (UCSY)

Information Officer (UNAIDS)

တို့၏ ၁၂-၂-၂၀၁၃ နေ့ Sedona Hotel (Grand Ballroom) တွင် ကျင်းပပြုလုပ်သည့် မင်္ဂလာဧည့်ခံပွဲ [illegible] ... SUCCESS Language Academy ... Managing Editor ... Sedona Hotel ... [illegible] ... ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
မောင်သန့်ဖြိုးဝင်း၊ မချိုစုစုနိုင်

ထိမ်းမြားမင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

မန္တလေးမြို့၊ မဟာမြိုင်ရပ်ကွက်နေ
ဒေါက်တာဦးအေးစိုး-ဒေါ်စဝ်ကြည်ထူး(အလ-ပြ၊ ငြိမ်း)တို့၏သားကြီး

ဒေါက်တာမျိုးမင်းသူ

M.B.,B.S(Mdy)

နှင့်

ရန်ကုန်မြို့၊ အင်းလျားလမ်းနေ
ဒေါက်တာခိုင်မြ(ပါမောက္ခချုပ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)-ဒေါ်ဝါဝါငွေး(ကထိက၊ ဌာနမှူး၊ ရုက္ခဗေဒဌာန၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်)တို့၏သမီးကြီး

ဒေါက်တာခိုင်ဒါလီ(ခ)ဖွေးဖွေး

M.B.,B.S(Mdy)

တို့၏ ၁၅-၂-၂၀၁၃ ရက်(သောကြာနေ့)တွင် ရန်ကုန်မြို့ မင်းကွန်းတိပိဋကနိကာယကျောင်းတော်ကြီး ရွှေရတုခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည့် ထိမ်းမြားမင်္ဂလာညှော်ခံပွဲ အခမ်းအနားတွင် စုလျားရစ်ပတ် လက်ထပ်ချီးမြှင့်ပေးပါသော ပါမောက္ခ ဒေါက်တာဦးတင့်ဆွေလတ်(ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်)နှင့်ဇနီး ဒေါ်နွဲ့တင် (CEO, Health Updates Journal)၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဒေါက်တာဇော်မြင့်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်ပညာဦးစီးဌာန၊ အောက်မြန်မာပြည်)နှင့်ဇနီးဒေါ်စန်းစန်းဝေ၊ မင်္ဂလာပန်းကြဲဖြန့်ပေးသော မဆုရည်မွန်၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းများ ကိုင်ဆောင် ပေးသော ဒေါက်တာဖြူထွေး၊ မခိုင်နဒီ၊ မင်္ဂလာဘိသေက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးရန်ပိုင်စိုးတို့အားလည်းကောင်း၊ ၂၂-၂-၂၀၁၃ရက် (သောကြာနေ့)တွင် မန္တလေးမြို့ Oriental House မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည့် မင်္ဂလာညှော်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊စက်မှုနှင့် လျှပ်စစ်ဝန်ကြီး ဒေါက်တာဦးမြင့်ကြူနှင့် ဇနီးဒေါ်နီလာ၊ မင်္ဂလာ လက်စွပ်ချီးမြှင့်ပေးပါသော ပါမောက္ခ ဒေါက်တာဦးတင်မောင်ဟန်(ဒုတိယပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်၊ မန္တလေး) နှင့် ဇနီးဒေါ်နွယ်နီခင်(ပါမောက္ခ၊ ဌာနမှူး၊ အင်္ဂလိပ်စာဌာန၊ မန္တလေးအဝေးသင်တက္ကသိုလ်)၊ မင်္ဂလာပန်းကြဲဖြန့်ပေးသော မတင်ထက်လွင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းများ ကိုင်ဆောင်ပေးသော မအေးနွဲ့ရည်ထွန်း၊ ဒေါက်တာခိုင်မြင့်မိုရ်ထွန်း၊ မင်္ဂလာသတို့သားအရံ ဒေါက်တာ ဇော်မျိုးထွန်း၊ မင်္ဂလာသတို့သမီးအရံ ဒေါက်တာဖြူဝင်းခိုင်၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသန့်ဇော်ဦး(လက်ထောက်ကထိက၊ ပြင်သစ်ဘာသာဌာန၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်)နှင့်တကွ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ အဘက်ဘက်မှ ကူညီပံ့ပိုးပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ အားလုံးတို့ကို ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာမျိုးမင်းသူ-ဒေါက်တာခိုင်ဒါလီ(ခ)ဖွေးဖွေး

New Downtown Development Public Limited

ဖွဲ့စည်းတည်ထောင်ပြီးကြောင်း ကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသည် ကုမ္ပဏီမှတ်ပုံတင် လက်မှတ်အမှတ် ၄၀၇၆/၂၀၁၂-၂၀၁၃ (၂၈-၁၂-၂၀၁၂)ဖြင့် New Downtown Development Public Limited အား အများပိုင်ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

၎င်းအများပိုင်ကုမ္ပဏီသည် Real Estate, Construction, Infrastructure Investment လုပ်ငန်းများ စသည်တို့ကို ဆောင်ရွက်လုပ်ကိုင်မည်ဖြစ်ပြီး နိုင်ငံတော်နှင့် ပြည်သူများအကျိုးရှိမည့် အခြားလုပ်ငန်းများကိုလည်း ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံသူများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်၍ ဖွဲ့စည်းတည်ထောင်ခြင်းဖြစ်ပါသည်။

New Downtown Development Public Limited.

လိပ်စာ-အမှတ် (၂၅၆/၂၆၀)၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၁-၃၇၃၃၈၈

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅က/၄၅၃၆ Toyota Litece YM - 55 အမျိုးအစား ပစ်ကပ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဥမ္မာထွန်း(ခ)ဖီဂိုဇာခါထွန်း ၁၂/ပဘတ(နိုင်)၀၂၁၁၉၄ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ရန်ကုန်မြို့**

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၃ခ/၂၈၀၀၊ မာဇဒါယာဉ်လက်ဝယ်ရှိသူ ဦးဝင်းကို ၁၃/ တကန(နိုင်) ၀၂၁၃၁၆က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊တောင်ကြီး**

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဂ/၃၉၉၇ Toyota Mark II အမျိုးအစားဆလွန်း ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်စိုး ၁၂/ရကန(နိုင်) ၀၂၈၈၀၁ကယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

ဥတုရာသီ တောကိုမှီ၍

ကြော်ငြာ

ဦးလှမောင်
အသက်(၉၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ဒိတ်ကုန်းကျေးရွာနေ (ဦးခိုင်သင်း-ဒေါ်ရွှေဖီ)တို့၏သား၊ အမှတ် ၁၉၈၊ စက္ကဝတ်၄လမ်း၊(ဈ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေ(ဒေါ်စောရီ)၏ခင်ပွန်း၊ ဦးမောင်မောင်ကြည်-(ဒေါ်ဝင်းကြည်၊ ဝင်းဝင်းအောင်ဆောက်လုပ်ရေး)၊ ဦးတိုးလုံ(ဒုတိယအထွေထွေမန်နေဂျာ၊ ငြိမ်း၊ စက်မှု-၁၊ အဖွဲ့မှူး၊ စီးပွားရေးဌာန၊ ပြည်ခိုင်ဖြိုးပါတီဌာနချုပ်)-ဒေါ်အေးမြင့်၊ ဦးဟန်ထွန်း-ဒေါ်စန်းစန်းမြင့်၊ ဦးသန့်ဇင်(No,1 Oiler S.H, Shipping)-ဒေါ်ငွေငွေဝင်းတို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၇ယောက်တို့၏အဘိုး၊ မြစ် ၂၀ တို့၏ဘိုးဘိုးကြီးသည် အမှတ် ဖ၀၃၊ ရန်ကင်းဈေးကွန်ဒို၊ ဆရာစံလမ်း၊ ရန်ကင်းမြို့နယ်နေအိမ်၌ ၂-၃-၂၀၁၃ရက် (စနေနေ့) ညနေ ၅း၁၅နာရီတွင် ကွယ်လွန်သွားပါသည်။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါက်တာနေလင်း (မန္တလေး)
အသက်(၇၉)နှစ်

မန္တလေးမြို့နေ (ဦးဘရှင်-ဒေါ်လွန်း)တို့၏သားထွေး၊ ထားဝယ်မြို့နေ (ဦးဉာဏ်လှိုင်-ဒေါ်သိန်းတင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဝေဇယန္တာလမ်း၊ သီရိဂုဏ်အိမ်ရာ၊ အမှတ် 5/46နေ ဒေါ်သန်းရီ၏ခင်ပွန်း၊ ဦးလင်းနိုင်ဦး (C/O) APL-ဒေါ်မွန်သီတာ၊ (ဒေါက်တာသန်းနိုင်လင်း)၊ ဦးလင်းထွန်း(C.MELCHERS)-ဒေါ်မာလာလင်း(Myanmar Paper & Stationery Mart Ltd.)၊ ဦးသန့်စင်လင်း(Myint & Associates)တို့၏ဖခင်၊ မနှင်းအိန္ဒြေလင်း(G-XI၊ အထက-၁၊ ဒဂုံ)၊ မောင်အာကာလင်းထွန်း(G-IX, TTC)၊ မမိုးဦးခင်ခင်(G-XI၊ အလက-၁၊ ဒဂုံ)တို့၏ဘိုးဘိုးသည် ၂-၃-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၂း၁၇နာရီတွင် သုခကမ္ဘာဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၁၃ ရက် (တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၈-၃-၂၀၁၃ရက်(သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာဦးနေလင်း
အသက်(၇၉)နှစ်

Myanmar Paper & Stationery Mart Ltd. မှ ဒေါ်မာလာလင်း၏ဖခင် ဒေါက်တာဦးနေလင်းသည် ၂-၃-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

M. P.S Mart

ဝန်ထမ်းများ

ဦးစိုးနိုင်
ဦးစီးမှူး(ငွေရေးကြေးရေးအဖွဲ့အစည်းများ ကြီးကြပ်စစ်ဆေးရေးဌာန) မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗားကရာလမ်း၊ တိုက် ၁၅၆ (ငါးလွှာ)၊ ၁၀(က)နေ (ဦးကျင်ဖေ-ဒေါ်သန်းကြိုင်)တို့၏သား၊ (ဦးထွန်းရှိန်)-ဒေါ်မြမြ၊ ဒေါ်မြင့်မြင့် (လ/ထအတွင်းရေးမှူး၊ ငြိမ်း၊ မြန်မာနိုင်ငံစာစစ်အဖွဲ့)၊ ဦးအေးကြူ-ဒေါ်တင်တင်ရီတို့၏မောင်၊ တူ၊တူမ ကိုးယောက်တို့၏ဦးလေး၊ မြေး ၁၇ယောက်တို့၏အဘိုးလေး၊ မြစ်သုံးယောက်တို့၏ဘိုးဘိုးကြီးသည် ၁-၃-၂၀၁၃ရက် (သောကြာနေ့) ည ၁၀း၂၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၁၃ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးစိုးနိုင်
ဦးစီးမှူး(ငွေရေးကြေးရေးအဖွဲ့အစည်းများ ကြီးကြပ်စစ်ဆေးရေးဌာန) မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗားကရာလမ်း၊ တိုက် ၁၅၆ (ငါးလွှာ)၊ ၁၀(က)နေ (ဦးကျင်ဖေ-ဒေါ်သန်းကြိုင်)တို့၏သား၊ (ဦးထွန်းရှိန်)-ဒေါ်မြမြ၊ ဒေါ်မြင့်မြင့် (လ/ထအတွင်းရေးမှူး၊ ငြိမ်း၊ မြန်မာနိုင်ငံစာစစ်အဖွဲ့)၊ ဦးအေးကြူ-ဒေါ်တင်တင်ရီတို့၏မောင်၊ ဗိုလ်မှူးကြီးသန့်ဇင်-ဒေါ်ခင်မမကျော်၊ ဦးဇာနည်ကျော်-ဒေါ်အေမီကျော်၊ ဒေါ်ဥမ္မာကျော်(ဒု-ညွှန်ကြားရေးမှူး၊ ဘဏ္ဍာရေး၊ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)တို့၏ဦးလေး၊ မခင်သီတာဇင်၊ မစုသစ္စာဇင်၊ မမြတ်သဒ္ဒါကျော်တို့၏အဘိုးလေးသည် ၁-၃-၂၀၁၃ရက်(သောကြာနေ့)ည ၁၀း၂၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၃-၃-၂၀၁၃ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ခင်စီ (ဈေးတာဝန်ခံ၊ ဒဂုံရွှေပြည်ဈေး)
ဈေးများဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ရွှေပြည်သာလမ်း၊ အမှတ် ၈၆နေ (ဦးမောင်ငြိမ်း-ဒေါ်သောင်းရင်)တို့၏သမီး၊ ကိုသန်းနိုင်ငွေး-မဝင်းသန္တာ၊ကိုပိုက်စိုးဦး-မဝင်းမာလာ၊ကိုတေဇာဝင်းထွန်း-မခင်သက်သက်ဝေ၊ မမြင့်မိုခင်တို့၏မိခင်၊ မယွန်းယမုံ၊ မခင်ထိပ်ထားကို၊ မစံသစ္စာ၊ မောင်မင်းသွေးမြတ်တို့၏အဘွားသည် ၂-၃-၂၀၁၃ရက် (စနေနေ့) နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

မောင်စိုးပိုင်ထူး
(ပထမတန်း၊ အမက-၁၀၊ စမ်းချောင်း)
အသက်(၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရွှေပြည်အေးလမ်း၊ အမှတ် ၁၂နေ ဦးစိုးမြင့်-ဒေါ်ခင်ပြုံးရွှေတို့၏မြေးငယ်၊ ဦးဆန်းဝင်း-ဒေါ်ချစ်ချစ်စိုးတို့၏တစ်ဦးတည်းသောသားသည် ၂-၃-၂၀၁၃ရက် (စနေနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၁၃ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ချိုင်
အသက်(၈၆)နှစ်

အမေရိကန်နိုင်ငံ၊ လော့စ်အိန်ဂျလိစ်မြို့နေ ဦးဘဝင်း(ခ)Aw Teong Whet ၏ဇနီး၊ ဒေါက်တာဦးကျော်ထွန်း-(ဒေါ်မြရင်)၊ ဒေါက်တာဒေါ်မြခင်၊ ဒေါက်တာဦးမောင်စိန်-ဒေါက်တာဒေါ်သန်းသန်းမြင့်၊ ဒေါက်တာဦးစိုးဝင်း-ဒေါ်ကေသီ၊ ဒေါက်တာဦးမျိုးထွန်းဝင်း-ဒေါ်ခင်စန်းမြိုင်၊ ဦးမင်းမော်-ဒေါက်တာဒေါ်မြဝင်း(Myanmar Life Hotel)တို့၏မိခင်၊ ဒေါက်တာ Tommy ကျော်ထွန်း-Christina၊ ဒေါက်တာ Jimmy ကျော်ထွန်း၊ ဒေါက်တာ Julie ကျော်ထွန်း၊ Jimmy Hu၊ Oscar Hu၊ George Hu၊ Alex Aw၊ မမြစန္ဒာမင်း(ခ)Chi Chi၊ မမြနန္ဒာမော်(ခ)Non Nonတို့၏အဘွားသည် အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့၌ ၂၇-၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ဒေသစံတော်ချိန် နံနက် ၆း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၁၃ရက်တွင် အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာဦးနေလင်း
အသက်(၇၉)နှစ်

Myanmar Paper & Stationery Mart Ltd. မှ ဒေါ်မာလာလင်း၏ဖခင် ဒေါက်တာဦးနေလင်းသည် ၂-၃-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးကြဲခင်၊ ဦးသူရိန်ဝင်း၊ ဦးကံထူးမောင်

မိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာဦးနေလင်း
အသက်(၇၉)နှစ်

Myanmar Paper & Stationery Mart Ltd. မှ ဒေါ်မာလာလင်း၏ဖခင် ဒေါက်တာဦးနေလင်းသည် ၂-၃-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

Myanmar Paper & Stationery Mart Ltd.

ဝန်ထမ်းများ

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်စန်းစန်းရီ (ခြောက်ရွာ၊ ဟင်္သာတ)
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ သစ္စာလမ်းမကြီး၊ အမှတ် ၇၊ သစ္စာဥယျာဉ်အိမ်ရာနေ (ဦးတင်ကြီး-ဒေါ်ရွှေတင့်)တို့၏သမီး၊ (ဦးလှရွှေ-ဒေါ်ချို)တို့၏သမီးချွေးမ၊ ဦးချစ်ထွန်း၊ ဒေါ်မြစောတို့၏ညီမ၊ ဦးအေးကျော်လွင်(ညွှန်ကြားရေးမှူး၊ ငြိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၏ဇနီး၊ မချိုဦးလွင်(Samsung Myanmar Branch Office)-ဗိုလ်ကြီးငွေစိုးယဉ်(ငြိမ်း)၊ ကိုလှဘုန်းလွင်-မထွေးထွေးအေး၊ မထွေးထိပ်တင်လွင်(နိုင်ငံခြားရေးဝန်ကြီးဌာန)၊ ဗိုလ်မှူးဇော်မင်းလွင်(တပ်မတော်လေ)-မစိုးမြတ်ဝင်း၊ ကိုကျော်မင်းလွင်(DKSH Myanmar)-မဝင်းလဲ့လဲ့ကြည်(Naing Group Construction) တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၂-၃-၂၀၁၃ရက် (စနေနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၁၃ရက်(တနင်္လာနေ့)နံနက် ၁၁း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးဝင်းမောင်(ခ) William Khin
(စိန့်ပေါလ်ကျောင်းသားဟောင်း)
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်၊ ကျောက်မြောင်း၊ ဣန္ဒာသယလမ်း၊ အမှတ် ၁၃နေ (ဦးစံခင်-ဒေါ်အလှ)တို့၏သား၊ ဒေါ်ဘေဘီ၏မောင်၊ ဒေါ်တင်မျိုးနွယ်၊ ဦးကျော်ထွန်းတို့၏အစ်ကို၊ ဒေါ်လှသိန်း(မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ငြိမ်း)၏ခင်ပွန်း၊ ဦးမျိုးမင်းမောင်-ဒေါ်နန်းသန်းသန်းထွေး (ခေတ္တ-စင်ကာပူ)၊ ဦးသူရအောင်-ဒေါ်နီလာထွန်း (ခေတ္တ-ယူကေ)တို့၏ဖခင်၊ အိမ့်ဆွဲလွဲမောင်၊ ဟင်နရီစိုး၊ ဖွဲ့ဆက်သူထွန်းတို့၏အဘိုးသည် ၂-၃-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၁၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၇နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးသန့်ဇင်(ခ) ဦးသက်ရှည်ထူး
(ကျောက်တံတားမြို့နယ်)
အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆူးလေဘုရားလမ်း၊ အမှတ် ၁၈၀နေ (ဦးသန့် - ဒေါ်စောအိ) တို့၏သား၊ (ဦးမောင်ခင် - ဒေါ်တင်ရီ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ အင်းဝလမ်း၊ အမှတ်၃၀(ပထမထပ်)နေ ဒေါ်သန်းသန်းချို၏ခင်ပွန်း၊ ဦးခင်မောင်-ဒေါ်အေးအေးသန့် (စိုးကွန်ပျူတာ)၊ (ဦးဉာဏ်မြင့်ထွန်း-ဒေါ်ခင်မျိုးသန့်)တို့၏မောင်၊ဦးခွန်ရွှေမင်း-ဒေါ်နှင်းနှင်းအိ၊ ဦးအောင်ရဲထွဋ်-ဒေါ်အိအိမွန်၊ဦးဉာဏ်မင်းထူးတို့၏ဖခင်၊ မောင်ခွန်မင်းညီ၊ မမေချမ်းမြေ့၊ မသန့်သစ်သစ်ဇင်တို့၏ အဘိုးသည် ၁-၃-၂၀၁၃ရက်(သောကြာနေ့) မွန်းလွဲ ၁း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးသန်းလွင်
အသက်(၅၅)နှစ်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိဂသီ၊ လမ်း၂၀၊ အမှတ် ၃၀၇နေ (ဦးတင်မြင့်-ဒေါ်မြရီ)တို့၏သား၊ (ဦးအောင်ဒွန်း)-ဒေါ်မြခင်တို့၏သားသမက်၊ ဒေါ်အေးသန်း၏ခင်ပွန်း၊ ကိုဇော်လင်းအောင် - မတင်ဇာလှိုင်၊ ကိုထိန်ဝင်း-မနေဇာလှိုင်၊ မမြနန္ဒလှိုင်၊ မောင်ရှိုင်းမောင်မောင်လွင်တို့၏ ဖခင်သည် ၁-၃-၂၀၁၃ရက်(သောကြာနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၇-၃-၂၀၁၃ရက် (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်တင်အေး (စစ်တွေ)
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ (၄၇)ရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ် ၅၆၉နေ (ဦးမောင်စော-ဒေါ်စိန်ဖြူ)တို့၏သမီး၊ ဦးဦးမောင်ကြီး(မြို့နယ်မန်နေဂျာ၊ ကုန်သွယ်/လယ်ယာ၊ ငြိမ်း)-ဒေါ်နေပြည်သန်း၊ (ဦးတင်ဝင်း၊ ဆိပ်ကမ်းမှူး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-ဒေါ်အေးမေ (ကျောင်းအုပ်၊ မ-၆၊ တာမွေ၊ ငြိမ်း)၊ (ဦးလှထွန်းစိန်၊ IWT)-ဒေါ်တင်စောရွှေ၊ (ဦးစံကြီး-ဒေါ်အေးသိန်းနု)၊(ဒေါ်မြမေ)တို့၏မိခင်၊မြေး ၁၆ယောက်တို့၏အဘွားသည်ရှင်၊ မြစ် ၁၆ ယောက်တို့၏ဖီးဖီး၊(ဦးသာထွန်းအောင်)၏ဇနီးသည် ၂-၃-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၁၂း၂၅နာရီတွင်ရန်ကုန်မြို့ OSC အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၄-၃-၂၀၁၃ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်အမာ (မြင်းကကုန်း)
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ ၃၁လမ်း(အလယ်) အမှတ် ၁၂၂ (ပထမထပ်)နေ (ဦးသန်း-ဒေါ်ငွေကျင်၊ မြင်းကကုန်း)တို့၏သမီး၊ (ဦးသိန်းထွန်း)-ဒေါ်ဟန်စော၊ (ဦးဝင်းတင်-ဒေါ်ကြည်)၊ (ဦးတင်ဦး-ဒေါ်အမာညို)၊ (ဦးစိုးညွန့်)-ဒေါ်နုနုရီ၊ (ဦးညွန့်အေး) - ဒေါ်ခင်အေးမူတို့၏ညီမ၊အစ်မ၊ ဦးမြသောင်း (ခေတ္တရာ ပုံနှိပ်တိုက်)၏ညီမသည် ၂-၃-၂၀၁၃ရက် (စနေနေ့) နံနက် ၈း၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၁၃ရက်(တနင်္လာနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [နေအိမ် ၃၁လမ်း(လယ်)၊ အနော်ရထာလမ်းမ ထိပ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

ဒေါ်အေးအေးသော်(ညောင်ဦး)
အလယ်တန်းပြဆရာမ(ငြိမ်း)
အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ ကောက်လှိုင်လမ်းသွယ်(၂)၊တိုက် ၁၆၃၊ အခန်း ၃နေ (ဦးဘသော်-ဒေါ်သိန်းရင်)တို့၏သမီး၊ (ဦးမြင့်သိန်း-ဒေါ်သိန်းကြည်)တို့၏သမီးချွေးမ၊ ဦးလှမြင့်-ဒေါ်ခင်လှိုင်သော်တို့၏ညီမ၊ ဦးလှနိုင်သိန်း (ခေတ္တ-QATAR)၏ဇနီး၊ ဦးထင်လင်းနိုင်(MSC. Crociere) (Italy)-ဒေါ်အိသဉ္ဇာအောင်(ခေတ္တ-UAE)၊ မယမင်းနိုင် (ခေတ္တ-UAE)၊ မသိမ့်သဉ္ဇာနိုင် (Summit Parkview Hotel)တို့၏မိခင်သည် ၁-၃-၂၀၁၃ရက်(သောကြာနေ့) နံနက် ၈း၄၀နာရီတွင် အောင်ရတနာဆေးရုံ၌ကွယ်လွန်သွားပါ၍၅-၃-၂၀၁၃ ရက် (အင်္ဂါနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများမွန်းလွဲ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

မောင်မင်းအောင်
(T.H.S) စက်မှုကျောင်း
အသက်(၃၃)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၅)ရပ်ကွက်၊ ကျောင်းလမ်း၊ တိုက် ၂၅၂၊ အခန်း ၆နေ (ဦးလွန်းမောင်)-ဒေါ်မြကျင်၏မြေး၊ ဦးဝင်းငွေ-ဒေါ်ကြည်လှတို့၏သား၊ ဧရာဝတီတိုင်းဒေသကြီး၊ညောင်တုန်းမြို့နယ်၊ငှက်ပျောကျွန်းကျေးရွာနေ ဦးမောင်မောင်-(ဒေါ်အုံးမြင့်)တို့၏သားသမက်၊ ကိုသိန်းဇော်ဦး-မစန္ဒာဝင်းတို့၏ညီ၊မောင်၊ မမြစန်းကြည်၊ မောင်ရန်နိုင်၊ မဆုပြည့်စုံတို့၏အစ်ကိုကြီး၊ မမိုးမိုးခိုင်၏ခင်ပွန်း၊ မသိမ့်သိမ့်သူ၏ဖခင်သည် ၂-၃-၂၀၁၃ရက် (စနေနေ့) နံနက် ၁၂း၀၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (တိုက် ၂၅၂/၆၊ ကျောင်းလမ်း၊ သုဝဏ္ဏ နေအိမ်မှကားများ နံနက်၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်လင်ရဲဟွာ(ခ)ဒေါ်ကောက်ပို့
(၉၉၉)လျှပ်စစ်ပစ္စည်းနှင့်(၉၉၉)အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး
အသက်(၈၁)နှစ်

ဖျာပုံမြို့၊ (၄)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၂၈နေ ဦးဟောဖစ်၏ဇနီး၊ ဦးချိန်ဟုတ်-ဒေါ်ပိုးတီ၊ ဦးချိန်လှိုင်(ခ)ဦးချစ်နိုင်၊ ဦးထွန်းလင်း-ဒေါ်စန်းစန်းယု၊ ဦးကျော်သင်း-ဒေါ်ခင်မာဝင်းတို့၏မိခင်၊ မောင်ကျော်ကျော်ထိုက်၊ မဖြူဖြူသန့်၊ မောင်ရဲကိုနိုင်၊ မအေးအိအိခိုင်၊ မခင်စိုးသူ၊ မောင်ဉာဏ်လင်းထက်၊ မဘေးဘေး၊ မနှင်းပွင့်သူ၊ မောင်ကျော်မင်းထက်၊ မထက်မိုးလှိုင်၊ မောင်စွမ်းရည်ထွန်းတို့၏အဘွားသည် ၂-၃-၂၀၁၃ရက်(စနေနေ့)နံနက် ၁၂း၀၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၁၃ရက်(တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် ဖျာပုံမြို့တရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးသိန်းညွန့်အောင် (ကျောက်တန်းမြို့)
အလယ်တန်းပြ(ငြိမ်း)
အထက(၃)ဗိုလ်တထောင်
အသက်(၆၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ အလယ်ပိုင်းရပ်ကွက်၊ အမှတ် ၃၀၊ မင်းလမ်းနေ (ဆရာကြီးဦးအောင်တင့်-ဒေါ်တင်ညွန့်)တို့၏သား၊ (ဦးသိန်းအောင်)-ဒေါ်အေးလှိုင်တို့၏သားသမက်၊ဒေါ်ရင်ရင်သိန်း(ကျောင်းအုပ်ဆရာမကြီး၊ အလက မြို့မ၊ ကျောက်တန်း)၏ခင်ပွန်း၊ (ဦးဟန်ဆွေ-ဒေါ်မြကြည်)၊ ဦးအုံးမြင့်-ဒေါ်တင်မေ၊ (ဦးငွေထွန်း-ဒေါ်အေးလှမြင့်)တို့၏ညီ၊ ဦးသိန်းညွန့်မောင်၊ ဦးတိုးညွန့်အောင်-(ဒေါ်မြမြသန်း)၊ ဦးလှမျိုးမြင့်အောင်၊ ဒေါ်ခင်မေသန့်(ကျန်းမာရေးဆရာမကြီး၊ မိခင်ကလေးကျန်းမာရေးဌာန၊ ကျောက်တန်း)၏အစ်ကိုသည် ၁-၃-၂၀၁၃ရက် ည ၇း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၃ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ကျောက်တန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးသန်းမောင် (ရဲမှူး၊ ငြိမ်း)
(ရွှေပေါက်ကံမြို့သစ်)
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၃)ရပ်ကွက်၊ ရာဇဓိရာဇ်လမ်း၊အမှတ်၉၀နေ ဦးဖိုးရင်-(ဒေါ်အေးမြိုင်)တို့၏သား၊ (ဒေါ်ရွှေပွား)၊ ဒေါ်ခင်ခင်ဝင်း (အထက-၁၊ မြောက်ဥက္ကလာ)၏ခင်ပွန်း၊ ဒေါ်အေးအေးမူ (ဘီးလင်း အမှတ်-၂၂၊အကြီးစားစက်ရုံ)၊ ဗိုလ်ကြီးကျော်သူရ(ငြိမ်း) (ဌာနမှူး၊ ပြည်သူ့ဆက်ဆံရေးဌာန၊ ပြည်ခိုင်ဖြိုးဌာနချုပ်ရုံး၊ နေပြည်တော်) - ဒေါ်နွယ်နီအောင်၊ ဦးကျော်ဇေယျ(အေအီး၊ ရေအားလျှပ်စစ်စီမံကိန်း၊ တောင်ငူမြို့)-ဒေါ်ဖြူဖြူသိန်း၊ မကောင်းမြတ်ဝေ (ပထမနှစ်၊ ဇီဝဓာတု)တို့၏ဖခင်၊ မောင်မြတ်ထွဋ်ကျော်၊ မောင်ရဲရင့်ဖေ၊ မောင်စွမ်းရည်၊ မောင်သုထက်ထွန်း၊ မလရိပ်သံသာတို့၏အဘိုး ဦးသန်းမောင်(ရဲမှူး၊ငြိမ်း၊ ကြိုးမဲ့ယာဉ်ထိန်းဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့)သည် ၁-၃-၂၀၁၃ရက် ညနေ၅း၅၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်သွားပါ၍၃-၃-၂၀၁၃ရက်မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများနံနက်၁၀း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဲမှူးသန်းမောင် (ငြိမ်း)
(ရွှေပေါက်ကံမြို့သစ်)
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၃)ရပ်ကွက်၊ ရာဇာဓိရာဇ်လမ်း၊ အမှတ် ၉၀နေ ဦးဖိုးရင်-(ဒေါ်အေးမြိုင်)တို့၏သား၊ (ဦးမြဟန်-ဒေါ်ကြွေ)တို့၏သားသမက်၊ (ဒေါ်ရွှေပွား) - ဒေါ်ခင်ခင်ဝင်း (အထက-၁၊ မြောက်ဥက္ကလာပ)တို့၏ခင်ပွန်း၊တကကမြင့်ရွှေ(ငြိမ်း) - ဒေါ်အပု၊ ဒုရဲမှူးကြီးတင်-ဒေါ်အေးအေးလှိုင်၊ ဦးပြုံး-ဒေါ်မြသင်၊ ခွဲတကကသိန်းလှိုင်(ကပစ-၁)-ဒေါ်မြင့်မြင့်ကြည်၊ ဦးသိန်းဝင်း-ဒေါ်မြမြအေး၊ ဦးခင်မောင်လှ (ကထိက၊ အင်္ဂလိပ်စာဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)တို့၏အစ်ကိုကြီး၊ ဒေါ်အေးအေးမူ (အလုပ်ရုံစုမှူး၊ ကစစ-၂၂၊ ဘီးလင်း)၊ဗိုလ်ကြီးကျော်သူရ(ငြိမ်း)ဌာနမှူး၊ ပြည်သူ့ဆက်ဆံရေးဌာန၊ ပြည်ခိုင်ဖြိုးပါတီဌာနချုပ်(နေပြည်တော်) - ဒေါ်နွယ်နီအောင်၊ဦးကျော်ဇေယျ(ဦးစီးအရာရှိ၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ တောင်ငူ)-ဒေါ်ဖြူဖြူသိန်း၊ မကောင်းမြတ်ဝေ(ပထမနှစ်၊ ဇီဝဓာတု)တို့၏ဖခင်၊ မောင်မြတ်ထွဋ်ကျော်၊ မောင်ရဲရင့်ဖေ၊ မောင်စွမ်းရည်၊ မောင်သုထက်ထွန်း၊မလရိပ်သံသာတို့၏အဘိုးသည် ၁-၃-၂၀၁၃ရက် ညနေ ၅း၅၀ နာရီတွင်ကွယ်လွန်သွားပါ၍၃-၃-၂၀၁၃ ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများနံနက်၁၀း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးညွန့်ရွှေ
ညွှန်ကြားရေးမှူး(ငြိမ်း)
အကောက်ခွန်ဦးစီးဌာန
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရရိပ်သာ၊ တိုက် ၁၃၊ အခန်း ၄နေ(ဦးချစ်လှိုင်-ဒေါ်မိမိစိန်)တို့၏သား၊ (ဦးဘိုးတန့် - ဒေါ်စန်းရင်)တို့၏သားသမက်၊ ဦးဟန်ထွန်း-ဒေါ်ရီရီမြင့်၊ ဒေါက်တာဦးစန်းမောင်-ဒေါ်လှိုင်မိမိ၊ (ဗိုလ်မှူးစိန်လှိုင်)-ဒေါ်ခင်နှင်းလွင်၊ ဦးထူးလှိုင်-ဒေါ်အမာညို၊ ဗိုလ်မှူးမျိုးလှိုင်(ငြိမ်း)-ဒေါ်စုစုအောင်၊ ဒုတိယဗိုလ်မှူးကြီးကျော်ကျော်မိုး - ဒေါ်ခင်စန်းဝင်းတို့၏အစ်ကို၊ဒေါ်သီရိလှိုင်(ဌာနစုမှူး-၂၊နိုင်ငံခြားရေးဝန်ကြီးဌာန၊ နေပြည်တော်)-ဦးဇော်မိုးဟန်(Master, F-G)၊ ဒေါ်ခင်စန္ဒာဝင်း-ဦးချစ်ဖြိုးလှတို့၏ဖခင်၊မအေးမြတ်နိုးခင်(ခ)ဖီးဖီးနှင့် မယုကီချစ်(ခ)လုံးလုံးတို့၏အဘိုး၊ ဒေါ်ငွေသန်း၏ခင်ပွန်းသည် ၂-၃-၂၀၁၃ရက်(စနေနေ့) နံနက် ၈း၄၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၁၃ရက်(တနင်္လာနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၈-၃-၂၀၁၃ရက်(သောကြာနေ့)တွင်ရက်လည်ဆွမ်းကျွေးတရာတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်အေးစန္ဒာထွန်း
(Naing Family- မိုးကုတ်)
အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၅) ရပ်ကွက်၊ ကျောင်းလမ်း၊ တိုက်အမှတ် ၇၄၇၊အခန်းအမှတ်၂၀၂နေ(ဦးရွှေထွန်း)-ဒေါ်ထားကြည်တို့၏သမီး၊ ရန်ကင်းမြို့နယ်၊(၆)ရပ်ကွက်၊တိုက်အမှတ် ၂၃၄၊ အခန်း ၁နေ ဦးတင်စိန်-ဒေါ်ကျင်စိန်တို့၏သမီးချွေးမ၊ဒေါ်နီလာထွန်း၊ကိုဝင်းလှိုင်တို့၏ညီမ၊ ကိုဝင်းအောင်၏အစ်မ၊ ဗဟန်းမြို့နယ်၊ရွှေဂုံရိပ်မွန်အိမ်ရာ၊တိုက် ၁၁၊ အခန်း ၂၇နေ မောင်သုတ၏မိခင်၊ ဗိုလ်မှူးကြီးကျော်ဇေယျ၏ ဇနီးသည် ၁-၃-၂၀၁၃ရက် ည ၇း၅၅နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၃-၂၀၁၃ရက် နံနက် ၉း၃၀နာရီတွင် မင်္ဂလာဒုံ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး ငြိမ်းအေးဇရပ်သို့ ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt@gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

တောင်သူလယ်သမားကိုယ်စားလှယ်များ လုပ်ငန်းခွင်၌ လိုအပ်ချက်များကို ကြည့်ရှုလေ့လာတွေ့ရှိချက်များကို လက်တွေ့လုပ်ငန်းနယ်ပယ်၌ အကျိုးရှိထိရောက်စွာ အသုံးချ

ဒုတိယသမ္မတ ဦးညဏ်ထွန်း မြန်မာ့ဆန်စက်နှင့် လယ်ယာထွက်ကုန် တန်ဖိုးမြှင့်စက်ကိရိယာပြပွဲ-၂၀၁၃ သို့ ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မြန်မာ့ဆန်စက်နှင့် လယ်ယာထွက်ကုန်တန်ဖိုးမြှင့် စက်ကိရိယာပြပွဲ-၂၀၁၃ ၌

ရန်ကုန်　မတ်　၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ယနေ့နံနက် ၇ နာရီ မိနစ် ၅၀ တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ လယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းလီမိတက်တို့ ပူးပေါင်းကျင်းပသည့် မြန်မာ့ဆန်စက်နှင့် လယ်ယာထွက်ကုန်တန်ဖိုးမြှင့်စက်ကိရိယာပြပွဲ-၂၀၁၃သို့ တက်ရောက်အားပေးချီးမြှင့်သည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို မြန်မာကွန်ဗင်းရှင်းစင်တာခန်းမမျက်နှာစာ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဦးဝင်းမြင့်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးချစ်ခိုင်၊ ဆန်စက်အသင်းဥက္ကဋ္ဌ ဦးတင်ဝင်း၊ ဆန်စပါးကုန်သည်အသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦး၊ ဆန်စပါးစိုက်ပျိုး ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်နှင့် တောင်သူလယ်သမားအသင်းဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းတို့က မြန်မာ့ဆန်စက်နှင့် လယ်ယာထွက်ကုန်တန်ဖိုးမြှင့် စက်ကိရိယာပြပွဲ -၂၀၁၃ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးညဏ်ထွန်းက ပြပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မြန်မာကွန်ဗင်းရှင်းစင်တာအတွင်း ပြသထားသည့် လယ်ယာသုံးပစ္စည်းများ၊ လယ်ယာသုံးစက်ကိရိယာများ၊ ဆန်စက်နှင့် အပိုပစ္စည်းများ၊ လယ်ယာထွက်ကုန်သုံး ဆက်စပ်ပစ္စည်းများ ပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် အခမ်းအနားကို မြန်မာကွန်ဗင်းရှင်းစင်တာခန်းမအတွင်း၌ ဆက်လက်ကျင်းပရာ ဒုတိယသမ္မတ ဦးညဏ်ထွန်းက မတ်လ ၂ ရက်တွင် ကျရောက်သည့် တောင်သူလယ်သမားနေ့အထိမ်းအမှတ်အဖြစ် ပြုလုပ်သည့် မြန်မာ့ဆန်စက်နှင့် လယ်ယာထွက်ကုန်တန်ဖိုးမြှင့် စက်ကိရိယာပြပွဲ-၂၀၁၃ ၌ အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၌ရှိသည့် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသော ပြည်သူများသည် တောင်သူလယ်သမားများ ဖြစ်ကြကြောင်း၊ ယနေ့နိုင်ငံတော်အနေဖြင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝမြင့်တက်ဖို့အတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာအောင် မူဝါဒများချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြန်မြန်ဆန်ဆန်ဖြစ်ထွန်းအောင်မြင်ပြီး လူများစွာ ဝင်ငွေတိုးတက်လာမည့်နယ်ပယ်ကလည်း ဤလယ်ယာကဏ္ဍပင်ဖြစ်ကြောင်း၊ ထို့ကြောင့် လယ်ယာကဏ္ဍကို *စာမျက်နှာ ၈ ကော်လံ ၁* ◆

ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ

အမျိုးသားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော်　မတ်　၂

ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ၏ ကွာတားဖိုင်နယ်ပွဲစဉ်များကို ပေါင်းလောင်းကွင်းနှင့် ဝဏ္ဏသိဒ္ဓိကွင်းတို့၌ မတ် ၂ ရက် ညနေ ၃ နာရီက ဆက်လက်ကျင်းပရာ ပေါင်းလောင်းကွင်း၌ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်း၊ ဝဏ္ဏသိဒ္ဓိကွင်း၌ နေပြည်တော်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

ပေါင်းလောင်းကွင်း၌ ကစားသော မန္တလေးတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ပွဲစဉ်တွင် မန္တလေးတိုင်းဒေသကြီးအသင်း ခြေစွမ်းပြ အနိုင်ရသွားသည်။ ရတနာပုံ လူငယ်အသင်း တစ်သင်းလုံးကို ဖွဲ့စည်းထားသော မန္တလေးတိုင်းဒေသကြီးအသင်းသည် ပွဲစလျှင်စချင်း မွန်ပြည်နယ်အသင်းဘက်သို့ ထိုးဖောက်ကစားသည်။ ကွင်းလယ် ဘယ်ညာနေရာပေါင်းစုံမှ မန္တလေးတိုင်းဒေသကြီးအသင်း တိုက်စစ်ဆင်နေသည့်အတွက် မွန်ပြည်နယ်အသင်းမှာ ခံစစ်ဖြင့်သာ ကစားနေရသည်။ ပထမပိုင်း ၈ မိနစ်တွင် ညာတောင်ပံမှ ဖြတ်တင်သည်ကို မန္တလေးကွင်းလယ်လူ ဇင်မင်းက ခေါင်းတိုက်သွင်းသော်လည်း ဂိုးဘေးမှ ကပ်ထွက်သွားသည်။ ၁၅ မိနစ်တွင် အသင်းခေါင်းဆောင် ဇေယျာမင်း ဖြတ်တင်သည်ကို သက်ရှိုင်းနောင် ခေါင်းတိုက်သွင်းသော်လည်း ဂိုးဘားထိ၍ ထွက်သွားပြန်သည်။ ၁၈ မိနစ်တွင် ဧရိယာအပြင်ဘက်မှ အပြင်းကန်သွင်းသော်လည်း ဂိုးတိုင်ဘေးမှ ကပ်ထွက်သွားခဲ့သဖြင့် မန္တလေးတိုင်းဒေသကြီးအသင်း ဂိုးကံခေနေခဲ့သည်။

ပွဲချိန် ၂၄ မိနစ်တွင်မူ မန္တလေးတိုင်းဒေသကြီး ဂိုးဖျေးဦးပေါက်သွားခဲ့သည်။ သက်ရှိုင်းနောင်ချပေးသည့် ဘောလုံးကို ဇေယျာမင်းက ဂိုးသမားနှင့်တစ်ဦးချင်းတွေ့ပြီး သွင်းယူခဲ့ခြင်းဖြစ်သည်။ ဦးဆောင်ဂိုးရပြီးနောက် မန္တလေးတိုင်းဒေသကြီးအသင်းမှာ မွန်ပြည်နယ်ဘက်သို့ တရစပ်ဖိကစားထားပြီး မိနစ် ၃၀ တွင် ညာတောင်ပံကစားသမား ကျော်သူရကန်သွင်းရာ မွန်နောက်ခံလူနှင့်ထိပြီး လျှံထွက်လာသည့် ဘောလုံးကို ဇင်မင်းထွန်း ပိတ်သွင်း၍ ဒုတိယဂိုးရရှိသွားသည်။ မွန်ပြည်နယ်အသင်းမှာ ချေပဂိုးများရရှိရေး ကြိုးစားသော်လည်း မန္တလေးတိုင်းဒေသကြီးအသင်း နောက်တန်းကို ကျော်ဖြတ်နိုင်ခြင်း မရှိပေ။ မန္တလေးတိုင်းဒေသကြီးမှာ ဒုတိယဂိုးရရှိပြီးဖြစ်သော်လည်း တိုက်စစ်အားကို မချဘဲကစားအားကို မြှင့်မြဲမြှင့်ကစားနေရာ ၄၁ မိနစ်တွင် ညာတောင်ပံမှ မင်းမင်းထွန်း ဖြတ်ကန်သည့်ဘောလုံး ဂိုးထဲတန်းဝင်သွားသဖြင့် မန္တလေးတိုင်းဒေသကြီး တတိယဂိုး ရရှိသွားသည်။ ၄၄ မိနစ်တွင် ထောင့်ကန်ဘောကို ဇင်မင်းထွန်းက ခေါင်းတိုက်သွင်းယူသဖြင့် စတုတ္ထဂိုးရရှိပြီး ပထမပိုင်းတွင် မန္တလေး တိုင်းဒေသကြီးက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။

မန္တလေးတိုင်းဒေသကြီး အသင်းသည် ဂိုးပြတ်အနိုင်ရရှိနေသော်လည်း *စာမျက်နှာ ၁၂ ကော်လံ ၁* ❍

သတင်း-ဖေမြင့်ဦး
ဓာတ်ပုံ-စိုးညွန့်

ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲတွင် နေပြည်တော်အသင်း တိုက်စစ်ကို ပဲခူးအသင်း ကစားသမား ဖျက်ထုတ်စဉ်။

အမျိုးသားဘော်လီဘောပြိုင်ပွဲ ပထမအဆင့်အုပ်စုပွဲများ ကျင်းပပြီးစီး

နေပြည်တော်　မတ်　၂

ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲကြီး၏ အမျိုးသားဘော်လီဘောပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်များကို အားကစားလေ့ကျင့်ရေးစခန်း (၁)ရှိ ဘော်လီဘော အားကစားပြိုင်ပွဲရုံ၌ မတ် ၂ ရက်က ကျင်းပသည်။

ပွဲစဉ်များကို နံနက် ၇ နာရီ မိနစ် ၃၀ တွင် စတင်ကျင်းပရာ အုပ်စု(က)မှ ရှမ်းပြည်နယ်က ကချင်ပြည်နယ်ကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အုပ်စု (ခ) ပွဲစဉ်များတွင် ကရင်ပြည်နယ်က မကွေးတိုင်းဒေသကြီးကို သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ အုပ်စု(ဂ)ပွဲစဉ်များတွင် ကယားပြည်နယ်က မန္တလေးတိုင်းဒေသကြီးကို သုံးပွဲ-နှစ်ပွဲဖြင့် အနိုင်ရပြီး နောက်တစ်ဆင့်သို့ တက်ရောက်ခဲ့ကြသည်။ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများတွင် (ကက)အုပ်စု၌ ရန်ကုန်၊ ကယား၊ ရခိုင်တို့ပါဝင်ပြီး (ခခ)အုပ်စုတွင် မန္တလေး၊ ရှမ်း၊ ကရင်တို့ပါဝင်ကာ မတ် ၃ ရက်တွင် ဆက်လက်ကစားကြမည်ဖြစ်သည်။ ပထမပွဲစဉ်အဖြစ် ရန်ကုန်နှင့် ကယား၊ ဒုတိယပွဲစဉ်အဖြစ် မန္တလေးနှင့် ရှမ်းတို့ကစားကြမည်ဖြစ်သည်။ *စာမျက်နှာ ၁၂ ကော်လံ ၂* ❖

ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲတွင် ရန်ကုန်အသင်း၏ ရိုက်ချက်ကို ရခိုင်အသင်း ကစားသမားများကာကွယ်စဉ်။

ယနေ့ မာတိကာ

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေများ ထုတ်ချေးပေး　စာ-၂

မမေ့မလပ် သတိချပ်သင့်သော မြင့်မြတ်သည့် မြန်မာတို့၏ အစဉ်အလာ　စာ-၅

လေးနိုင်ငံကားမောင်းပြိုင်ပွဲ ယာဉ်တန်း ပြင်ဦးလွင်မြို့ကို ဖြတ်သန်း　စာ-၁၀

AFC Challenge Cup မြန်မာအသင်း ပွဲဦးထွက် ဂိုးပြတ်နိုင်　စာ-၁၂

နိုင်ငံခြားငွေလဲလှယ်သည့် လုပ်ငန်း ဘဏ်များအပြင် ကုမ္ပဏီများကိုပါ ခွင့်ပြု　စာ-၁၃

ကြော်ငြာအချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာစာမျက်နှာ အချပ်ပို (က)မှ (ဃ)အထိ ပါရှိပါသည်။